# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ တန်ခူးလဆန်း (၁၄) ရက် ၊ တနင်္လာနေ့ ၊ (22-4-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၅၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်း စေတီဘုရား ၁၀ ဆူတွင် ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန် (Pagoda Digital Directory) များ တပ်ဆင်ပေးသွားမည်

စာမျက်နှာ - ၁၀

## ၂၀၂၄ ခုနှစ် မတ်လတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းသစ် ၂၃၁ ခုကို မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့

စာမျက်နှာ - ၃

### ထူးခြားသည့် နေ့အပူချိန်များ

(၂၁-၄-၂၀၂၄)

| | | |
|---|---|---|
| ချောက် | ၄၇ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်း | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၃ | ဒီဂရီဆဲလ်စီးယပ် |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၁၂)ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

**နေပြည်တော် ဧပြီ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ်ကြီး မိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံလုံခြုံရေးကောင်စီ အတွင်းရေးမှူး H.E. Mr. Nikolay Patrushev ၏ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ဧပြီ ၂၃ ရက်မှ ၂၆ ရက်ထိ ကျင်းပမည့် (၁၂)ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့




ရတနာပုံ
၂၀၂၄ ခုနှစ် ဧပြီ ၂၂ ရက်
အယ်ဒီတာ့အာဘော်

# ကမ္ဘာမြေစိမ်းလန်းစိုပြည်စေဖို့ သစ်တောများကိုထိန်းသိမ်းစို့

ဧပြီ ၂၂ ရက်(ယနေ့)သည် ကမ္ဘာမြေနေ့ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုနှင့်ပတ်ဝန်းကျင်ကို ထိခိုက်စေပြီး ကမ္ဘာမြေ၏ရှင်သန်မှုကို ခြိမ်းခြောက်နေသောအခြားသောအခြေအနေများကို အသိပညာပေးရန်ရည်ရွယ်၍ ကမ္ဘာမြေနေ့ကို ၁၉၇၀ ပြည့်နှစ် ဧပြီ ၂၂ ရက်တွင် အမေရိကန်နိုင်ငံ၌ စတင်ကျင်းပခဲ့သည်။

၂၀၂၄ ခုနှစ် ဧပြီ ၂၂ ရက်တွင်ကျရောက်သော ကမ္ဘာမြေနေ့သည် ၅၄ နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပြီး ယခုနှစ်၏ဆောင်ပုဒ်မှာ **"Planet vs Plastics"** ဖြစ်ပါသည်။ ဤဆောင်ပုဒ်၏ရည်ရွယ်ချက်မှာ လူသားများအနေဖြင့် ပလတ်စတစ်၏ကျန်းမာရေးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်၊ တစ်ခါသုံးပလတ်စတစ်များကို လျင်မြန်စွာဖယ်ရှားရန်၊ ပလတ်စတစ်သုံးစွဲမှု အလျင်အမြန်လျော့နည်းစေရန်ဖြစ်သည်။ ၂၀၄၀ ပြည့်နှစ်တွင် ပလတ်စတစ်အမှုန်အမွှား ၈၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန်လည်း ရည်မှန်းထားခြင်းဖြစ်ပါသည်။

ထို့ပြင် လူသားများရှင်သန်ရပ်တည်နိုင်ရေးအတွက် ပတ်ဝန်းကျင်ရေရှည်တည်တံ့ကောင်းမွန်ရန် လိုအပ်သည်။ ကမ္ဘာတစ်ဝန်းတွင် လက်ရှိကြုံတွေ့နေရသောဖြစ်စဉ်များကို လေ့လာကြည့်ပါက သစ်တောများ စည်းကမ်းမဲ့ခုတ်ထွင်ရှင်းလင်းခြင်း၊ တောရိုင်းတိရစ္ဆာန်များနေထိုင်ရာဒေသများ ချဲ့ထွင်ပြီး မြို့ပြနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ စိုက်ပျိုးမြေများအလွန်အကျွံချဲ့ထွင်ခြင်း၊ ရေနေသတ္တဝါများ အလွန်အကျွံဖမ်းဆီးခြင်း၊ တောမီးလောင်ကျွမ်းခြင်းနှင့်ကာဗွန်ထုတ်လွှတ်မှုများပြားသော စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ရုပ်ကြွင်းလောင်စာအခြေခံသည့် စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ခြင်း စသည်တို့ကြောင့် သဘာဝပတ်ဝန်းကျင်တစ်နေ့ထက်တစ်နေ့ ပျက်စီးလာသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

နောက်ဆက်တွဲဆိုးကျိုးများအနေဖြင့် ကမ္ဘာ့နေရာအနှံ့အပြားတွင် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးပျောက်ကွယ်မှုများနှင့် ရေ၊ လေ၊ မြေထုညစ်ညမ်းမှုများဖြစ်ပေါ်လာသည်။ ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှု၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများနှင့် နောက်ဆက်တွဲဆိုးကျိုးများသည် ကမ္ဘာမြေ၏အနှံ့အပြားတွင် သက်ရောက်လျက်ရှိပြီး ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး၊ ကမ္ဘာ့နိုင်ငံများအားလုံးက ဝိုင်းဝန်းပူးပေါင်းဖြေရှင်းကြရမည်ဖြစ်ပေသည်။

ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်(၁၅)ဖြစ်သော သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့်စပ်လျဉ်းပြီး ကုန်းမြေဂေဟစနစ်များကို ကာကွယ်ရန်၊ ပြန်လည်မွမ်းမံထိန်းသိမ်းရန်နှင့် ရေရှည်တည်တံ့စေမည့်နည်းလမ်းများဖြင့် အသုံးပြုရန်၊ သစ်တောများကို ရေရှည်တည်တံ့စေမည့်နည်းလမ်းများဖြင့် စီမံအုပ်ချုပ်ရန်၊ မြေဆီလွှာပြုန်းတီးမှုရပ်ဆိုင်း၍ မြေအရည်အသွေးပြန်လည်ကောင်းမွန်စေရန် စသည့်ရည်မှန်းချက်များကိုလည်း ပြည့်မီအောင်မြင်ရေး နိုင်ငံတိုင်းကဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ကမ္ဘာ့နေရာအနှံ့အပြားတွင် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးပျောက်ကွယ်မှု လျော့နည်းစေရေးနှင့် ကမ္ဘာမြေထာဝစဉ်စိမ်းလန်းစိုပြည်စေရေးအတွက် လူသားတိုင်းအနေဖြင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဧပြီ ၂၁**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရှောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၄၂၉၃၉ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ နေ့ထူးနေ့မြတ်ရက်တွေ၊ အခါကြီးရက်ကြီးတွေဆို ဝင်ရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားရိပ်၊ တရားရိပ်က အေးချမ်းတဲ့အတွက် နယ်ကကော၊ မြို့ပေါ်ကပါ လာရောက်ပြီးတော့ ဘုရားဝတ်ပြုသူတွေ၊ တရားထိုင်သူတွေလဲရှိကြပါတယ်။ ဘုရားဖူးတွေက ပြတိုက်တွေ၊ ကြေးရုပ်ကြီးတွေဆီကိုလဲ သွားရောက်လေ့လာကြပါတယ်။ ဆိုင်ခန်းတွေလဲ နေ့စဉ်ဖွင့်လှစ်ရောင်းချနေတာကို တွေ့ရပြီး ဝယ်ယူသူတွေနဲ့စည်ကားနေပါတယ်။ နေပူ၊ မိုးရွာတဲ့အခါ ဘုရားဖူးတွေ အေးအေးဆေးဆေး အနားယူလို့ရအောင်လဲ နားနေဆောင် အဆောက်အအုံတွေ ဆောက်လုပ်ပေးထားပါတယ်"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၄၂၆၇၆၈ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေရှောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ဦးရေ ၁၆၁၀ လာရောက်ဖူးမြော်ကြောင်း ဝေရှောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၉၈၁ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း ပြည်ပပို့ကုန်ပဲများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဧပြီ ၂၁**

မန္တလေး ဈေးကွက်အတွင်း ပြည်ပပို့ကုန် ပဲအမျိုးအစားများ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

သင်္ကြန်ပြီးကာလ မန္တလေး ပဲဈေးကွက် စတင်ဖွင့်လှစ်ချိန်တွင် ရောင်းသူ၊ ဝယ်သူများဖြင့် စည်ကားလျက်ရှိပြီး ပြည်ပပို့ကုန် ပဲအမျိုးအစားများဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ စသည့်သီးနှံများ အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"သင်္ကြန်ပြီးကာလ မန္တလေး ဈေးကွက်စတင်ဖွင့်လှစ်ချိန်မှာပဲ ရောင်းသူဝယ်သူတွေနဲ့ စည်ကားပြီး အရောင်းအဝယ်ဖြစ်နေပါတယ်။ မန္တလေးပဲဈေးကွက်မှာ ပြည်ပပို့ကုန်ပဲတွေ အရောင်းအဝယ်ကောင်းနေကြပါတယ်။ အိန္ဒိယနိုင်ငံကလဲ မတ်ပဲကိုလိုအပ်ချက်ရှိတာကြောင့် ဝယ်လိုအားတွေရှိနေပါတယ်။ ဈေးနှုန်းတွေကောင်းမွန်နေတာကြောင့် တောင်သူတွေလဲ အကျိုးအမြတ်တွေရရှိစေပါတယ်။ အခုချိန်နယ်စုံဒေသကဝင်ရောက်လာပြီး ရောင်းသူဝယ်သူတွေနဲ့ နေ့စဉ်အရောင်းအဝယ်တွေဖြစ်နေကြပါတယ်"ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

လက်ရှိအချိန်တွင် မန္တလေးပဲဈေးကွက်အတွင်း မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၆၅၀၀၀၊ ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၃၀၀၀ ဈေးရှိကြောင်း သိရသည်။

အဆိုပါပဲများကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှစိုက်ပျိုးထွက်ရှိကြောင်း သိရသည်။ (၁၈၅)

# ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ဆည်သည်ကျေးရွာ၌ ဧပြီလ ဒုတိယပတ်မှစ၍ ခရီးသွားဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိ

**မန္တလေး ဧပြီ ၂၁**

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ဆည်သည်ကျေးရွာ၌ ဧပြီလ ဒုတိယပတ်မှစ၍ ပြည်တွင်း၊ ပြည်ပခရီးသွား ဝင်ရောက်လည်ပတ်မှုများပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် ကျေးရွာများထဲမှ ခရီးသွားများ ဝင်ရောက်လည်ပတ်မှုများပြားလျက်ရှိသည့် ကျေးရွာမှာ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းရှိ ဆည်သည်ကျေးရွာဖြစ်ကြောင်း၊ ဆည်သည်ကျေးရွာတွင်ရှိသည့် မြေထည်၊ စဉ့်ထည်လုပ်ငန်းများနှင့် ဘုရားစေတီပုထိုးများကို ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစား ဝင်ရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

"ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားတဲ့ကျေးရွာတွေကတော့ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းမှာက ဆင်ကျွန်းကျေးရွာ၊ အေးကျွန်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ စဉ့်ကူးမြို့နယ်အတွင်းမှာက မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းမှာ ဖော်ဆောင်တာကတော့ ရွာသစ်ကျေးရွာ၊ တကောင်းကျေးရွာ၊ ရှိမ်းမကားကျေးရွာတို့ဖြစ်ပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

ဆည်သည်ကျေးရွာသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဦးရေမှာ ဧပြီလ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၁၅၀ ကျော်သာရှိခဲ့သော်လည်း ဧပြီလဒုတိယပတ်မှစ၍ တစ်ရက်လျှင် ပြည်တွင်း၊ ပြည်ပခရီးသွား ဦးရေ ၂၅၀ ကျော်ထိ ဝင်ရောက်လည်ပတ်လျက်ရှိကြောင်းသိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖေတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဧပြီ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြာပင်ကျေးရွာအုပ်စု ထန်းတပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့နိုင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ထန်းတပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထန်းတပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ စတင်ကာ ဆောင်ရွက်ခဲ့ရာ ယခုအခါ အသင်းသား၊ အသင်းသူ ၁၂၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၅၈ သိန်း ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့နိုင်ထံမှ သိရသည်။

**ချိုသန်းညွန့်**



**မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဒေါ်စောစောဝင်းက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။**

# ၂၀၂၄ ခုနှစ် မတ်လတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းသစ် ၂၃၁ ခုကို မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့



**နေပြည်တော် ဧပြီ ၂၁**

၂၀၂၄ ခုနှစ် မတ်လတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းသစ် ၂၃၁ ခုကို မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ကြောင်း စက်မှုဝန်ကြီးဌာန သတင်းများအရ သိရသည်။

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသည် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာ၊ ဈေးကွက်နှင့်ငွေကြေးအထောက်အပံ့ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသကဲ့သို့ ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို တည်ဆဲဥပဒေများနှင့်အညီ မှတ်ပုံတင်ခြင်း၊ ကြီးကြပ်စစ်ဆေးခြင်း၊ ဘွိုင်လာနှင့်လျှပ်စစ်သုံးလုပ်ငန်းများ ဘေးကင်းစွာ ဆောင်ရွက်နိုင်ရေးနှင့်စက်မှုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဆောင်ရွက်ပေးနေသည့် ဝန်ဆောင်မှုလုပ်ငန်းများအနက် ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ရာတွင် ၂၀၂၄ ခုနှစ် မတ်လအတွင်း၌ ပုဂ္ဂလိကစက်မှုလုပ်ငန်းသစ် ၂၃၁ ခုကို မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မတ်လအတွင်း စက်မှုလုပ်ငန်းသစ်များကို မှတ်ပုံတင်ဆောင်ရွက်ပေးရာ၌ ရန်ကုန်တိုင်းဒေသကြီးတွင် စက်မှုလုပ်ငန်းသစ် ၇၃ ခုဖြင့် အများဆုံး၊ မန္တလေးတိုင်းဒေသကြီးတွင် စက်မှုလုပ်ငန်းသစ် ၄၂ ခုဖြင့် ဒုတိယအများဆုံး၊ ရှမ်းပြည်နယ်တွင် စက်မှုလုပ်ငန်းသစ် ၂၃ ခုဖြင့် တတိယအများဆုံး ဆောင်ရွက်ပေးခဲ့ရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ကချင်ပြည်နယ်၌ ပုဂ္ဂလိကစက်မှုလုပ်ငန်းသစ် ခုနစ်ခု၊ ကရင်ပြည်နယ်၌ ပုဂ္ဂလိကစက်မှု လုပ်ငန်းသစ် ခြောက်ခု၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ပုဂ္ဂလိကစက်မှုလုပ်ငန်းသစ် ၁၄ ခု၊ ပဲခူးတိုင်းဒေသကြီး၌ ပုဂ္ဂလိကစက်မှုလုပ်ငန်းသစ် ၂၂ ခု၊ မကွေးတိုင်းဒေသကြီး၌ ပုဂ္ဂလိကစက်မှုလုပ်ငန်းသစ် ၁၂ ခု၊ မန္တလေးတိုင်းဒေသကြီး၌ ပုဂ္ဂလိကစက်မှုလုပ်ငန်းသစ် ၄၂ ခု၊ မွန်ပြည်နယ်၌ ပုဂ္ဂလိက စက်မှုလုပ်ငန်းသစ် ခုနစ်ခု၊ ရန်ကုန်တိုင်းဒေသကြီး၌ ပုဂ္ဂလိကစက်မှုလုပ်ငန်းသစ် ၇၃ ခု၊ ရှမ်းပြည်နယ်၌ ပုဂ္ဂလိကစက်မှုလုပ်ငန်းသစ် ၂၃ ခု၊ ဧရာဝတီတိုင်းဒေသကြီး၌ ပုဂ္ဂလိကစက်မှုလုပ်ငန်းသစ် အခု ၂၀ နှင့် နေပြည်တော် ကောင်စီနယ်မြေ၌ ပုဂ္ဂလိကစက်မှုလုပ်ငန်းသစ် ငါးခုကို မှတ်ပုံတင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

SKL

# ညောင်ရွှေမြို့နယ် မင်္ဂလာမလွယ်ခေါ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဧပြီ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ နောင်တောကျေးရွာအုပ်စု မင်္ဂလာမလွယ်ခေါ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မင်္ဂလာမလွယ်ခေါ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်္ဂလာမလွယ်ခေါ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈၈ ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၅ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# ကျုံပျော်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပူးစားပြောင်း ၈၇၆၈ ဧက ရိတ်သိမ်းပြီးစီး

**ကျုံပျော် ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်း ၈၇၆၈ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဖူးစားပြောင်း ၈၇၆၈ ဧကစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော ဖူးစားပြောင်းစိုက်ခင်းများကို ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် အဖူးရေ ၁၅၅၀၀ ထွက်ရှိခဲ့ကြောင်း၊ အဆိုပါ ဖူးစားပြောင်းများ အခက်အခဲမရှိ ရိတ်သိမ်းနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ စနစ်တကျပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျုံပျော်ခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ဖူးစားပြောင်းများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့ နည်းပညာနဲ့တခြားပံ့ပိုးမှုတွေကို ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ ခရိုင်တစ်ခုလုံးအနေနဲ့ ဖူးစားပြောင်း ၈၇၆၈ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်းဧက ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့၊ အထွက်ကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ တခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန်၊ ရွက်လိပ်ပိုး၊ ငမြှောင်တောင် စသည့်ပိုးမွှားအန္တရာယ်များ မကျရောက်စေရန်၊ အထွက်နှုန်းကောင်းမွန်စေရန်၊အရည်အသွေးကောင်းမွန်စေရန် သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေး လုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# နှစ်သစ်အတွေး

ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

သင်္ကြန်အလွန် တန်ခူးလနှစ်ဆန်းတစ်ရက်နေ့မှာ အဖေနှင့်အမေက မိမိကို ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးများကို အိမ်တိုင်ရာရောက်သွားပြီး ပူဇော်ကန်တော့စေပါသည်။ အဖေ့အစ်မ၊ နှမများ၊ အမေ့အစ်မများနှင့် မောင်တို့ကိုဖြစ်သည်။ သီတင်းကျွတ်မှာလည်း ဤသို့ပင်သွားပြီး ကန်တော့ပါသည်။ ငှက်ပျောဖီး၊ မုန့်ဆီကြော်၊ ပုဆိုး၊ ထဘီ စသည်တို့ဖြစ်ပါသည်။ သက်ကြီးဝါကြီးသူကို ရှိသေသမှု။

တူ၊ တူမများကလည်း အဖေ့ဘက်ကဆွေမျိုးများကော၊ အမေ့ဘက်ကဆွေမျိုးများကော၊ အဖေနှင့်အမေ့ကိုလာရောက်ကန်တော့ကြပါသည်။ ကန်တော့ခံရသူက "ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ ကိုယ်ရောစိတ်ပါကျန်းမာပါစေ၊ ချမ်းသာပါစေ" စသည်ဖြင့် ရွတ်ဆိုပြီးဆုပေးလေ့ရှိသည်။ သူတို့က မုန့်လောက်၊ သစ်သီးလောက် ကန်တော့လေ့ရှိကြသော်လည်း အဖေနှင့်အမေကတော့ သူတို့ကို(ကြိုတင်ပြင်ဆင်ဝယ်ယူထားသော) ပုဆိုး၊ အင်္ကျီ စသည်တို့ကို တစ်ဒါဇင်၊ ဆယ်ထည် စသဖြင့်ဆုပေးရင်းနှင့်လာသမျှ ဆုချလေ့ရှိ၏။ ဆင်းရဲသားအများစုဖြစ်သောကျေးလက်တောရွာတွင် အလယ်တန်းပြကျောင်းဆရာတစ်ယောက်သည် မချမ်းသာသော်လည်း ပေးဝေလှူဒါန်းနိုင်ခဲ့သည်။ မဆင်းရဲခဲ့ပေ။

အရွယ်ရောက်၍ အစိုးရအမှုထမ်းဘဝဖြတ်သန်းရသောအခါတွင်လည်း ဆင်းရဲသောတပည့်တပန်းများက သူ့အလျောက် မိမိကိုလာကန်တော့ကြသကဲ့သို့ မိမိအထက်လူကြီးသူမကို တစ်နှစ်တစ်ခါထိုက်သင့်သည့်အားလျော်စွာ အဝတ်ပိတ်စ၊ လုံချည်၊ အင်္ကျီ၊ ပန်းသီး၊ စပျစ်သီး၊ လိမ္မော်သီး၊ ကိတ်မုန့်၊ မုန့်ပုံး စသည်တို့ဖြင့် ကြုံရာသင့်ရာကန်တော့ပူဇော်မြဲအလေ့အထရှိခဲ့သည်။ ငွေကြေးတော့ပေးခြင်း၊ ယူခြင်းပြုလေ့မရှိပါ။ မိမိသားသမီးလေးတွေငယ်စဉ်ကတော့ အတူခေါ်သွားပြီး အတူကန်တော့ကြသည့်အခါ မုန့်ဖိုးတစ်ကျပ်၊ နှစ်ကျပ်၊ ကလေးနှစ်ယောက်ကို လိမ္မာကြလိုက်တာဆိုပြီး ဆုချတာမျိုးတော့ရခဲ့ပေသည်။ ကြက်ဥ၊ ဘဲဥတစ်လုံး ပြား ၂၀ လောက်သာပေးရသော ထိုအချိန်က တစ်ကျပ်သည် ထမင်း နှစ်နပ်စာဟင်းလျာအတွက် လုံလောက်လေသည်။

မိမိငယ်စဉ်ကလည်း ထမင်းတစ်နပ်လျှင် အသားဟင်းတစ်ဖတ်၊ နှစ်ဖတ် သို့မဟုတ် ကြက်ဥ၊ ဘဲဥတစ်ခြမ်းလောက်နှင့်ပြီးတတ်စမြဲသာပင်။ မိမိအတွက် ချွေချွေတာတာစားသောက်နေထိုင်ပြီး သူတစ်ပါးကို ပူဇော်ခြင်း၊ ကန်တော့ခြင်း၊ မိမိတို့ထက် ပိုမိုဆင်းရဲကျပ်တည်းသော ဆွေမျိုးသားချင်းများကို ပေးဝေထောက်ပံ့ခြင်းအတွက်မူ နှမြောတွန့်တိုလေ့မရှိခဲ့ပါပေ။

**ယနေ့အခါ**

ယနေ့အချိန်အခါမှာတော့ မိမိထံလာရောက်ကန်တော့ကြသူ တပည့်တပန်း ဆွေမျိုးဉာတကာ မိမိထက်အသက်ငယ်ရွယ်သူများကို ငွေကြေး ငါးကျပ်၊ တစ်ဆယ်ပေး၍ မဖြစ်တော့ချေ။ တစ်ရာ၊ နှစ်ရာလည်း မဖြစ်စလောက်ဟုဆိုပေမည်။ တစ်ထောင်၊ နှစ်ထောင်လည်း ခေါက်ဆွဲကြော်တစ်ပွဲတောင်မရပေ။ မုန့်ဖိုးက ငါးထောင်၊ တစ်သောင်း၊ တကူးတကန့် ဝေးဝေးလံလံ လာရရှာသူဆိုလျှင် ကားခ၊ ဆီဖိုးအတွက်စဉ်းစားလျက် သုံး၊ လေး၊ ငါးသောင်း မုန့်ဖိုးပေးမှသင့်ပေမည်။

ဘဝတစ်သက်တာလုံး ငွေကြေးရပေါက်ရလမ်းကိုလည်း စဉ်းစားတတ်သောအကျင့်မရှိခဲ့။ နိုင်ငံ့ဝန်ထမ်းဘဝဖြင့်သာ ကျရာတာဝန်ကို ရရှိသောလစာတန်ဖိုးထက် ပိုမိုထိုက်တန်အောင်ကြိုးပမ်းထမ်းရွက်မည်ဟု စိတ်ထဲမှာ စွဲမြဲခဲ့သည်။ ဝတ်ကျေဝတ်ကုန်၊ တော်ရုံတန်ရုံအမှုထမ်းခြင်းမျိုးထက် မိမိကိုယ်တိုင်ထက်ထက်သန်သန်အလုပ်ကိုကြိုးစားသကဲ့သို့ လက်အောက်ငယ်သားများကိုလည်း မိမိတာဝန်ကျရာအလုပ်ကို မြတ်မြတ်နိုးနိုး ကြိုးကြိုးစားစားလုပ်ဆောင်ကြရန် အားပေးသည်။

**စွမ်းရည်**

ဆွဲမှုရမည့်လူစားကို ဆွဲဆောင်တာဝန်ပေးသည်။ တွန်းပေးမှရမည့်သူကို နောက်မှဖိတွန်းရသည်။ အလုပ်ဆိုသည်မှာ ပြောင်းလဲတိုးတက်မှုရှိမှသာ ထိရောက်သောအလုပ်၊ အကျိုးရှိသော အလုပ်ဟုခေါ်နိုင်သည်မဟုတ်လား။ အလုပ်မဖြစ်သော ဟိုလူညီသည်လူညီနှင့် အချိန်ကုန်နေပါက အလုပ်မတွင်ကျယ် ရုံသာမက မိမိတို့အသင်းအပင်းအဖွဲ့အစည်းပါ အချောင်ခိုသော အလေ့အကျင့်ကြောင့် စွမ်းရည်ကျဆင်းတတ်သည်။ လုပ်ရည်ကိုင်ရည်ညံ့ဖျင်းနုံချာသောအခါ သူများနိုင်ငံနှင့်ယှဉ်ရလျှင်၊ သူများလူမျိုးနှင့်ယှဉ်ပြိုင်ရလျှင် ဘောလုံးပွဲရှုံးခြင်း၊ လက်ဝှေ့ပွဲရှုံးခြင်းထက် စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးအရည်အသွေး

❖ ဘာအချက်အလက်၊ ဘာအကြောင်းအရာ၊ ဘယ်ဘာသာရပ်ကိုပဲ ပြောနေကြစေ၊ အရင်းအမြစ်ကတော့ ဘဝတစ်လျှောက်လုံး၏ မပြတ်လုပ်ဆောင်နေရမည့် အလုပ်တာဝန်သည် မိမိကိုယ်ကိုကောင်းသည်ထက်ပိုကောင်းအောင် ပြုပြင်ပြောင်းလဲနေရန်ပဲ မဟုတ်ပါလား။ ပြုပြင်ပြောင်းလဲခြင်းထက် တော်လှန်ရေးကို ပိုကြိုက်ပါသည်ဆိုသူမျိုးလည်း ရှိတတ်သည်။ အချိန်အခါ ရာသီအလိုက်သာလျှင် အသီးအပင်များပမာ ထိုက်သင့်အားလျော်စွာသော အချိန်ပေးမှုအရ သီးကြ၊ ပွင့်ကြ၊ ကြွေကြ၊ အစိုအညော့ပြန်ပေါက်ကြသည် မဟုတ်လား။ ❖

ပြိုင်ဆိုင်ကြရာတွင် ရှုံးနိမ့်ရခြင်းက ပို၍အရှက်ရစရာ၊ ဝမ်းနည်းစရာဖြစ်ရတတ်၏။

မိမိနှင့်ဘဝတစ်ကွေ့မှာ ခဏသာတွေ့ရသူပင်ဖြစ်စေ၊ အခြေအနေအကြောင်းကြောင့် ဆယ်နှစ်၊ အနှစ် ၂၀၊ ၃၀ နီးစပ်ထိတွေ့ရသော လုပ်ငန်းခွင်တွင် မကြာခဏတွေ့ဆုံနေကြရသော လုပ်ဖော်ကိုင်ဖက်ချင်းပင်ဖြစ်စေ ထွေထွေရာရာ၊ သောင်းပြောင်းထွေလာပြောဆိုဆွေးနွေးကြရာတွင် သူတို့ကမေးလာလျှင် မိမိက လူကြီးသူမအနေနှင့် ပြောသင့်သည်ဟု ယူဆသော စကားတချို့ကို ပြောဖြစ်လေသည်။

သံဃာတော်များ တရားဟောသလိုတော့ ဘုရားရှင်၏ ဒေသနာ၊ သာသနာ၊ အဆုံးအမကိုအခြေခံ၍ ဟောကြားခြင်းမျိုးတော့မဟုတ်။ တရားပွဲလို တစ်နာရီလောက်ကြာအောင်လည်း ဟောရန်မသင့်။ အချိန်ရှားပါး၍ အရာရာသွက်သွက်လက်လက်ပြေးပြေးလွှားလွှားလှုပ်ရှားနေကြရသော ခေတ်ဖြစ်သဖြင့် ဆယ့်ငါးမိနစ်ခန့်နှင့် လိပ်ပတ်လည်အောင် ခြုံငုံမိသော အချက်မျိုးကို လူပုဂ္ဂိုလ်ဉာဏ်ရည်နှင့် ခံယူလိုမှုအကဲခတ်၍ ဆွေးနွေးရလေသည်။

**ဆွေးနွေး**

တကယ်တော့ ဘာအချက်အလက်၊ ဘာအကြောင်းအရာ၊ ဘယ်ဘာသာရပ်ကိုပဲ ပြောနေကြစေ၊ အရင်းအမြစ်ကတော့ ဘဝတစ်လျှောက်လုံး၏ မပြတ်လုပ်ဆောင်နေရမည့် အလုပ်တာဝန်သည် မိမိကိုယ်ကို ကောင်းသည်ထက်ပိုကောင်းအောင် ပြုပြင်ပြောင်းလဲနေရန်ပဲ မဟုတ်ပါလား။

ပြုပြင်ပြောင်းလဲခြင်းထက် တော်လှန်ရေးကို ပိုကြိုက်ပါသည်ဆိုသူမျိုးလည်း ရှိတတ်သည်။ အချိန်အခါရာသီအလိုက်သာလျှင် အသီးအပင်များပမာ ထိုက်သင့်အားလျော်စွာသော အချိန်ပေးမှုအရ သီးကြ၊ ပွင့်ကြ၊ ကြွေကြ၊ အစိုအညော့ပြန်ပေါက်ကြသည် မဟုတ်လား။

**အချိန်ကာလ**

အချိန်အခါကို မကြည့်ဘဲ၊ မသိဘဲ မပြုသင့်။ အချိန်အခါနှင့်မဆီလျော်သော အတင်းဇွတ်ကြိုးစားမှုသည် မချောမောနိုင်ပေ။

အသီးတစ်ခုသည် နုသေးလျှင် ချဉ်နေမည်။ သင့်လျော်သောအရွယ်အခါ၌ ချိုပေမည်။ နောက်ကျသွားလျှင် ရိုပုပ်သွားပေပြီ။ ကာလအပိုင်းအခြားစောလွန်း၍မရ။ ကာလအပိုင်းအခြားနောက်ကျလျှင်မဖြစ်။ အချိန်ကိုက်အကောင်းဆုံးအခြေအနေရှိသည့် မှန်ကန်သောအချိန်ကို ရွေးချယ်လုပ်ဆောင်မှသာလျှင် မုချအောင်မြင်နိုင်လေသည်။

အသက်အရွယ် ၇၀ ကျော်၊ ၈၀ နီးလာသောအခါ အရွယ်အပိုင်းအခြားအတိုင်း ရင့်ရော်လာခြင်းရှိသကဲ့သို့ ထိုက်သင့်သောရင့်ကျက်သည့်အတွေးအမြင်များလည်း ရလာပေသည်။ ဖြတ်သန်းခဲ့ရသော အဆိုးအကောင်းတို့ဆီမှ အကျိုးအကြောင်းကိုပိုသိမြင်ခဲ့ရပြီ။ အမှန်၏ကောင်းကျိုးကို မကြာခဏခံစားရရှိဖူးသကဲ့သို့ အမှား၏ဆိုးကျိုးရိုက်ခတ်ချက်တို့ကိုလည်း ခါးသီးစွာဖြတ်သန်းခဲ့ရဖူးပြီ။

**ကံသုံးပါး**

ကံတရားဆိုသော လုပ်ဆောင်ဖွယ်ရာများစွာထဲတွင် အမျိုးမျိုးအစားစားရှိကြသည့်အနက် ဘုရားရှင်၏ခွဲခြားသင်ကြားမှုက တိကျရှင်းလင်းလှပါသည်။

၁။ မနောကံ - စိတ်အတွေးအကြံ၊ စိတ်ကူး
၂။ ဝစီကံ - နှုတ်အပြောအဆို၊ စကား
၃။ ကာယကံ - ကိုယ်အပြုအမူ၊ ကိုယ်ထိလက်ရောက် ပြုလုပ်မှု

စိတ်အတွေးအကြံအမျိုးမျိုးမှာ လူတစ်ယောက်တကယ်တမ်းကောင်းကျိုးဆိုးပြစ်ရစေမည့် နှုတ်အပြောအဆိုနှင့် ကိုယ်အပြုအမူတို့၏ ရှေးဦးစတင်ပေါ်ထွက်ရာ အရင်းအမြစ်ဖြစ်သဖြင့် သူတစ်ပါးနှင့်လူအများ၊ တစ်ဖက်သားကိုထိခိုက်ရိုက်ခတ်ခြင်းမရှိသေးပါသော်လည်း မိမိကိုယ်ကိုတော့ ပူလောင်စေခြင်း၊ အေးမြစေခြင်းတို့ ဖြစ်စေနိုင်ပေသည်။ မနောကံမှာ-

(က) ကောင်းကျိုးပေးသောစိတ်ကို ကုသိုလ်စိတ်
(ခ) ဆိုးကျိုးဖြစ်စေမည့်စိတ်ကို အကုသိုလ်စိတ်
(ဂ) ကောင်းကျိုးဆိုးပြစ် မဖြစ်စေတတ်သော ကြားက အဖြူထည်သဘောအဗျာကတစိတ် ဟူ၍ အလွယ်တကူမှတ်သားစရာ သုံးမျိုးရှိမည်ထင်သည်။

အရာရာသည် အကြောင်းတစ်ခုခု သို့မဟုတ် တစ်ခုထက် ပိုလွန်သောအရင်းခံအကြောင်းတရားများ ပေါင်းစပ်ဆုံစည်း၍ အလုပ်ကံအဖြစ်ပေါ်ထွက်တတ်လေသည်။ စကားဖြစ်စေ၊ စာဖြစ်စေ၊ ကိုယ်အပြုအမူဖြစ်စေ မနောကံအဆင့်မှာပင် သင့်၊ မသင့်၊ ကောင်း၊ မကောင်း၊ တော်၊ မတော်၊ လျော်၊ မလျော် သတိအာရုံစိုက်မှုဖြင့် ဆင်ခြင်သုံးသပ်ရွေးချယ်ဆုံးဖြတ်တတ်အောင် လေ့ကျင့်ရပါမည်။ သတိရှိခြင်းသည် မမေ့လျော့ခြင်းသဘောဆိုလိုသည်။ သမ္မဒိဋ္ဌိ(ခ)သမ္မဇညတရားကမူ သင့်၊ မသင့်၊ လျော်၊ မလျော်ဝေခွဲချင့်ချိန်တတ်သော ဉာဏ်ပညာသဘောဖြစ်ပေသည်။

**မနောကံ**

လူသည် အတွေးတစ်ခု မတွေးမီကပင် စဉ်းစားရမည့်အကျင့်လုပ်ထားရမည်။ ခုနစ်နှစ်သား နုနုနယ်နယ်သားတော်ရာဟုလာရှင်သာမဏေကလေးကို မြတ်စွာဘုရားရှင်က အမ္ဗလဋ္ဌိက သရက်တောကျောင်းတော်တွင် (အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ်) ဤသဘောကို ဟောကြားဆုံးမတော်မူခဲ့လေသည်။

ဤအတွေးသည် မိမိ၊ သူတစ်ပါး၊ လူအများဟူသော အစိတ်အပိုင်း သုံးခုကို အကျိုးရှိစေသလော၊ အကျိုးယုတ်စေမည်လော။ သမ္မဒိဋ္ဌိတရားဖြင့်ခွဲခြားကြည့်။

အကျိုးရှိမည်ဆိုလျှင် ဆက်တွေး။
အကျိုးမရှိ သို့မဟုတ် အကျိုးယုတ်လျှင်ရပ်။
ဆက်မစဉ်းစားပါနှင့်တော့။(ရှောင်ရမည်)

အလားတူပင် အတွေးတစ်ခု မတွေးမီ အာရုံတင်၍ သင့်၊ မသင့်၊ လျော်၊ မလျော်၊ ကောင်းကျိုး၊ ဆိုးကျိုး၊ မိမိ၊ သူတစ်ပါး၊ လူအများ(ပတ်ဝန်းကျင်)ကိုဘယ်လိုအခြေအနေမျိုးရိုက်ခတ်စေမှာလဲ သုံးသပ်ပြီးမှသာ ဆက်တွေးသင့်တွေး၊ ရပ်သင့်လျှင်ရပ်။

ဤအတွေးမျှင်တန်းတွေးနေဆဲ ခဏမှာလည်း သင့်၊ မသင့်(အလားတူ)တွေးပြီးသွားသောအခါမှာလည်း သင့်၊ မသင့် သတိသမ္မဇဉ်တရားလက်ကိုင်ထား၍ ဝေဖန်ခွဲခြားပြီးမှ တွေးပါစဉ်းစားပါ။

ဤသဘောအတိုင်းပင်-

ဝစီကံနှုတ်အပြောအဆိုစကားကိုလည်း မပြောမီ စဉ်းစား၊ သင့်၊ မသင့်၊ ပြောနေစဉ် စဉ်းစား၊ ပြောပြီးသောအခါ စဉ်းစား။ အကယ်၍ မသင့်ကြောင်း သိရသော် နောင်အခါ မပြောနှင့်။ သင်ခန်းစာရလေပြီ။

ဤသဘောအတိုင်းပင်-

ကာယကံအပြုအမူ၊ အလုပ်ဆောင်ရွက်မှုတစ်ခုခု မပြုမီစဉ်းစား၊ ပြုနေစဉ် စဉ်းစား၊ ပြုပြီးလျှင်လည်း ပြန်လည်ဝေဖန်သုံးသပ်။ သင်ခန်းစာဖော်ထုတ်မှတ်သား။

**နိဂုံး**

ဤသည်ကား ခုနစ်နှစ်သားကိုရင်ကလေး နားရှင်းအောင်မြတ်စွာဘုရားရှင်ဟောကြားသွန်သင်ခြင်းပါ။ စာဖတ်သူက အသက် ၂၀၊ ၃၀ စသဖြင့် အရွယ်ရောက်ပြီးသူဖြစ်ပါက ဟေတုပစ္စယော၊ ဟိတ် ခြောက်ပါးတို့၏ ကျယ်ဝန်းစွာအရင်းအမြစ်သဘောအကြောင်းခံပြုတတ်ပုံကိုလည်းကောင်း၊ အာရမ္မဏပစ္စယော၊ အာရုံ ခြောက်ပါးတို့ကလည်း လက်ငင်းချက်ချင်း လူ၏စိတ်ကူး၊ စကား၊ အပြုအမူ၊ ကံ သုံးပါးကိုထိပါးလွှမ်းမိုးတတ်ပုံကိုလည်းကောင်း ဆင်ခြင်တတ်ကြပါလိမ့်မည်။

ကျွန်ုပ်တို့သည် လုပ်သင့်သည်ကိုသာ လုပ်ကြပြီး မလုပ်သင့်သည်ကို မလုပ်ရမှာကိုကောင်းစွာ သိမြင်ဆင်ခြင်တုံတရားဦးစီး၍ ရှောင်ကြဉ်တတ်ကြသောအလေ့အကျင့်ရှိကြမည်ဆိုလျှင် လောကသည် အေးချမ်းပါလိမ့်မည်။ လုံခြုံပါလိမ့်မည်။ သာယာစိုပြည်နေချင်စရာ ဖြစ်လာပါလိမ့်မည်။ အရင်းခံအရင်းအမြစ်အကြောင်းကို သိမြင်ရန်သာအရေးကြီးပါသည်။

**"မကောင်းမှုများ၊ ရှောင်ရှားပယ်စွာ၊**
**ကောင်းမှုအပေါင်း၊ ရဆောင်းကြပါ။**
**မိမိစိတ်ရင်း၊ သန့်ရှင်းစေရာ၊**
**ဤသုံးပါး၊ ဘုရားသာသနာ။ ။"**

**သိတဂူဆရာတော် အရှင်ဉာဏိဿရ**

(မြတ်စွာဘုရား၏ ဩဝါဒပါတိမောက်)

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်၌ ဝန်ထမ်းအိမ်ရာနှင့် ပြည်သူ့အငှားအိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

**နေပြည်တော် ဧပြီ ၂၁**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်၌ ဝန်ထမ်းအိမ်ရာနှင့် ပြည်သူ့အငှားအိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။



ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ကရင်ပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်၌ ဝန်ထမ်းအိမ်ရာနှင့် ပြည်သူ့အငှားအိမ်ရာစီမံကိန်းများကို ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကရင်ပြည်နယ် ဘားအံမြို့တွင် လေးခန်းတွဲ ငါးထပ်ဝန်ထမ်းအိမ်ရာအဆောက်အအုံတစ်လုံးနှင့်သုံးခန်းတွဲ ငါးထပ် ပြည်သူ့အငှားအိမ်ရာအဆောက်အအုံတစ်လုံး တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအိမ်ရာစီမံကိန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ယခုလတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များကို တင်ဒါခေါ်ယူနေကြောင်း သိရသည်။

လက်ရှိတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ကရင်ပြည်နယ် ဘားအံမြို့တွင် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန၊ အဆောက်အအုံအထူးအဖွဲ့(၁၃)က ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ)တွင် အလျား ပေ ၁၂၀၊ အနံ ၅၆ ပေရှိ သံကူကွန်ကရစ်အမျိုးအစား သုံးထပ်တိုးချဲ့ဆောင်တည်ဆောက်ရေးလုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိပြီး ဘားအံတက္ကသိုလ်၌လည်း RC လေးထပ်ကျောင်းသူအိပ်ဆောင်နှင့် RC တစ်ထပ် ထမင်းစားဆောင်၊ နည်းပညာတက္ကသိုလ်(ဘားအံ)၌ နှစ်ထပ်ကျောင်းသား၊ ကျောင်းသူ ဦးရေ ၁၀၀ ဆံ့ အိပ်ဆောင်၊ တစ်ထပ် ထမင်းစားဆောင်၊ လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာနှင့် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)၌ Canteen နှင့်ဘက်စုံသုံးအားကစားခန်းမတစ်ခု တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။ SKL

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်ဖြူ ၁၂၉၉ ဧက နုတ်သိမ်းပြီးစီး

**ယင်းမာပင် ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်ဖြူ ၁၂၉၉ ဧကနုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်ဖြူစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၂၉၉ ဧကနုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၇၅၂ ဒသမ ၄၂ ပိဿာ ထွက်ရှိကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ကြက်သွန်ဖြူ ၁၂၉၉ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ စိုက်ဧကအားလုံး နုတ်သိမ်းပြီးစီးပါပြီ။ ကြက်သွန်ဖြူကို စီးပွားဖြစ်မစိုက်ကြဘဲ အိမ်သုံးလောက်ဘဲ စိုက်ကြတာများတယ်။ တချို့နေရာတွေမှာ ကြက်သွန်ဖြူကို စီးပွားဖြစ်စိုက်ပျိုးတာရှိပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက်ကြက်သွန်ဖြူနုတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၈၀၂ ဧကနှင့် ပုလဲမြို့နယ်တွင် ၄၉၇ ဧက စုစုပေါင်း ၁၂၉၉ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်ဖြူစိုက်ပျိုးတောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်ဖြူကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်ဖြူဖြစ်စေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

## အချစ်နှင့်အမုန်း

\- ကာလများစွာ နှစ်ရှည်ကြာအောင်
ငါ ပြုစုခဲ့ ယုယခဲ့၍
အနွံ့အယဥ် အဆင်အသွေး
မွှေးချင့်စရာ ပန်းမာလာလျှင်
ဖူးလာသဖြင့် လှဂုဏ်ဝင့်သော်
ရင်နှင့်အမျှ မြတ်နိုးရသည်
ငါ့မှာ ရှုကြည့် မဝဘိ။

\- ရင်နှင့်အမျှ မြတ်နိုးရလျက်
တညနေမှာ ထိတ်စရာတည့်
ပွင့်လွှာထက်တွင် ငါ တွေ့မြင်သည်
အသွင်သဏ္ဍာန် သိမ်မွေ့ဟန်ဖြင့်
တောင်ပံဖျတ်ဖျတ် ကျီစယ်ခတ်ရင်း
ပါးနပ်လိမ္မာ ဝတ်ရည်ရှာသည့်
လိပ်ပြာကလေး တကောင်ကို။

\- ပန်းနှင့်လိပ်ပြာ ခြင်းအရာကြောင့်
ရင်နာကြေကွဲ ဒေါသကဲလျှင်
ခဲအုတ်ကျောက်ဖြင့် ငါ ပစ်လင့်သော်
ပန်းပွင့် ခမျာ ပျက်ကြွေရှာလျက်
လိပ်ပြာကလေး ဟိုအဝေးသို့
ပျံပြေး ထွက်ခွာခဲ့လေပြီ။

\- သြော်. . . နှစ်လများစွာ ကာလကြာအောင်
ငါ ပြုစုခဲ့ ယုယခဲ့၍
အိုဘယ့်အလှ ရှုမဝဘိ
အတ္တမှောင်ဖုံး ငါ့ အမုန်းကြောင့်
နောက်ဆုံးကြေမွ ပျက်စီးရသည်
ခဏကလေးပါတကား။ ။

**မြင်းမူမောင်နိုင်မိုး**

# မင်းဘူးမြို့နယ် ဆည်ရွာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းဘူး ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆည်ရွာကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ကျော်၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဆည်ရွာကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ဆည်ရွာကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၆၉၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ သိန်း စုစုပေါင်းငွေကျပ် ၁၆၃ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူးထံမှ သိရသည်။

**စင်မာ**




## အနောက်ပစိဖိတ်ရေတပ်များနိုးနှောဆွေးနွေးပွဲ တရုတ်ရေတပ် ဦးဆောင်ကျင်းပ

**ပေကျင်း မေ ၂၁**

အနောက်ပစိဖိတ် ရေတပ်များ နိုးနှောဆွေးနွေးပွဲအမည်ရှိ နှစ်နှစ်တစ်ကြိမ်ကျင်းပမြဲ နိုင်ငံတကာ ရေတပ်ညီလာခံကို တရုတ်ရေတပ်က ချင်တောင်ဆိပ်ကမ်းမြို့၌ ယနေ့တွင် စတင်ကျင်းပနေပြီဖြစ်ကြောင်း သိရသည်။

လေးရက်ကြာ ကျင်းပမည့် အနောက်ပစိဖိတ်ရေတပ်များ နိုးနှောဖလှယ်ပွဲသို့ ကမ္ဘာ့နိုင်ငံ ၃၀ တို့မှ ရေတပ် ထိပ်တန်းတာဝန်ရှိသူများ တက်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါရေတပ်နိုးနှောဖလှယ်ပွဲသို့ အမေရိကန်ရေတပ် ပစိဖိတ်ရေတပ်အုပ်စုမှတပ်မှူး ရေကြောင်းဗိုလ်ချုပ်ကြီး စတီဖင့်ခိုလာလည်း တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ပိုင်ဆိုင်ခွင့်အငြင်းပွား တောင်တရုတ်ပင်လယ်ဒေသ၌ တရုတ်နိုင်ငံနှင့် အမေရိကန်၏မဟာမိတ် ဖိလစ်ပိုင်နိုင်ငံတို့အကြား တင်းမာမှုများ မြင့်တက်နေချိန်တွင် အနောက်ပစိဖိတ်ရေတပ်များ နိုးနှောဖလှယ်ပွဲကို တရုတ်ရေတပ်က ဦးဆောင်ကျင်းပနေခြင်းဖြစ်သည်။

တရုတ်နိုင်ငံပိုင် မီဒီယာများ၏ အဆိုအရ အနောက်ပစိဖိတ်ရေတပ်များနိုးနှောဖလှယ်ပွဲသို့ ဩစတြေးလျ၊ ပြင်သစ်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ရုရှားနှင့် ဗြိတိန်ရေတပ်တို့မှ ထိပ်တန်း တာဝန်ရှိသူများလည်း တက်ရောက်မည်ဖြစ်သည်။

အနောက်ပစိဖိတ်ရေတပ်များ နိုးနှောဖလှယ်ပွဲကို တရုတ်နှင့်အမေရိကန်တို့အကြား ထိတွေ့ဆက်ဆံမှုများ ပို၍ လုပ်လာနိုင်မည့်လက္ခဏာများကို တွေ့မြင်နိုင်မည့် နိုးနှောဖလှယ်ပွဲအဖြစ် လေ့လာသူက သုံးသပ်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## ဗဟိုအာဖရိကတွင် ကူးတို့သင်္ဘောနစ်မြုပ် အနည်းဆုံး ခရီးသည်ဦးရေ ၅၀ ခန့်သေဆုံး

**ဘန်ဂီ မေ ၂၁**

ဗဟိုအာဖရိကနိုင်ငံမြစ်တစ်စင်းအတွင်း ခရီးသည်တင်ကူးတို့သင်္ဘောတစ်စီး မေ ၂၀ ရက်က နစ်မြုပ်ခဲ့ရာ အနည်းဆုံး လူဦးရေ ၅၀ ခန့် သေဆုံးခဲ့ရကြောင်း သိရသည်။

နစ်မြုပ်ခဲ့သည့် ကူးတို့သင်္ဘောပေါ်၌ လိုက်ပါလာသူ ခရီးသည်များမှာ ကျေးရွာတစ်ရွာရှိ ဈာပနအခမ်းအနားတစ်ခုသို့ သွားရောက်မည့်သူများဖြစ်ကြကြောင်း ဗဟိုအာဖရိကနိုင်ငံတာဝန်ရှိသူများက ပြောကြားထားသည်။

ယင်းခရီးသည်ကူးတို့သင်္ဘောသည် ဗဟိုအာဖရိကနိုင်ငံ ဘန်ဂီမြို့ရှိ အမ်ပိုကိုမြစ်အတွင်း တိမ်းမှောက်နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကူးတို့ရေယာဉ်ပေါ်၌ ခရီးသည်ဦးရေ ၃၀၀ ကျော်ထိ လိုက်ပါလာကြောင်း ဗဟိုအာဖရိကတာဝန်ရှိသူများက ပြောကြားခဲ့သည်။

သစ်ထည်ဖြင့် တည်ဆောက်ထားသည့် အဆိုပါကူးတို့သင်္ဘောသည် ခုတ်မောင်းနေစဉ်မှာပင် ကိုယ်ထည်ကျိုး၍ တိမ်းစောင်းနစ်မြုပ်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်နေဆဲဖြစ်ရာ သေဆုံးသူအရေအတွက်ထပ်တိုးလာနိုင်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## အရှေ့အလယ်ပိုင်းဒေသတွင် စစ်ရေးတင်းမာမှုများရှိနေစဉ် တူကီယဲသမ္မတနှင့် ဟားမတ်စ်ခေါင်းဆောင်တို့ တွေ့ဆုံ



**အန်ကာရာ မေ ၂၁**

တူကီယဲသမ္မတ အာဒိုဂန်သည် မေ ၂၀ ရက်တွင် အစ္စတန်ဘူလ်မြို့၌ ဟားမတ်စ်အုပ်စုခေါင်းဆောင် အစ္စမေးလ်ဟာနီယာနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် တူကီယဲသမ္မတနှင့် ဟားမတ်စ်ခေါင်းဆောင်တို့သည် ဂါဇာကမ်းမြောင်အတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးပို့နိုင်ရေးပါလက်စတိုင်းဒေသငြိမ်းချမ်းရေးရရှိရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း တူကီယဲဝန်ကြီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

မေ ၂၀ ရက် ဆွေးနွေးပွဲသည် ခုနစ်လကြာ ဂါဇာစစ်ပွဲစတင်ခဲ့ပြီးနောက်ပိုင်း တူကီယဲသမ္မတ အာဒိုဂန်နှင့် ဟားမတ်စ်ခေါင်းဆောင် ဟာနီယာတို့၏ ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးပွဲဖြစ်သည်။

ဟားမတ်စ်ခေါင်းဆောင် ဟာနီယာသည် ကာတာနိုင်ငံ ဒိုဟာမြို့၌ တူကီယဲနိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး သုံးရက်အကြာတွင် တူကီယဲသမ္မတ အာဒိုဂန်နှင့် ထပ်မံတွေ့ဆုံခဲ့ခြင်းဖြစ်သည်။

အစ္စရေးနှင့် အီရန်တို့အကြား ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများကြောင့် အရှေ့အလယ်ပိုင်းဒေသ၌ စစ်ရေးတင်းမာမှုများရှိနေစဉ် တူကီယဲသမ္မတနှင့် ဟားမတ်စ်ခေါင်းဆောင်တို့ တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) အဖွဲ့ဝင်နိုင်ငံဖြစ်သည့် တူကီယဲသည် အစ္စရေး၏ ဂါဇာထိုးစစ်များကို ဝေဖန်ရှုတ်ချထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## ယာဆူကူနီဂူဝိမာန်အတွက် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ လှူဖွယ်ပစ္စည်းပေးပို့မှု တောင်ကိုရီးယားပြစ်တင်ဝေဖန်

**ဆိုးလ် မေ ၂၁**

တိုကျိုမြို့ရှိ ယာဆူကူနီဂူဝိမာန်အတွက် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက လှူဖွယ်ပစ္စည်းပေးပို့မှုကို တောင်ကိုရီးယားနိုင်ငံက ယနေ့တွင် ပြစ်တင်ဝေဖန်ခဲ့ကြောင်း သိရသည်။

ဂျပန် ဝန်ကြီးချုပ်အနေဖြင့် အငြင်းပွားဖွယ် ယာဆူကူနီဂူဝိမာန်အတွက် လှူဖွယ်ပစ္စည်းများပေးပို့ခြင်းမှာ လွန်စွာစိတ်ပျက်ဖွယ်ကောင်းကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ထားသည်။

ထို့ပြင် ဂျပန်ခေါင်းဆောင်များအနေဖြင့် ဂျပန်နိုင်ငံ၏ စစ်ကာလအတိတ်အတွက် နောင်တတရားပြသကြရန်လည်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနကြေညာချက်၌ ဖော်ပြထားသည်။

ဂျပန်ဝန်ကြီးချုပ်နှင့်ဂျပန်အစိုးရအဖွဲ့ဝင်အချို့တို့သည် ယနေ့တွင် ယာဆူကူနီဂူဝိမာန်သို့ လှူဖွယ်ပစ္စည်းများပေးပို့ခဲ့ကြောင်း ဂျပန်မီဒီယာများ၏အဆိုအရ သိရသည်။



ယာဆူကူနီဂူဝိမာန်ကို ဂျပန်နိုင်ငံ၏ အတိတ်ကာလစစ်ရေးအရ ဗိုလ်ကျမှု၏ အမှတ်သင်္ကေတအဖြစ် ဂျပန်၏အိမ်နီးချင်းများဖြစ်ကြသော တရုတ်နှင့် တောင်ကိုရီးယား နိုင်ငံတို့က မှတ်ယူထားကြောင်း သိရသည်။

စစ်ပွဲများအတွင်း သေဆုံးခဲ့ရသည့် ဂျပန်စစ်သည် ၂ ဒသမ ၅ သန်းတို့ကို ယာဆူကူနီဂူဝိမာန်၌ ဂုဏ်ပြုထားရာ ယင်းဂျပန်စစ်သည်များထဲတွင် မဟာမိတ်တရားရုံးတစ်ရုံးက စစ်ရာဇဝတ်ကျူးလွန်သူများအဖြစ် ပြစ်ဒဏ်ချခဲ့သည့် စစ်ကာလဂျပန်ခေါင်းဆောင် ၁၄ ဦးလည်းပါဝင်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဂျပန်ရေတပ်ရဟတ်ယာဉ်နှစ်စင်း လေ့ကျင့်မှုပြုလုပ်နေစဉ် ပျက်ကျ

**တိုကျို မေ ၂၁**

ဂျပန်ရေတပ်မှ ရဟတ်ယာဉ်နှစ်စင်းသည် မေ ၂၀ ရက် ညပိုင်းက လေ့ကျင့်မှုများပြုလုပ်နေစဉ် ပင်လယ်ပြင်အတွင်း ပျက်ကျခဲ့ကြောင်း ဂျပန်မီဒီယာများ၏ အဆိုအရ သိရသည်။

ရဟတ်ယာဉ်နှစ်စင်း ပျက်ကျမှုကြောင့် လိုက်ပါသွားသူ ရှစ်ဦးအနက် တစ်ဦးသေဆုံးခဲ့ပြီး ခုနစ်ဦး ပျောက်ဆုံးနေကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အက်စ်အိတ်ချ်-၆၀ အမျိုးအစား ရဟတ်ယာဉ်နှစ်စင်းသည် ဂျပန်နိုင်ငံအလယ်ပိုင်းကမ်းရိုးတန်းကမ်းလွန်၌ ရေငုပ်သင်္ဘောချေမှုန်းရေး လေ့ကျင့်မှုများပြုလုပ်နေစဉ် ပျက်ကျခဲ့ရခြင်းဖြစ်သည်။

ပျက်ကျခဲ့သည့် ရဟတ်ယာဉ်များမှ ပျံသန်းမှုမှတ်တမ်းတင်ကိရိယာနှစ်ခုကို တစ်ခုနှင့်တစ်ခု မလှမ်းမကမ်းတွင် တွေ့ရှိထားရာ ယင်းရဟတ်ယာဉ်နှစ်စင်းမှာ ဝေဟင်၌တိုက်မိခဲ့ခြင်း ဖြစ်ဖွယ်ရှိကြောင်း ဂျပန်ရေတပ် တာဝန်ရှိသူများက ယူဆထားသည်။


လက်ရှိအချိန်တွင် ရဟတ်ယာဉ်နှစ်စင်းပျက်ကျမှုနောက်ခံအကြောင်းတရားကို တိတိကျကျဖော်ထုတ်နိုင်ရေးအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း ဂျပန်ရေတပ်ကသတင်းထုတ်ပြန်ထားသည်။

ရဟတ်ယာဉ်နှစ်စင်းပျက်ကျမှုတွင် ပျောက်ဆုံးနေသူများကိုလည်း ဂျပန်ရေတပ်နှင့် ကမ်းခြေစောင့်တပ်တို့က ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## ဂျပန်အာကာသအေဂျင်စီမှ သိပ္ပံပညာရှင်များက ၂၀၂၅ ခုနှစ်တွင် ဂြိုဟ်တုတစ်စင်းကိုအသုံးပြု၍ နေစွမ်းအင်ကို ကမ္ဘာမြေဆီသို့ပေးပို့ရန် စီစဉ်ထား



**တိုကျို မေ ၂၁**

ဂျပန် အာကာသအေဂျင်စီမှ သိပ္ပံပညာရှင်များသည် ၂၀၂၅ ခုနှစ်တွင် ဂြိုဟ်တုတစ်စင်းကို အသုံးပြု၍ နေစွမ်းအင်ကို ကမ္ဘာမြေဆီသို့ ပေးပို့ရန်စီစဉ်ထားကြောင်း မေ ၂၀ ရက် သတင်းများအရ သိရသည်။

မိမိတို့အနေဖြင့် အာကာသအခြေစိုက် နေစွမ်းအင်စက်ရုံ အသေးစားတစ်ခုကို စမ်းသပ်လွှတ်တင်ရန် စီစဉ်ထားကြောင်း ဂျပန် အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ အာကာသအခြေစိုက် အသေးစားနေစွမ်းအင်စက်ရုံငယ်သည် အလေးချိန် ကီလိုဂရမ် ၁၈၀ ခန့်ရှိ ဂြိုဟ်တုတစ်စင်းဖြစ်ကြောင်း သိရသည်။

၎င်းဂြိုဟ်တုအနေဖြင့် ကမ္ဘာမြေပြင်အထက် မိုင် ၂၅၀ ခန့်အကွာ ပတ်လမ်းပေါ်မှတစ်ဆင့် စွမ်းအင် တစ်ကီလိုဝပ်ကို ကြိုးမဲ့စနစ်စွမ်းအင် အသွင်ကူးပြောင်းမှုနည်းလမ်းဖြင့် ကမ္ဘာပေါ်သို့ ပေးပို့မည်ဖြစ်ကြောင်း ဂျပန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ထိုကဲ့သို့ ဂြိုဟ်တုမှတစ်ဆင့် နေစွမ်းအင်ကို ကမ္ဘာမြေဆီသို့ ပေးပို့ရာတွင် မိုက်ခရိုဝေ့ဗ်လှိုင်းများအဖြစ် ပြောင်းလဲပေးပို့မည်ဖြစ်ကြောင်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အာကာသအခြေစိုက် နေစွမ်းအင်စက်ရုံ သရုပ်ပြစမ်းသပ်မှုကို အမေရိကန် သိပ္ပံပညာရှင်များက ဂြိုဟ်တုတစ်စင်းသုံး၍ ၂၀၂၃ ခုနှစ်အတွင်း ပထမဆုံးအကြိမ် အောင်မြင်စွာ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## 12P/Pons-Brooks ကြယ်တံခွန်ကို ကမ္ဘာ့တောင်ယာဉ်စွန်းတန်းဒေသများမှတစ်ဆင့် စတင်မြင်တွေ့နိုင်ပြီဖြစ်

**ဝါရှင်တန် မေ ၂၁**

12P/Pons-Brooks အမည်ရှိ ကြယ်တံခွန်ကို ကမ္ဘာ့တောင်ယာဉ်စွန်းတန်း ဒေသများမှတစ်ဆင့် စတင် မြင်တွေ့နိုင်ပြီဖြစ်ကြောင်း သိပ္ပံပညာရှင်များက မေ ၂၀ ရက်တွင် ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏အဆိုအရ ၎င်းကြယ်တံခွန်ကို သြစတြေးလျနိုင်ငံ ဒေသများမှတစ်ဆင့် စတင်မြင်တွေ့နိုင်ပြီဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် 12P/Pons-Brooks ကြယ်တံခွန်ကို နေဝင်ပြီးချိန်၌ အလင်းရောင်မှိန်ဖျော့ဖျော့ဖြင့်သာ တွေ့မြင်နိုင်သေးကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



12P/Pons-Brooks ကြယ်တံခွန်ကို ဧပြီလလယ်မှစ၍ ဇွန်လလယ်ထိ သြစတြေးလျနိုင်ငံ တိုဝစ်ဘာမြို့နှင့် မဲလ်ဘုန်းမြို့မှတစ်ဆင့် တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် 12P/Pons-Brooks ကြယ်တံခွန်သည် နေရှိရာဘက်သို့ ဦးတည်ပျံသန်းလျက်ရှိကြောင်း သိရသည်။

12P/Pons-Brooks ကြယ်တံခွန်သည် အရွယ်အစားအားဖြင့် အချင်း ၃၄ ကီလိုမီတာရှိပြီး ၇၁ နှစ်လျှင်တစ်ကြိမ်ကျ နေကိုလှည့်ပတ်နေသော ကြယ်တံခွန်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## တရုတ်အမျိုးသားအာကာသအေဂျင်စီ လွှတ်တင်ထားသည့် စမ်းသပ်ဂြိုဟ်တုငယ်နှစ်စင်းက လကမ္ဘာဆက်သွယ်ရေးစနစ်များနှင့်တည်နေရာပြစနစ်များကို စတင်စမ်းသပ်နေ

**ပေကျင်း မေ ၂၁**

တရုတ်အမျိုးသား အာကာသအေဂျင်စီက လွှတ်တင်ထားသည့် စမ်းသပ်ဂြိုဟ်တုငယ်နှစ်စင်းသည် လကမ္ဘာ ဆက်သွယ်ရေးစနစ်များနှင့် တည်နေရာပြစနစ်များကို စတင် စမ်းသပ်နေပြီဖြစ်ကြောင်း မေ ၂၀ ရက် သတင်းများအရ သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် တီယန်တူ-၁ နှင့် တီယန်တူ-၂ အမည်ရှိ အဆိုပါ စမ်းသပ်ဂြိုဟ်တုငယ် နှစ်စင်းကို ကွေ့ချောင်-၂ လကမ္ဘာကြားခံ ဆက်သွယ်ရေး ဂြိုဟ်တုနှင့်အတူ မတ် ၁၉ ရက်က လောင်းမတ်ချ်-၈ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ ဂြိုဟ်တုငယ်နှစ်စင်းသည် ကမ္ဘာမြေနှင့် လကမ္ဘာကြား သတင်းအချက်အလက်ကူးပြောင်းမှုစနစ်များကို စမ်းသပ်နေပြီဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ဂြိုဟ်တုငယ်နှစ်စင်းသည် ဧပြီ ၃ ရက်တွင် လပတ်လမ်းအတွင်းဝင်ရောက်ခဲ့ပြီး တစ်စင်းနှင့်တစ်စင်း ၁၂၄ မိုင်ခွာ၍ လကမ္ဘာကို လှည့်ပတ်ပျံသန်းလျက်ရှိသည်။

၎င်းဂြိုဟ်တုငယ်နှစ်စင်းသည် လက်ရှိအချိန်တွင် လကမ္ဘာအခြားဘက်ခြမ်းရှိ ဥက္ကာချိုင့်ဝှမ်းနယ်မြေဓာတ်ပုံများကို ကမ္ဘာမြေဆီသို့ ပြန်လည်ပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် လကမ္ဘာပေါ်၌ နိုင်ငံတကာ သုတေသနစခန်းထားရှိရေး ရည်ရွယ်ချက်ဖြင့် အဆိုပါဂြိုဟ်တုငယ် နှစ်စင်းကို လွှတ်တင်၍ လနှင့်ကမ္ဘာကြား ဆက်သွယ်ရေးစနစ်များကို စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## HIV ကို ထိန်းထားရေး အသုံးပြုသောဆေးများက အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် မေ ၂၁**

ခုခံအားကျဆင်းမှုရောဂါ ပိုင်းရပ်များ (HIV) ကို ထိန်းထားရေးအတွက် အသုံးပြုနေကြသော ဆေးဝါးများသည် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း မေ ၂၀ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ HIV ဗိုင်းရပ်တိုက်ဖျက်ရေးဆေးဝါးများ သုံးစွဲနေကြရသူများထဲတွင် အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုနှုန်း ပုံမှန်ထက်ကျဆင်းနေတတ်ကြောင်း သိရသည်။

HIV ဗိုင်းရပ် တိုက်ဖျက်ရေးဆေးများသည် အယ်ဇိုင်းမားရောဂါကို တားဆီးရေးအတွက် မျိုးဗီဇအဆင့်တွင် အကျိုးပြုနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် HIV ဗိုင်းရပ် ရှိနေသည့် အသက် ၆၀ အထက် လူပေါင်း ၈၀၀၀၀ ကြား အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုနှုန်းကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ HIV ဗိုင်းရပ်တိုက်ဖျက်ရေးဆေးများသုံးစွဲနေကြရသူများကြား အယ်ဇိုင်းမားရောဂါဖြစ်ပွားနှုန်းမှာ ပုံမှန်ကျန်းမာရေးကောင်းသူများကြား ဖြစ်ပွားနှုန်းနှင့်နှိုင်းယှဉ်ပါက ပိုနည်းပါးကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အဓိကအားဖြင့် RT Inhibitors ခေါ် HIV ဗိုင်းရပ်တိုက်ဖျက်ရေးဆေးအမျိုးအစား သုံးစွဲနေကြရသူများကြားတွင် အယ်ဇိုင်းမားရောဂါဖြစ်ပွားနှုန်း သိသိသာသာ ပိုနည်းပါးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## MS ရောဂါဖြစ်နိုင်ခြေ အမြင့်မားဆုံးသူများကို သွေးစစ်နည်းဖြင့် ဖော်ထုတ်နိုင်ဖွယ်ရှိ

**နယူးယောက် မေ ၂၁**

သွေးစစ်နည်းဖြင့် ဗဟိုအာရုံကြောစနစ် ပျက်စီးမှုရောဂါ (MS) ဖြစ်နိုင်ခြေ အမြင့်မားဆုံးသူများကို ဖော်ထုတ်နိုင်ဖွယ်ရှိကြောင်း မေ ၂၀ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ MS ရောဂါဖြစ်ပွားမှုဖြစ်စဉ် ၁၀ ခုလျှင် တစ်ခုတွင် ရောဂါလက္ခဏာများမပေါ်မီကပင် လူ့ခန္ဓာကိုယ်က ပဋိပစ္စည်းပုံစံတစ်မျိုး စတင်ထုတ်ပေးတတ်ကြောင်း သိရသည်။

အဆိုပါပဋိပစ္စည်းသည် MS ရောဂါဖြစ်ပွားနိုင်မှု ရှိ၊ မရှိကို ရာနှုန်းပြည့် ခန့်မှန်းပေးနိုင်သည်ဖြစ်ရာ ၎င်းပဋိပစ္စည်းများကို သွေးစစ်နည်းဖြင့် တိုင်းတာပါက MS ရောဂါဖြစ်ပွားနိုင်ခြေ အမြင့်မားဆုံးသူများကို ကြိုတင်ဖော်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

၎င်းပဋိပစ္စည်းပုံစံကို ပိုင်ဆိုင်ထားသူတိုင်းတွင် MS ရောဂါဖြစ်ပွားလာသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် MS လူနာ ၂၅၀ တို့၏ရောဂါလက္ခဏာမပေါ်မီနှင့် ရောဂါလက္ခဏာပေါ်ပြီးနောက်ပိုင်း ရယူထားသည့် သွေးနမူနာများကို နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

MS ရောဂါသည် လူ့ခုခံအားစနစ်ဖောက်ပြန်၍ လူ့ကိုယ်ခန္ဓာကို မှားယွင်းတိုက်ခိုက်ချိန်တွင် ဖြစ်ပွားတတ်သည့် ခုခံအားစနစ်ဖောက်ပြန်မှုရောဂါဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ချဲလ်ဆီးအသင်းက နည်းပြ ဒီဇာဘီကို ပိုချက်တီနို၏နေရာ၌ အစားထိုးရန်ကြိုးပမ်း

**လန်ဒန် ဧပြီ ၂၁**

ချဲလ်ဆီးအသင်းသည် ယခုနှစ် ဘောလုံးရာသီ ပြိုင်ပွဲစုံတွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်နေရသည့် နည်းပြပိုချက်တီနို၏ နေရာတွင် ဘရိုက်တန်နည်းပြ ဒီဇာဘီနှင့် အစားထိုးရန် ထပ်မံကြိုးပမ်းနေကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် နည်းပြ ပိုချက်တီနိုလက်ထက်တွင် ကာရာဘောင်းဖလားပြိုင်ပွဲ၌ ဗိုလ်လုပွဲရောက်ရှိခဲ့သော်လည်း ဒုတိယနေရာဖြင့်ပြီးဆုံးခဲ့ပြီး အက်ဖ်အေဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရသည့်အပြင် အမှတ်ပေးပြိုင်ပွဲတွင်လည်း ပွဲစဉ် ၃၁ ပွဲအပြီးတွင် အဆင့်(၉)တွင်သာ ရပ်တည်နိုင်ခဲ့သောကြောင့် လာမည့်နှစ်တွင် နည်းပြဒီဇာဘီနှင့် အစားထိုးရန် အသင်းတာဝန်ရှိသူများက ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

နည်းပြဒီဇာဘီသည် ဘရိုက်တန်အသင်းကို စတင်တာဝန်ယူပြီးနောက် အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့်အပြင် လူငယ်ကစားသမားများကို ခြေစွမ်းပိုင်းတိုးတက်လာအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် ဥရောပထိပ်သီးကလပ်အသင်းများဖြစ်သည့် ဘာစီလိုနာအသင်း၊ ဘိုင်ယန်မြူးနစ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့၏ စိတ်ဝင်စားမှုကိုခံခဲ့ရသည်။

လက်ရှိတွင် နည်းပြဒီဇာဘီသည် ဘရိုက်တန်အသင်းနှင့်စာချုပ်သက်တမ်း ကျန်ရှိနေသော်လည်း လာမည့်နှစ် ဘောလုံးရာသီတွင် အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားသောကြောင့် ချဲလ်ဆီးအသင်းက ပရီးမီးယားလိဂ်တွင် ရလဒ်ကောင်းများပိုင်ဆိုင်ထားသည့် နည်းပြဒီဇာဘီကို ပိုချက်တီနို၏ နေရာတွင် ခန့်အပ်ရန် ဦးစားပေးပစ်မှတ်ထားနေပြီး လက်ဦးမှုရယူနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



# အက်ဖ်အေဖလားဆီမီးဖိုင်နယ်တွင် အနိုင်ရခဲ့သည့် မန်စီးတီးအသင်း ဗိုလ်လုပွဲသို့တက်ရောက်



**လန်ဒန် ဧပြီ ၂၁**

အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် ချဲလ်ဆီးအသင်းတို့ ပွဲစဉ်၌ မန်စီးတီးအသင်းက တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် လက်ရှိချန်ပီယံ မန်စီးတီးအသင်းသည် ဟတ်ဒါဖီး၊ စပါး၊ လူတန်၊ နယူးကာဆယ်အသင်းတို့ကိုအနိုင်ရခဲ့ပြီး ယခုပွဲစဉ်တွင် ချဲလ်ဆီးအသင်းနှင့်တွေ့ဆုံခဲ့သော်လည်း ပွဲချိန်အတွင်း ဘာနာဒိုဆေးဗား၏ သွင်းဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲသို့ရောက်ရှိခဲ့ပြီး နှစ်နှစ်ဆက်တိုက် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။

မန်စီးတီးအသင်းသည် ဧပြီ ၁၈ ရက်က ကစားခဲ့သည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်တွင် ရီးရဲလ်မက်ဒရစ်အသင်းကိုရှုံးနိမ့်၍ ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီးနောက် အက်ဖ်အေဖလားပြိုင်ပွဲတွင် နိုင်ပွဲရရှိရေးအတွက် ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှုအသားပေး၍ ကစားခဲ့သော်လည်း ချဲလ်ဆီးအသင်း၏ ခံစစ်ကစားပုံနှင့် တန်ပြန်တိုက်စစ်ကောင်းမွန်မှုတို့ကြောင့် ဦးဆောင်ဂိုးရရှိရန်ခက်ခဲခဲ့ပြီး ဒုတိယပိုင်းတွင် လူစားလဲမှုများပြုလုပ်ကာတိုက်စစ်မြှင့်တင်ကစားခဲ့သဖြင့် ပွဲချိန် ၈၄ မိနစ်တွင် ဘာနာဒိုဆေးဗားက အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲအဆင့်သို့တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ဗိုလ်လုပွဲစဉ်တွင် ကိုဗင်ထရီနှင့် မန်ယူအသင်းတို့ပွဲစဉ်မှ အနိုင်ရသည့်အသင်းနှင့် ကစားရမည်ဖြစ်ပြီး မန်ယူအသင်းအနေဖြင့် ဗိုလ်လုပွဲတက်ရောက်ရန် ရေပန်းစားနေသောကြောင့် မန်စီးတီးအသင်းအနေဖြင့် ဗိုလ်လုပွဲစဉ်၌ မန်ယူအသင်းနှင့် ထပ်မံတွေ့ဆုံရန် သေချာနေကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# RBC Heritage ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို အမေရိကန်ကစားသမား စကော့တီရှက်ဖလာ ဦးဆောင်

**ကယ်လီဖိုးနီးယား ဧပြီ ၂၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဟီလ်တန်ဟက်ကျွန်းတွင် ကျင်းပနေသည့် RBC Heritage ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

သြစတြီးယား ဂေါက်သီးရိုက်ကစားသမား ဆပ်စထရာကာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား မိုရီကာဝါက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးရရှိထားသည့် စကော့တီရှက်ဖလာအနေဖြင့် RBC Heritage ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားနေပြီး ချန်ပီယံဆုကိုဆွတ်ခူးနိုင်ပါက ကမ္ဘာ့အဆင့်(၁)နေရာကို ကာလရှည် ထိန်းသိမ်းနိုင်ဖွယ်ရှိနေသည်။

စကော့တီရှက်ဖလာက "တတိယနေ့မှာကစားထားနိုင်တဲ့ စွမ်းဆောင်ရည်ဟာအားရကျေနပ်စရာကောင်းပါတယ်။ Greenway ပေါ်တောက်လျှောက် ရောက်အောင်ရိုက်နိုင်ခဲ့ပါတယ်။ ဒါကြောင့်တတိယနေ့မှာ ရလဒ်တွေ တော်တော်လေးကောင်းလာခဲ့ပြီး အမှတ်ပေးဇယားကို ဦးဆောင်ခွင့် ရခဲ့ခြင်းဖြစ်ပါတယ်။ ရလာတဲ့ အခွင့်အရေးတွေကို ရအောင်ယူနိုင်ရင်တော့ လိုချင်တဲ့ ရလဒ်မျိုးကိုသေချာပေါက်ရအောင် ယူနိုင်မှာပါ"ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ယခုနှစ်ဘောလုံးရာသီ ရွှေလက်အိတ်ဆုကို အာဆင်နယ်ဂိုးသမား ရာယာ ဆွတ်ခူးနိုင်ဖွယ်ရှိ

**လန်ဒန် ဧပြီ ၂၁**

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပြီးဆုံးရန်နီးကပ်လာသည့်အချိန်တွင် ရွှေလက်အိတ်ဆုအတွက် အာဆင်နယ်အသင်း ဂိုးသမား ရာယာက ဆွတ်ခူးနိုင်ရန်အတွက် အနီးစပ်ဆုံးတွင်ရှိနေကြောင်း သိရသည်။

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ရွှေလက်အိတ်ဆုကို တစ်ရာသီအတွင်း ပေးဂိုးမရှိပွဲ (Clean Sheet) အများဆုံးရယူနိုင်သည့်ဂိုးသမားကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပြီး လက်ရှိတွင် အာဆင်နယ်အသင်း ဂိုးသမား ရာယာက နောက်ဆုံးကစားခဲ့သည့် ဝုဗ်အသင်းနှင့် အာဆင်နယ်အသင်းတို့ပွဲစဉ်တွင် ဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ဂိုးမပေးရသည့်ပွဲစဉ် ၁၃ ပွဲထိရှိလာခဲ့ပြီး ပြိုင်ဘက်အသင်းဂိုးသမားများကို ပွဲအရေအတွက် အများအပြားဖြတ်တောက်ထားနိုင်ခဲ့သည်။

လက်ရှိ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပေးဂိုးမရှိပွဲအများဆုံးဂိုးသမားစာရင်း၌ ရာယာ၏နောက်တွင် ဖူလ်ဟမ်အသင်းဂိုးသမား လီနိုနှင့် အဲဗာတန်အသင်း ဂိုးသမား ပစ်ဖို့ဒ်တို့က ကိုးပွဲစီ၊ မန်ယူအသင်းဂိုးသမား အိုနာနာ၊အေဗီလာအသင်းဂိုးသမား မာတီနက်ဇ်နှင့် မန်စီးတီးအသင်း ဂိုးသမား အီဒါဆန်တို့က ရှစ်ပွဲစီဖြင့် အသီးသီးရပ်တည်လျက်ရှိနေသည်။

ဂိုးသမား ရာယာက ဒုတိယနေရာမှ လီနိုနှင့် ပစ်ဖို့ဒ်တို့ကို လေးပွဲထိ ဖြတ်တောက်ထားနိုင်သည့်အတွက် ပွဲပြီးဆုံးရန်မှာ အနည်းငယ်သာ လိုတော့သည့်အတွက် ရွှေလက်အိတ်ဆုအတွက် အနီးစပ်ဆုံးဖြစ်လာခဲ့သည်။



ဂိုးသမား ရာယာသည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဘရန့်ဖို့ဒ်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ဂိုးသမား ရမ်ဒေးလ်ကို ကျော်ဖြတ်ပြီး အဓိကပွဲထွက်ဂိုးသမားအဖြစ် လက်စွမ်းပြသနေသူဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

## အားကစားသတင်းအတိုအထွာများ

- အေစီမီလန်အသင်းက နည်းပြပိုင်အိုလီနေရာတွင် ဝုဗ်အသင်း နည်းပြဟောင်း လိုပက်တီဂူနှင့် အစားထိုးရန် ချိတ်ဆက်ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။
- ဘာနာဒိုဆေးဗားကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ဖြင့်ခေါ်ယူမည့်အသင်းများထဲတွင် ဘာစီလိုနာအသင်းနှင့်အပြိုင် ရီးရဲလ်မက်ဒရစ်အသင်းလည်း ပါဝင်လာခဲ့သည်။
- မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ကခေါ်ယူရန် ကြိုးပမ်းနေသည့် လူငယ်ကစားသမား မူစီအာလာကို ဘိုင်ယန်မြူးနစ်အသင်းက ရောင်းချမည်မဟုတ်ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

ML

## ပရီးမီးယားလိဂ် ပွဲစဉ်(၃၄) ရလဒ်

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၂ | - | ၀ | နော်တင်ဟမ် |
| အေဗီလာ | ၃ | - | ၁ | ဘုန်းမောက် |
| ပဲလေ့စ် | ၅ | - | ၂ | ဝက်စ်ဟမ်း |
| ဖူလ်ဟမ် | ၁ | - | ၃ | လီဗာပူး |

(၀၄၀)

# AFC Futsal Asian Cup 2024 ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် မြန်မာအသင်းက တရုတ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ



**ရန်ကုန် ဧပြီ ၂၁**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ ကျင်းပလျက်ရှိနေသည့် AFC Futsal Asian Cup 2024 ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲက မြန်မာဖူဆယ်အသင်းနှင့် တရုတ်ဖူဆယ်အသင်းတို့ ကစားခဲ့ရာ မြန်မာဖူဆယ်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သော်လည်း ဂိုးကွာခြားချက်ဖြင့် အုပ်စုတတိယနေရာနှင့်သာ ကျေနပ်ခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မဖြစ်မနေ အနိုင်ရရှိမှသာ ကွာတားဖိုင်နယ်အဆင့်တက်ရောက်ရန် မျှော်လင့်ချက်ရှိမည်ဖြစ်သည့် မြန်မာဖူဆယ်အသင်းက ပွဲစကတည်းက တရုတ်ဖူဆယ်အသင်းကို ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး မြန်မာဖူဆယ်အသင်းအတွက် ပထမသွင်းဂိုးကို လှိုင်မင်းထွန်းက သွင်းယူခဲ့ပြီး ဒုတိယမြောက်သွင်းဂိုးကို တရုတ်ဖူဆယ်အသင်းမှ ကစားသမားက ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့ကာ တတိယသွင်းဂိုးကို ကိုကိုလွင်က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာဖူဆယ်အသင်းနှင့်အုပ်စုတွင်းပြိုင်ဘက်ဖြစ်သည့် ထိုင်းဖူဆယ်အသင်းနှင့် ဗီယက်နမ်ဖူဆယ်အသင်းတို့ပွဲစဉ်တွင် ထိုင်းဖူဆယ်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်အတွက် မြန်မာဖူဆယ်အသင်းနှင့် ဗီယက်နမ်ဖူဆယ်အသင်းတို့သည် ရမှတ်လေးမှတ်စီတူညီနေသော်လည်း ဂိုးကွာခြားချက်ဖြင့် ထိုင်းဖူဆယ်အသင်းနှင့် ဗီယက်နမ်ဖူဆယ်အသင်းတို့က ကွာတားဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့ပြီး မြန်မာဖူဆယ်အသင်းသည် အုပ်စုတတိယနေရာတွင်သာ ရပ်တည်နိုင်ခဲ့သည့်အတွက် အုပ်စုအဆင့်ဖြင့် ကျေနပ်ခဲ့ရကြောင်း သိရသည်။

**STA**

# မန်ယူအသင်းမှ မေဆင်မောင့်နှင့်ကမ်ဘွာလာတို့ ဒဏ်ရာကြောင့် ပွဲစဉ်အချို့လွဲချော်မည်

**မန်ချက်စတာ ဧပြီ ၂၁**

မန်ယူအသင်းမှ ကွင်းလယ်ကစားသမား မေဆင်မောင့်နှင့် ခံစစ်ကစားသမား ကမ်ဘွာလာတို့သည် ဒဏ်ရာကြောင့် အသင်း၏ ပွဲစဉ်အချို့ကို လွဲချော်သွားမည်ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းမှကစားသမားများ မကြာခဏဒဏ်ရာပြဿနာများနှင့် ကြုံတွေ့နေရပြီး ယခုအခါတွင်လည်း ဥရောပဝင်ခွင့်တစ်နေရာအတွက် ရှုန်းကန်နေရချိန်တွင် ကစားသမားနှစ်ဦးကို ထပ်မံလက်လွှတ်ရမည်ဖြစ်သည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ခံစစ်ကစားသမားအများစု မကြာခဏဒဏ်ရာရရှိနေပြီး အစောပိုင်းကလည်း အဓိက ခံစစ်ကစားသမားများဖြစ်သည့် မာတီနက်ဇ်၊ ဗာရာနီ၊ လင်ဒီလော့ဖ်နှင့် အီဗန်တို့ကို လက်လွှတ်ထားရချိန်တွင် ယခုအခါ ခံစစ်ကစားသမား ကမ်ဘွာလာကိုပါ ထပ်မံလက်လွှတ်ရမည်ဖြစ်သည်။

လူငယ်ခံစစ်ကစားသမား ကမ်ဘွာလာသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းမှ ဝါရင့်ဗဟိုခံစစ်ကစားသမားများ ဒဏ်ရာအသီးသီးရရှိနေချိန်တွင် နည်းပြတန်ဟတ်၏ ယုံကြည်မှုနှင့်အတူ ပွဲစဉ်အချို့ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ခြေစွမ်းကောင်းများ ပြသနိုင်ခဲ့သော်လည်းလေ့ကျင့်ရေးအစီအစဉ်တွင် အသေးစားဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

အလားတူ မေဆင်မောင့်သည်လည်း ယခုနှစ်ဘောလုံးရာသီတွင် ချဲလ်ဆီးအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက်ဒဏ်ရာကြောင့် မကြာခဏအနားယူနေခဲ့ရသူဖြစ်ပြီး အသင်းနှင့်အတူ ၁၂ ပွဲခန့်သာကစားခဲ့ရာ ဒဏ်ရာရရှိခဲ့သဖြင့် ထပ်မံအနားယူရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# ကာဒီဇက်ကိုအနိုင်ရခဲ့သည့် ဂျီရိုနာအသင်း ပထမဆုံးအကြိမ် ဥရောပပြိုင်ပွဲကစားခွင့်ရရှိ



**မက်ဒရစ် ဧပြီ ၂၁**

လာလီဂါ အမှတ်ပေးပြိုင်ပွဲအဖြစ် ဂျီရိုနာအသင်းနှင့်ကာဒီဇက်အသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် ကာဒီဇက်အသင်းက လေးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သောကြောင့်လာမည့်နှစ်ဘောလုံးရာသီတွင် ဥရောပပြိုင်ပွဲကစားခွင့်ရရှိရန် သေချာခဲ့ပြီး သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဥရောပပြိုင်ပွဲ ကစားခွင့်ရရှိခဲ့ကြောင်း သိရသည်။

ဂျီရိုနာအသင်းသည် ကာဒီဇက်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် အမှတ်ပေးပြိုင်ပွဲ ၃၂ ပွဲကစားအပြီးတွင် ရမှတ် ၆၈ မှတ်ရရှိကာ အဆင့်(၃) နေရာတွင်ရပ်တည်နိုင်ခဲ့ပြီး အဆင့်(၆)မှ ဆိုစီဒက်အသင်းနှင့် ရမှတ် ၁၈ မှတ်ထိ ကွာဟနေသောကြောင့် လက်ကျန်ပွဲ ခြောက်ပွဲအလိုတွင် ဥရောပပြိုင်ပွဲ ကစားခွင့်ရရှိရန် သေချာခဲ့ခြင်းဖြစ်သည်။

ဂျီရိုနာအသင်းသည် ပြီးခဲ့သည့်ရက်သတ္တပတ်က အေတီကိုအသင်းနှင့် တွေ့ဆုံခဲ့ရာ သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ယခုပွဲစဉ်တွင် ကာဒီဇက်အသင်းကို ပွဲချိန် ၉ မိနစ်တွင် ဂါစီယာ၊ပွဲချိန် ၂၂ မိနစ်တွင် မာတင်၊ ပွဲချိန် ၇၁ မိနစ်တွင် ဒိုဘိခ်၊ ပွဲချိန် ၈၂ မိနစ်တွင် ပေါ်တူတို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့ကာ ချေပဂိုးတစ်ဂိုးသာ ခွင့်ပြုခဲ့ရသောကြောင့် လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ထို့ပြင် အဆင့်(၃) နေရာတွင်ရောက်ရှိနေသည့် ဂျီရိုနာအသင်းသည် လာမည့်ပွဲစဉ်များတွင် လက်ပါးမက်အသင်း၊ဘာစီလိုနာအသင်း၊ အလာဗက်အသင်း၊ ဗီလာရီးရဲလ်အသင်း၊ ဗလင်စီယာအသင်း၊ဂရန်နာဒါအသင်းတို့နှင့် ကစားရမည်ဖြစ်သော်လည်း ရလဒ်ကောင်းရရှိပါက ချန်ပီယံလိဂ် ယှဉ်ပြိုင်ခွင့်ရရှိရန် အခွင့်အရေးများ ရှိနေကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# Barcelona Open ဖိုင်နယ်ပွဲသို့ စတီဖာနို့စ်နှင့် ကပ်ပါစရုဒ်တို့ တက်ရောက်

**ဘာစီလိုနာ ဧပြီ ၂၁**

စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ကျင်းပနေသည့် Barcelona Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့ကြသော ဂရိတင်းနစ်ကစားသမား စတီဖာနို့စ်နှင့် နော်ဝေတင်းနစ်ကစားသမား ကပ်စပါရုဒ်တို့သည် ဖိုင်နယ်ပွဲအဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

စတီဖာနို့စ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် ဆာဘီးယားတင်းနစ်ကစားသမား လာဂျိုဗစ်နှင့်ယှဉ်ပြိုင်ကစားခဲ့ရပြီး (၅-၇၊ ၆-၄၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကပ်စပါရုဒ်က ဆီမီးဖိုင်နယ်အဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား အက်ချီဗာရီနှင့်ယှဉ်ပြိုင်ကစားခဲ့ရပြီး (၇-၆၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိကာ ဖိုင်နယ်ပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

စတီဖာနို့စ်နှင့် ကပ်စပါရုဒ်တို့သည် ပြီးခဲ့သည့်ရက်သတ္တပတ်က Monte Carlo Masters တင်းနစ်ပြိုင်ပွဲ ဖိုင်နယ်ပွဲတွင် တွေ့ဆုံခဲ့ပြီး ယင်းပြိုင်ပွဲတွင် စတီဖာနို့စ်က အနိုင်ရရှိခဲ့သည်။

သီတင်းတစ်ပတ် အကြာတွင် Barcelona Open တင်းနစ်ပြိုင်ပွဲ ဖိုင်နယ်ပွဲအဆင့်တွင် ထပ်မံရင်ဆိုင်ရတော့မည်ဖြစ်ပြီး ကပ်စပါရုဒ်အနေဖြင့် Monte Carlo Masters တင်းနစ်ပြိုင်ပွဲတွင် ဖိုင်နယ်ပွဲမှ ရှုံးကြေးကိုပြန်ဆပ်နိုင်ရန် မျှော်လင့်နေသကဲ့သို့ စတီဖာနို့စ်က ပြိုင်ပွဲနှစ်ရပ်ဆက်တိုက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်သည့် ကစားသမားဖြစ်ခွင့်ရရေးအတွက် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**





# ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းနှင့်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးသွားမည်ဟု အင်တာမီလန်အသင်းနည်းပြအင်ဇာဂီပြောကြား

**ရောမ ဧပြီ ၂၁**

အင်တာမီလန်အသင်းနည်းပြ အင်ဇာဂီက မိမိအနေဖြင့် အသင်းတွင် ပျော်ရွှင်မှုရှိနေပြီး ယခုနှစ်ဘောလုံးရာသီအကုန်တွင်အသင်းနှင့်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၄၈ နှစ်ရှိ နည်းပြအင်ဇာဂီသည် ၂၀၂၁ ခုနှစ် ဇူလိုင်လကအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းကို အီတလီစီးရီးအေပြိုင်ပွဲတွင် အဆင့်(၃)နေရာ၌ ရပ်တည်အောင် စွမ်းဆောင်ထားနိုင်ခဲ့သကဲ့သို့ ကိုပါအီတာလီယာဖလားပြိုင်ပွဲတွင်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ထို့ပြင် နည်းပြ အင်ဇာဂီသည် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အသင်းကို ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဖိုင်နယ်ပွဲထိပို့ဆောင်ပေးနိုင်ခဲ့သော်လည်း မန်စီးတီးအသင်းကို အရေးနိမ့်ခဲ့သည့်အတွက် ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

နည်းပြအင်ဇာဂီသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အေတီကိုအသင်းကို ရှုံးနိမ့်ပြီး (၁၆)သင်းရှုံးထွက်အဆင့်မှထွက်ခွာခဲ့ရသော်လည်း အီတလီစီးရီးအေပြိုင်ပွဲတွင်၃၂ပွဲကစားပြီးချိန်တွင် ရမှတ် ၈၃မှတ်ဖြင့်အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်နေပြီး အဆင့်(၂)နေရာမှ အေစီမီလန်အသင်းကို ရမှတ် ၁၄မှတ်ထိဖြတ်တောက်ထားနိုင်သည့်အတွက် ရာသီမပြီးဆုံးမီ ချန်ပီယံဆုဆွတ်ခူးနိုင်ရန်သေချာနေပြီဖြစ်သည်။

နည်းပြအင်ဇာဂီနှင့် အင်တာမီလန်အသင်းတို့စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး အင်တာမီလန်အသင်းကလည်း သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်ထားသည်။

အစောပိုင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် နည်းပြကလော့ပ်နှင့် လမ်းခွဲမည့် လီဗာပူးအသင်းက နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းလျက်ရှိနေသော်လည်း အင်ဇာဂီက အင်တာမီလန်အသင်းနှင့်သာ ဆက်လက်လက်တွဲရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# ကမ္ဘာမြေကြီးကျန်းမာဖို့ ပလတ်စတစ်သုံးစွဲမှု ဂရုပြုစို့

မေတ္တာမိုးနှင်း(ပဲခူး)

စာရေးသူတို့နေထိုင်ရာကမ္ဘာကြီးသည် လူအပါအဝင်သတ္တဝါအားလုံးအတွက်အရေးကြီးဆုံး မှီတင်းနေထိုင်ရသည့် တစ်ခုတည်းသောသဘာဝလက်ဆောင်ကြီးပင်ဖြစ်သည်။ လက်ဆောင်ဟူသည်ကား မည်မျှသော အရွယ်အစားဖြစ်စေ၊ မည်သို့သောအခြေအနေ အချိန်ကာလဖြစ်စေ တန်ဖိုးထားရသောအရာ ဖြစ်သည်။ သဘာဝမှ အခမဲ့ရရှိထားသည့် တစ်ခုတည်းသော ကမ္ဘာကြီးသည် မြေထု၊ ရေထု၊ လေထုတို့ဖြင့် ဖွဲ့စည်းထားပြီး တန်ဖိုးဖြတ်၍မရသောကြောင့် လူသားတိုင်းတန်ဖိုးထားကြရမည်သာဖြစ်သည်။

**ကမ္ဘာမြေနေ့**

သဘာဝ၏လက်ဆောင်ဖြစ်သော ကမ္ဘာကြီးသည် လူသားတို့အတွက် နေထိုင်ရေး၊ စားသောက်ရေး၊ ဝတ်ဆင်ရေးအစရှိသော လိုအင်ဆန္ဒအားလုံးကို ဖြည့်ဆည်းပေးလျက်ရှိသည်။ မြေထု၊ ရေထု၊ လေထုများကို ထိန်းညှိဆောင်ရွက်ပေးနိုင်သော သဘာဝပေါက်ပင်များကိုလည်း ထမ်းပိုးသယ်ဆောင်ထားရသည်။ လိုအပ်သမျှ ပေးစွမ်းဆောင်ရွက်ပေးနေသော ကမ္ဘာကြီးကို လူသားတချို့က လျစ်လျူရှု၍လည်းကောင်း၊ သတိကင်းမဲ့စွာဖြင့်လည်းကောင်း စာနာမှုကင်းမဲ့စွာပြုမူသောကြောင့် ပျက်စီးယိုယွင်းလာပြီဖြစ်သည်။ ယခုလက်ရှိအချိန်၌ လူသားတိုင်းအပူဒဏ်ကို ခံစားကြရသည်မှာ လူသားတို့၏သတိမမူဘဲ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသောကြောင့်ပင်ဖြစ်သည်။ ကမ္ဘာမြေနေ့ကို နှစ်စဉ်နှစ်တိုင်း ဧပြီ ၂၂ ရက်တွင် ကျင်းပလေ့ရှိသည်။ ထိုနေ့တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ အထောက်အပံ့ဖြစ်စေမည့် သရုပ်ပြပွဲများဖြင့် ကျင်းပလေ့ရှိသည်။ ၁၉၇၀ ပြည့်နှစ်တွင် ပထမဆုံးကျင်းပနိုင်ခဲ့ပြီး ယခုအခါ Earth Day Network က ဦးစီးဦးရွက်ပြု၍ နိုင်ငံပေါင်း ၁၉၂ နိုင်ငံတွင် ကျင်းပလျက်ရှိသည်။

၁၉၆၉ ခုနှစ်က ဆန်ဖရန်စစ္စကိုမြို့၌ ကျင်းပခဲ့သော ယူနက်စကိုကွန်ဖရင့်တွင် ငြိမ်းချမ်းရေးတက်ကြွလှုပ်ရှားသူ ဂျွန်မက်ကော်နယ်ဆိုသူက ကမ္ဘာကြီး၏ကျေးဇူးတရားများအတွက် အထိမ်းအမှတ်နေ့တစ်နေ့ပြုလုပ်ရန် အဆိုတင်သွင်းခဲ့ရာ ကမ္ဘာမြောက်ဘက်ခြမ်းဒေသ၏ နွေဦးကာလ ပထမနေ့ဖြစ်သော ၁၉၇၀ ပြည့်နှစ် မတ် ၂၁ ရက်တွင် စတင်ကျင်းပနိုင်ခဲ့သည်။ သဘာဝ၏ သမမျှတသောအခြေအနေရှိသည့် ထိုနေ့ကို ဂျွန်မက်ကော်နယ်ရေးသားပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်က လက်မှတ်ရေးထိုးထားသော ကြေညာချက်တွင် ခွင့်ပြုခဲ့သည်။ တစ်လအကြာ ၁၉၇၀ ပြည့်နှစ် ဧပြီ ၂၂ ရက်တွင် အမေရိကန် ဆီနိတ်တာဂေးလော့ဒ်နယ်ဆင်ဆိုသူက ကျင်းပသည့် ပတ်ဝန်းကျင်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ၌ ကမ္ဘာမြေနေ့ကို ကျင်းပခဲ့သည်။ နောက်များမကြာမီတွင် သူ၏လုပ်ငန်းများကို အသိအမှတ်ပြုသောအားဖြင့် နယ်ဆင်အား Presidential Medal of Freedom Award ချီးမြှင့်ခြင်းခံခဲ့ရသည်။ အမေရိကန်နိုင်ငံတွင် ဧပြီ ၂၂ ရက်ကို ကမ္ဘာမြေနေ့အဖြစ် အစဉ်တစိုက်ကျင်းပနေစဉ် အမျိုးသားညှိနှိုင်းရေးမှူးဖြစ်သူ ဒင်းနစ်ဟေးအီးစ်ဆိုသူက နိုင်ငံပေါင်း ၁၄၁ နိုင်ငံကိုစုစည်းပြီး အပြည်ပြည်ဆိုင်ရာနေ့အဖြစ် ၁၉၉၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည်။ နိုင်ငံပေါင်းမြောက်မြားစွာ၌ ကမ္ဘာမြေရက်သတ္တပတ်အဖြစ်ကျင်းပကြပြီး တစ်ပတ်လုံးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အာရုံစူးစိုက် လုပ်ကိုင်ကြသည်။

၂၀၁၉ ခုနှစ် ဧပြီ ၂၂ ရက်တွင် ကျရောက်သော အမိကမ္ဘာမြေနေ့သည် (၅၄) နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပြီး ယခုနှစ်၏ဆောင်ပုဒ်မှာ "Planet vs Plastics"ဖြစ်သည်။ ဤဆောင်ပုဒ်၏ရည်ရွယ်ချက်မှာ လူသားများအနေဖြင့် ပလတ်စတစ်ကြောင့်ဖြစ်စေသော ကျန်းမာရေးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်၊ တစ်ခါသုံးပလတ်စတစ်များကို လျင်မြန်စွာဖယ်ရှားရန်၊ ပလတ်စတစ်သုံးစွဲမှု အလျင်အမြန်အဆုံးသတ်စေရန်ဖြစ်သည်။ ၂၀၄၀ ပြည့်နှစ်တွင် ပလတ်စတစ်အမှုန်အမွှား ၈၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်ရန်လည်း ရည်မှန်းထားခြင်းဖြစ်သည်။

**ပလတ်စတစ်ညစ်ညမ်းမှု**

မိမိတို့၏ နေ့စဉ်လူမှုဘဝများတွင် ပလတ်စတစ်ပစ္စည်းအမျိုးမျိုးတို့ကို တွင်တွင်ကျယ်ကျယ်သုံးစွဲနေကြသော်လည်း ၎င်းပစ္စည်းတို့၏အန္တရာယ်အကြောင်းကို စဉ်းစားမိသူများ လွန်စွာနည်းပါးမည် သို့မဟုတ် စဉ်းစားသူမရှိဟုပင် ယူဆနိုင်သည်။ ကမ္ဘာပေါ်တွင် နှစ်စဉ် ပလတ်စတစ်ပစ္စည်းမက်ထရစ်တန်ချိန် သန်း ၃၀၀ ခန့် ထုတ်လုပ်သုံးစွဲနေရာ ထက်ဝက်ခန့်မှာ တစ်ခါသုံးပစ္စည်းများဖြစ်ကြောင်း ခန့်မှန်းထားကြသည်။ ပလတ်စတစ်သည် ပြန်လည်ပြုပြင်ထုတ်လုပ်နိုင်သည့်ပစ္စည်းဖြစ်သော်လည်း ကောက်ယူစုဆောင်းပြီး ပြန်လည်ပြုပြင်ထုတ်လုပ်နိုင်မှုမှာ လွန်စွာနည်းပါး၍ စွန့်ပစ်မှုနှင့်နေရာအနှံ့အပြားသို့ ပြန့်ကျဲရောက်ရှိနေမှု ရာခိုင်နှုန်းမှာ လွန်စွာများပြားသည်။




ပလတ်စတစ်၏သက်တမ်းသည် အလွန်ကြာရှည်သည်။ လူသားများသုံးစွဲနေကြသည့် ပလတ်စတစ်များ ပျက်စီးရန်အတွက် နှစ်ပေါင်းများစွာ ကြာမြင့်သည်။ ၃၃ ရာခိုင်နှုန်းသော ပလတ်စတစ်အသုံးအဆောင်များဖြစ်သည့် ရေသန့်ဘူး၊ ပလတ်စတစ်အိတ်နှင့် ကော်ပိုက် စသည့်ပစ္စည်းများကို တစ်ကြိမ်တစ်ခါသုံးပြီးသည်နှင့် လွှင့်ပစ်လိုက်ကြသည်။ သုတေသနပညာရှင်များ၏ ခန့်မှန်းချက်အရ သာမန်ပလတ်စတစ်များသည် သဘာဝအတိုင်းပျက်စီးရန်အတွက် နှစ် ၅၀ မှ နှစ် ၈၀ ထိ၊ ပလတ်စတစ်ဘူးများသည် နှစ် ၅၀၀၊ ကြွပ်ကြွပ်အိတ်များသည် နှစ် ၂၀၀ မှ ၁၀၀၀ ကြားကြာမြင့်မှသာ ဆွေးမြည့်ပျက်စီးသည်ဟုဆိုကြသည်။ ပြိုကွဲပျက်စီးခဲ့သော်လည်း ပလတ်စတစ်ဒြပ်ပေါင်းအပိုင်းအစလေးများအဖြစ် ကျန်ရှိနေဦးဖြစ်ပေသည်။

စွန့်ပစ်ပလတ်စတစ်ပစ္စည်းများ ဆွေးမြည့်နေစဉ်အတွင်း အဆိပ်အတောက်ဓာတ်ပစ္စည်းများထွက်လာကာ မြေထုနှင့်ရေထုထဲသို့ စိမ့်ဝင်သွားကြသည်။ ထို့ပြင် မိုက်ခရိုပလတ်စတစ်အပိုင်းအစလေးများမှာ သက်ရှိဇီဝများနှင့်ဂေဟစနစ်တို့အတွက် အန္တရာယ်များဖြစ်နေကြပြီဖြစ်သည်။ နှစ်စဉ် ပလတ်စတစ်တန်ချိန် ရှစ်သန်းခန့် သမုဒ္ဒရာများထဲသို့ စီးဝင်လျက်ရှိရာ ထိုသို့ စီးဝင်သည့်ထဲတွင် မြန်မာနိုင်ငံမှမက်ထရစ်တန်ချိန် တစ်သိန်းခန့်ပါဝင်သည်။ ပင်လယ်သမုဒ္ဒရာထဲသို့စီးဝင်နေသော ပလတ်စတစ်အမှိုက်များကို ကမ္ဘာ့နိုင်ငံများက ထိန်းချုပ်နိုင်မှုမရှိလျှင် ပင်လယ်သမုဒ္ဒရာအတွင်းရှိ ရေနေသတ္တဝါမျိုးစိတ်များထက် ပလတ်စတစ်အမှိုက်များက ပိုမိုများပြားနေမည်ဖြစ်သည်။ ကမ္ဘာ့လူဦးရေများပြားလာသည်နှင့်အမျှ စွန့်ပစ်လိုက်သောအမှိုက်ပမာဏသည်လည်း ပိုမိုများပြားလာပြီး ပလတ်စတစ်အမှိုက်များ၏ ညစ်ညမ်းမှုအန္တရာယ်မှာလည်း ကမ္ဘာတစ်ဝန်းလုံး တွေ့ကြုံနေရပေသည်။ မြန်မာနိုင်ငံမှ တစ်နှစ်လျှင် စွန့်ပစ်ပလတ်စတစ်မက်ထရစ်တန် သုည ဒသမ ၄၆ သန်းခန့်ရှိပြီး ၂၀၁၅ ခုနှစ် ကမ္ဘာလုံးဆိုင်ရာအချက်အလက်များအရ ပလတ်စတစ်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အားနည်းသည့်နိုင်ငံများထဲတွင် မြန်မာနိုင်ငံက အဆင့် (၂၀) တွင် ရှိနေသည်။

**ပလတ်စတစ်ညစ်ညမ်းမှုဆိုးကျိုးများ**

ပလတ်စတစ်သုံးစွဲမှုနှင့် ညစ်ညမ်းမှုတို့သည် လူသတ္တဝါတို့၏ ကျန်းမာရေးကို ထိခိုက်နိုင်သည်။ ပလတ်စတစ်အသုံးအဆောင်မှထွက်လာသော အဆိပ်အတောက်ဓာတုပစ္စည်းများကိုလူများ၏ သွေးကြောနှင့်တစ်ရှူးများတွင် စမ်းသပ်တွေ့ရှိနိုင်သည်။ ပလတ်စတစ်ရေသန့်ဘူးများ၊ ပလတ်စတစ်အိတ်များနှင့် ပူလောင်နေသော အစားအသောက်များကို သယ်ဆောင်သည့်အခါတွင် ပလတ်စတစ်မှ စိမ့်ထွက်လာသော ဓာတုပစ္စည်းများသည် လူ့ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်လာသည်။ ထိုသို့သော အဆိပ်အတောက်များကြောင့် ကင်ဆာရောဂါ၊ မွေးရာပါချို့တဲ့မှု၊ ကိုယ်လက်အင်္ဂါမစုံမှု၊ ကိုယ်ခံအားကျဆင်းမှု၊ ဟော်မုန်းဆိုင်ရာပျက်စီးမှုနှင့် အစာလမ်းကြောင်းတစ်လျှောက် ပျက်စီးမှုများ ဖြစ်လာနိုင်သည်။

ပလတ်စတစ်ညစ်ညမ်းမှုသည် ရေအောက်ရေအရင်းအမြစ်ကို ပျက်စီးစေသည်။ မြောင်းများမှတစ်ဆင့် လွှင့်ပစ်ခဲ့ကြသည့် ပလတ်စတစ်အမှိုက်များသည် မြစ်ချောင်းနှင့်ပင်လယ်ထဲသို့ စီးဆင်းသွားကြပြီး ရေအရင်းအမြစ်ကို ထိခိုက်စေသည်။ ပလတ်စတစ်သည် အခြားသောညစ်ညမ်းပစ္စည်းများကိုလည်း ဆွဲဆောင်သည်။ ပလတ်စတစ်တွင်ပါဝင်သော ဒြပ်မှုန်များသည် ရေကိုတွန်းကန်လိုက်ပြီး အခြားသော ဆီများနှင့် ဖုံးလွှမ်းနေသောအဆိပ်များကိုလည်း ဆွဲငင်နိုင်သည်။ ပလတ်စတစ်အချင်းချင်းလည်း စုပုံပေါင်းစည်းနိုင်သည်။ သမုဒ္ဒရာများထဲတွင် ပလတ်စတစ်အမှိုက်များ စုပုံနေရခြင်းမှာ ဤအကြောင်းရင်းများကြောင့်ပင်ဖြစ်သည်။

ပင်လယ်ထဲသို့ရောက်သွားသည့် ပလတ်စတစ်များသည် လူသားများဆီကိုလည်း တစ်နည်းတစ်ဖုံဖြင့် ပြန်ရောက်လာသည်ကို သက်သေပြနိုင်သည့် အစီရင်ခံစာတစ်ခု ထွက်ပေါ်လာခဲ့သည်။အဆိုပါအစီရင်ခံစာအရ အိမ်သုံးဆားများ၏ ၉၀ ရာခိုင်နှုန်းမှာ သေးငယ်သောပလတ်စတစ်အပိုင်းအစများ ပါဝင်နေသည်ဟုဆိုသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တစ်ခုဖြစ်သော Greenpeace East Asia အဖွဲ့နှင့် တောင်ကိုရီးယားမှပညာရှင်များက ဥရောပ၊ အာရှ၊ တောင်အမေရိက၊ မြောက်အမေရိကနှင့် အာဖရိကနိုင်ငံများမှထွက်သည့် ဆားအမျိုးအစား ၃၉ မျိုးကို လေ့လာသည့်အခါ ၃၆ မျိုးမှာ မိုက်ခရိုပလတ်စတစ်ပါဝင်နေသည်ကို တွေ့ရှိခဲ့ကြသည်ဟုဆို၏။ ထိုသုတေသနအရ အာရှနိုင်ငံများက ထုတ်လုပ်သည့်ဆားများတွင် မိုက်ခရိုပလတ်စတစ်ပါဝင်မှု ပိုမိုများပြားနေသည်ကို သိရှိရသည်။ အစားအစာများမှတစ်ဆင့် မိုက်ခရိုပလတ်စတစ်များသည် လူ့ခန္ဓာကိုယ်ထဲ ရောက်ရှိသွားသည့်အခါ ပါဝင်သောဓာတုပစ္စည်းများကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကင်ဆာ၊ အစာအိမ်၊ အူလမ်းကြောင်းနှင့်ဆက်စပ်သည့်ကင်ဆာ၊ မျိုးပွားမှုဟန့်တားခြင်းတို့ကိုလည်း ဖြစ်စေနိုင်သည်။ မြန်မာနိုင်ငံတွင်လည်း ပင်လယ်ရေမှ ဆားထုတ်လုပ်ခြင်းရှိသည့်အတွက် အိမ်သုံးဆားတွင် မိုက်ခရိုပလတ်စတစ်ပါဝင်မှု အနည်းနှင့်အများ ရှိနိုင်ပေသည်။

ပလတ်စတစ်အမှိုက်များသည် တောရိုင်းတိရစ္ဆာန်များကိုလည်း အန္တရာယ်ဖြစ်စေသည်။ တောရိုင်းတိရစ္ဆာန်များသည် ပလတ်စတစ်ကို အစာနှင့်မှားပြီး စားတတ်ကြသကဲ့သို့ သူတို့၏ သား၊ သမီးများကိုလည်း မှားယွင်းစွာကျွေးတတ်ကြခြင်းကြောင့် သေဆုံးပျက်စီးကြရသည်။ ပလတ်စတစ်အမှိုက်သည် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည်။ အမေရိကန်နိုင်ငံတွင် တစ်နှစ်အတွင်း ပလတ်စတစ်တန်ချိန် သန်း ၃၀ ကျော်စွန့်ပစ်ရလေ့ရှိသည်။ တန်ချိန်သန်း ၃၀ ကျော်ထဲက ရှစ်သန်းခန့်ကိုသာ ပြန်လည်သုံးစွဲနိုင်ခဲ့သည်။ ကျန်ရှိသော ၂၂ သန်းကျော်သည် ပင်လယ်၊ သမုဒ္ဒရာများထဲ၌ စုပုံရောက်ရှိသွားပေသည်။ ထို့ကြောင့် ပလတ်စတစ်ညစ်ညမ်းမှုသည် ကမ္ဘာ့စီးပွားရေးကို ပျက်စီးစေသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်း၊ အပန်းဖြေနိုင်သည့်လှပသောနေရာများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ တောရိုင်းတိရစ္ဆာန်များ၊ ငှက်များနှင့်ပင်လယ်သတ္တဝါများကို အမျိုးမျိုးထိခိုက်စေသည်။ ထို့ကြောင့် ကမ္ဘာ့စီးပွားရေးစနစ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပျက်စီးစေနိုင်သည်။

**ပလတ်စတစ်သုံးစွဲမှု ဂရုပြု**

ပလတ်စတစ်အမှိုက်ပြဿနာကို ဖြေရှင်းရန်အတွက် လူသားအားလုံးနှင့် သက်ဆိုင်ပေသည်။ လူသားတို့နှင့်သဘာဝပတ်ဝန်းကျင် ဘက်မျှစွာရှင်သန်နေမှသာ ကောင်းမွန်သောအနာဂတ်ကမ္ဘာကြီးတစ်ခုတည်ဆောက်ခြင်း ပြုလုပ်နိုင်ပေလိမ့်မည်။ ပါရီသဘောတူညီချက်အရ ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေးအစီအစဉ်သည် အကြိမ်ကြိမ်အဖန်ဖန်ပြန်သုံးစွဲခြင်း (Reuse)၊ ကုန်ကြမ်းအဖြစ် တစ်ဖန်ပြန်လည်သုံးစွဲခြင်း (Recycle)၊ ပစ္စည်းအမျိုးအမည်အမျိုးမျိုးအစားထိုးသုံးစွဲခြင်း (Replace) တို့အပေါ်အခြေခံထားသည်။

ပလတ်စတစ်ကို အကြိမ်ကြိမ်အဖန်ဖန်ပြန်သုံးခြင်းသည် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်။ ပလတ်စတစ်ညစ်ညမ်းမှုကို ၃၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်မည်ဖြစ်ပေသည်။ တစ်ခါတည်းသာ ထည့်သုံးနိုင်သည့် ထုပ်ပိုးပစ္စည်းအစား အကြိမ်ကြိမ်အဖန်ဖန်ပြန်ထည့်သုံးနိုင်သည့် ထုပ်ပိုးပစ္စည်းများပြောင်းလဲသုံးစွဲလာကြမည်ဖြစ်သည်။ ကုန်ကြမ်းအဖြစ် တစ်ဖန်ပြန်သုံးစွဲခြင်းကို ထိထိရောက်ရောက်လုပ်နိုင်လျှင် ပလတ်စတစ်ညစ်ညမ်းမှုကို ၂၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်မည်ဖြစ်သည်။ ပလတ်စတစ်အစား အခြားအရာ၊ ဆွေးမြည့်ပျက်စီးလွယ်ပစ္စည်းများနှင့် အစားထိုးသုံးစွဲခြင်းသည် ပလတ်စတစ်ညစ်ညမ်းမှုကို ၁၇ ရာခိုင်နှုန်းထိလျှော့ချပေးနိုင်မည်ဖြစ်ပေသည်။

ထို့ကြောင့် လူသားတို့အတွက် ဆိုးကျိုးများသည့် ပလတ်စတစ်ကို အသုံးမပြုရန်၊ မသုံး၍မဖြစ်လျှင် လျှော့သုံးရန်၊ ပြန်လည်သုံးစွဲရန်၊ စနစ်တကျစွန့်ပစ်ရန် လိုအပ်သည်။ မြန်မာနိုင်ငံတွင်လည်း သရီးအာ (3R) စနစ်ဖြစ်သည့် ပြန်သုံးစွဲခြင်း (Reuse)၊ ပလတ်စတစ်အသုံးပြုမှုလျှော့ချခြင်း (Reduce)၊ စွန့်ပစ်ပစ္စည်းများ ကုန်ကြမ်းအဖြစ်ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) ဖြင့် ပလတ်စတစ်အမှိုက်ညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းနေပြီဖြစ်သည်။ ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ဆိုးကျိုးဖြစ်စေသည့် ပလတ်စတစ်သုံးစွဲမှုကို အထူးဂရုပြုကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

**ကိုးကား**

– **သန့်မြန်မာ (ပလတ်စတစ်အကြောင်း မုံပြစာတမ်း ၁၉၂၀)**

# YRTWC approves more than 150 licences for hotels and tourism services in March 2024


Foreign tourists visiting the Shwedagon Pagoda in Yangon.

**Yangon April 21**

According to the Yangon Region Tourism Working Committee, more than 150 hotels and tourism industries have been issued licences for their services in March 2024.

These services comprise hotel service, hotel construction, inbound tourism, outbound tourism, tour guide, and local pilgrimage services.

In March, the committee issued licences to 154 hotels and tourism services. In this regard, the committee approved four licences for hotel service and one for hotel construction for the purpose of 452 rooms. All services were invested with K20.74 billion and US$4.63 million.

Moreover, the committee approved 64 licences for inbound tourism services, 42 for outbound tourism services, 21 tour guide services and 22 local pilgrimage services.

Thanks to approval of tourism services in March 2024, they can create 139 job opportunities in the hotel sector and 298 in tourism services, totalling 437.

In 2023, the regional committee approved K33.178 billion of investment from Myanmar citizens in the hotels sector, to create jobs for 309 local people.

336

# Palestinian Authority to "reconsider" relations with U.S.: president

**Tamallah April 21**

Palestinian President Mahmoud Abbas has said that the Palestinian Authority will reconsider bilateral relations with the United States "in light of its unyielding support for Israel," the official news agency WAFA reported Saturday.

He made the remarks in an interview with WAFA after the U.S. vetoed a draft United Nations resolution advocating for full membership for Palestine in the organization.

Abbas denounced the U.S. move as "disappointing, regrettable, shameful, irresponsible, and unjustified," saying it was a blatant aggression against the rights of the Palestinian people and a challenge to "the will of the international community."

He stressed that "we will reconsider bilateral relations with the United States to ensure the protection of the interests of our people, our cause, and our rights."

The president also slammed U.S. support for Israel in its aggression against the Palestinian people by providing Israel with weapons and funds, stating that it "will not bring security and peace to anyone."

Xinhua

# Myanmar aims to plant 600,000 acres of cotton in 2024-2025 FY

**Nay Pyi Taw April 21**

Myanmar is aiming to plant 600,000 acres of cotton in 2024-2025 FY, according to reports from the Ministry of Agriculture, Livestock and Irrigation.

Cotton is the most important industrial raw material crop for the development of MSME industries based on natural cotton. Therefore, it is now encouraging and promoting the cultivation of cotton and achieving the desired output.

In doing so, efforts will be made from self-sufficiency in the country to being able to export abroad.

Therefore, up to 19 cotton cultivation zones have been identified in six states and regions and 612,712 acres of cotton are planned to grow in 2024-2025 FY.

In addition, the cotton cultivation area will be increased year by year and in 2027-2028 FY, Myanmar is planning to cultivate 747,000 acres of cotton with the yield of 700 visses per acre.

For the successful implementation of these cotton farming projects, the responsibility will be assigned to those in charge according to the zone.

336


A thriving cotton plantation.

# Turkish, Egyptian FMs call for action to end crises in Middle East

**Istanbul April 21**

Turkish and Egyptian foreign ministers emphasized that the military confrontation and crises in the Middle East could potentially widen to a larger area, underscoring the necessity for urgent action.

Hakan Fidan and Sameh Shoukry met in Türkiye's Istanbul on Saturday to discuss current regional challenges and bilateral relations.

"Conflicts, incomprehension, and violence must not continue," said Shoukry at a joint conference with Fidan. "There is a possibility that the conflict may spread. The tension between Iran and Israel has increased... We have called for restraint," he noted.

The Egyptian foreign minister also noted that the strain between Iran and Israel diverted the international community's attention from the "tragic situation" in Gaza, underscoring the significance of delivering aid to the region.

Shoukry called for the immediate opening of six Israeli crossings with Gaza for humanitarian aid, stressing that any failure to do so constitutes a violation of international law.

Xinhua


Turkish Foreign Minister Hakan Fidan (R) and Egyptian Foreign Minister Sameh Shoukry attend a joint press conference in Istanbul, Türkiye, April 20, 2024.

# Mandalay Region's Agricultural Program Boosts Farmer Support and Crop Diversity

**Mandalay April 21**

In the Mandalay Region, as part of the Regional Program of the National Economic Promotion Fund, 3,489.97 million kyats have been lent to farmers cultivating summer paddy and other crops, according to U Toe Min, the head of the Mandalay Region Agriculture Department.

The aim is to stabilize market prices, boost farmers' income, and drive economic development in the country. The program will also promote the cultivation of additional crops such as cotton, peanuts, sesame, wheat, coffee, grapes, mangoes, and bananas.

This initiative is designed to benefit all stakeholders involved in the project by creating more job opportunities, facilitating private sector access to foreign markets, and fostering collaboration. Loans for summer paddy and other crops have been available since March at an interest rate of 0.5 kyat per month.

In the 2023-2024 period, the National Economic Promotion Fund allocated funds for the Oil Crop (Peanut, Sesame, Sunflower) Project. The funding includes 29,550 acres for peanuts at 300,000 Kyats per acre, 5,750 acres for sesame at 1.5 million kyats per acre, and 15,318 acres for sunflowers at 200 kyats per acre, totaling 12,791.1 million kyats for 50,618 acres of oil crops. Additionally, for the 2023-2024 period, the Summer Paddy Project supported by the National Economic Promotion Fund covered 32,578 acres, representing an increase of 6,515.60 million kyats compared to the previous year.

185

# Apartments from Aung Myint Moh Housing Project offered through CHID Bank's low-interest loan programs


Apartment units of Aung Myint Mo housing in Dagon Myothit (South) Township.

**Yangon April 21**

The apartments in the Aung Myint Moh housing project will be sold through the loan programs of the Construction, Housing and Infrastructure Development Bank (CHID Bank) in May 2024, according to the Ministry of Construction.

The housing project, located in Dagon Myothit (South) Township, is developed by Department of Urban and Housing Development under the Ministry of Construction.

The apartments will be sold to 2,293 people who have saved at least housing savings of 3 million kyats at the bank on December 31, 2023.

Participants can register and apply through DUHD Sale Housing's Facebook Page messenger. Applying through Facebook Page messenger will be accepted from April 22 to May 3, 2024 from 9:30 am to 4:30 pm on office days.

According to the number of rooms to be sold, among those who registered to buy, the rooms will be sold by draw according to the number of the bank's tonnage table. Those who won the right to buy an apartment must take out a housing loan. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 6,000 acres of pre-monsoon green gram planted in Kanbalu Township

**Kanbalu April 21**

The statistics of Kanbalu Township Agriculture Department stated that a total of 6,562 acres of croplands have been placed under pre-monsoon green gram in Kanbalu Township of Sagaing Region.

Local growers have planted 6,562 acres of pre-monsoon green gram against the target of 6,594 acres in the township in 2023-24 financial year.

"Officials from relevant departments and local farmers are making efforts for meeting the target of growing green gram this year. Staff members of the Township Agriculture Department educate local farmers to use quality strains of crops for boosting per-acre yield of green gram and expand sown acreage," said U Myo Zaw, Head of Kanbalu Township Agriculture Department.


A green gram plantation.

Officials of Township Agriculture Department help local farmers obtain quality strains of green grams suitable for the region, systematically apply agricultural techniques, prevent pests, properly use fertilizers and boost per-acre yield of crops.

The township earmarked 22,464 acres of winter green gram in Kanbalu Township in 2023-24 financial year, but local farmers planted 22,214 acres of crops from October to December 2023. 206

# Shwebo Township finishes cultivation of more than 1,500 acres of summer sesame this year

**Shwebo April 21**

According to Shwebo Township Agriculture Department, a total of 1,576 acres of croplands were placed under summer sesame in Shwebo Township of Sagaing Region this year.

Local farmers have so far cultivated 1,576 acres of summer sesame against the target of 18121 acres earmarked in Shwebo Township in 2023-24 financial year.

"The township earmarked more than 18,000 acres of summer sesame. All are trying hard to meet the target cultivation. Our department assists in growing sesame in GAP system. Local farmers cost more than K100,000 per acre of growing sesame but each acre yields more than 16 baskets of sesame," said U Hsan Oo, Head of Shwebo Township Agriculture Department.

Officials from the Township Agriculture Department raises farmers awareness for expanding sown acreage of summer sesame, use of atricultural techniques and GAP system in addition to quality strains of crops. 206


A summer sesame plantation.

# More than 40,000 acres of kidney bean harvested in Katha District

**Katha April 21**

Local farmers have harvested 40,642 acres of kidney bean grown in last winter in Katha District of Sagaing Region, according to the statistics of Katha District Agriculture Department.

After harvesting, kidney bean yielded 17.10 baskets per acre.

"Our department renders assistance for local farmers in growing kidney bean for boosting per-acre yield with high quality, agricultural techniques, dissemination of knowledge for systematic use of inputs and post-harvest technology," said U Myint Soe, Head of Katha District Agriculture Department.

In harvesting the crops, Katha Township completed harvesting of 15,176 acres of kidney bean, Indaw Township 3,430 acres, Htigyaing Township 17,285 acres and Bamauk Township 4,751 acres, totalling 40,642 acres.

Local farmers grew 40,642 acres of kidney bean starting from October to December 2023 in 2023-24 financial year exceeding the target of 39,001 acres in Katha District.

Relevant township agricultural departments advise local farmers to expand sown acreage of kidney bean with boosting per-acre yield, use of GAP system, and quality strains of crops. 206

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## နယ်သာလန်က ပြင်သစ်နိုင်ငံ Thales ကုမ္ပဏီထံမှ GM200 MM/C ဘက်စုံသုံးရေဒါယာဉ်ခုနစ်စီး ထပ်မံဝယ်ယူခဲ့



နယ်သာလန်တပ်မတော်က ပြင်သစ်နိုင်ငံ Thales ကုမ္ပဏီထံမှ Ground Master 200 Multi-Mission/Compact (GM200 MM/C) ဘက်စုံသုံးရေဒါယာဉ်ခုနစ်စီး ထပ်မံဝယ်ယူရန် သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း Defense Post သတင်းဌာနက မေ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စာချုပ်တွင် လက်ရှိ ဝယ်ယူရေးအမှာစာထဲသို့ နောက်ထပ်ရေဒါယာဉ် နှစ်စုံ ထပ်မံဝယ်ယူရန် ပြောင်းလဲသတ်မှတ်နိုင်မည့်ရွေးချယ်ခွင့်ပါ ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေဒါယာဉ်များ ဝယ်ယူရေးသဘောတူညီချက်သည် ၂၀၁၉ ခုနှစ်တွင် မှာယူထားပြီးဖြစ်သည့် GM200 MM/C ဘက်စုံသုံးရေဒါယာဉ် ကိုးစီးနောက်တွင် ထပ်မံဝယ်ယူခဲ့ခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ်က မှာယူထားသော ရေဒါယာဉ်များသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက နယ်သာလန်တပ်မတော်သို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီးလည်းဖြစ်သည်။ လက်ရှိတွင် အဆိုပါရေဒါယာဉ်များကို လေကြောင်းကြိုတင်သတိပေးမှု စွမ်းဆောင်ရည်များ တိုးမြှင့်ရန်အတွက် မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်နှင့် ပစ်ခတ်မှုအထောက်အကူပြုတပ်ဖွဲ့တို့က တပ်ဖြန့်အသုံးပြုလျက်ရှိကြကြောင်း သိရသည်။

GM200 MM/C ဘက်စုံသုံးရေဒါ သည် စစ်မြေပြင်ရှိ အချက်အချာနေရာ၊ ဇရိယာနှင့် တပ်ဖွဲ့ဝင်များကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် မိမိတပ်ဖွဲ့များက သွယ်ဝိုက်ပစ်ကူပေးမှုများ အထောက်အပံ့ဖြစ်စေရန် နယ်သာလန်တပ်မတော်တွင် ပေါင်းစည်းတာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။

နယ်သာလန်နိုင်ငံအခြေစိုက် Thales Netherlands ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Gerben Edeljin က အဆိုပါရေဒါယာဉ်များ ဝယ်ယူရေးသဘောတူညီချက်သည် နယ်သာလန်တပ်မတော်အတွက် ဝေဟင်ပိုင်နက်လုံခြုံရေးသာမက NATO အဖွဲ့ဝင် ဥရောပနိုင်ငံများ၏ လေကြောင်းပိုင်နက် ကာကွယ်စောင့်ရှောက်ရေးအတွက် ကုမ္ပဏီက ပံ့ပိုးပေးနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ဖော်ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံပိုင် Thales ကုမ္ပဏီထုတ် GM200 MM/C ဘက်စုံသုံး ရေဒါယာဉ်သည် လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်၊ တိုက်ပွဲဝင်တာဝန်ထမ်းဆောင်နိုင်သော ရွေ့လျားစစ်ကစားမှုမြင့်မားကောင်းမွန်သည့် တာလတ်ရှာ ရေဒါအမျိုးအစားဖြစ်သည်။

အားသာချက်မှာ ကြည်းတပ်အတွက် တန်ပြန်စစ်ဆင်ရေး ဆောင်ရွက်ချက်များတွင် ရန်သူလက်နက်ကြီး တည်နေရာများ ရှာဖွေ၊ ထောက်လှမ်း၊ တန်ပြန်ချေမှုန်းနိုင်ရေးအတွက် အသုံးပြုနိုင်မည်ဖြစ်သကဲ့သို့ လေတပ်နှင့်လေကြောင်းရန်ကာကွယ်ရေး တပ်ဖွဲ့အတွက်လည်း ကြိုတင်သတိပေးမှု စွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။

ရေဒါစနစ်၏ ဆိုက်ဘာတိုက်ခိုက်မှုဒဏ်ခံနိုင်ရည်ရှိသော ဖွဲ့စည်းတည်ဆောက်မှုဒီဇိုင်းသည် တည်နေရာပြစနစ်၊ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ် (GPS/EW) အသုံးမပြုနိုင်သော အခြေအနေမျိုး၌ပင် နေ့ညမရွေး လုပ်ဆောင်နိုင်စေမည်ဖြစ်ကာ အချိန်နှင့်တစ်ပြေးညီ ပစ်မှတ်အချက်အလက်များ ဖလှယ်လုပ်ဆောင်နိုင်စေရန်အတွက် NATO အဖွဲ့၏ လျှို့ဝှက်ကွန်ရက်စနစ်များနှင့်လည်း ချိတ်ဆက်ပေးထားမည်ဖြစ်သည်။

နယ်သာလန်နိုင်ငံအပြင် ဒိန်းမတ်၊ နော်ဝေ၊ လစ်သူယေးနီးယားနိုင်ငံတို့ကလည်း အဆိုပါ GM200 MM/C ရေဒါစနစ်ကို ဝယ်ယူရန်စီစဉ်ထားကြပြီး လစ်သူယေးနီးယားနိုင်ငံက ၂၀၂၆ ခုနှစ်တွင် လက်ခံရရှိရန် မျှော်မှန်းထားသည့် GM200 MM/C ဘက်စုံသုံးရေဒါများအတွက် ယူရို ၁၂၇ သန်း (အမေရိကန်ဒေါ်လာ ၁၃၉ သန်း) တန်ဖိုးရှိ ဝယ်ယူရေးသဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီးဖြစ်သည်။ သို့သော် ဝယ်ယူတပ်ဆင်မည့် ရေဒါယာဉ်အရေအတွက်ကိုမူ လစ်သူယေးနီးယားနိုင်ငံဘက်က ထုတ်ဖော်ပြောကြားထားခြင်းမရှိကြောင်း သိရသည်။

**Netherlands Buys Seven More Mobile Radars From Thales ကို ဘာသာပြန်ဆိုထားပါသည်။**

## အီရန်နိုင်ငံက Bavar-373 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သစ်ကို ထုတ်ဖော်ပြသ

မေ ၁၇ ရက်ကကျင်းပသော အီရန်နိုင်ငံ အမျိုးသားတပ်မတော်နေ့ အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် အီရန်နိုင်ငံသည် ဘီလာရုစ်နိုင်ငံထုတ် ရှစ်ဘီးတပ်ထရပ်ကားကိုယ်ထည်ပေါ်တွင် တပ်ဆင်ထားသော Bavar-373 လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်သစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက မေ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Bavar-373 လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်သစ်တွင် အမေရိကန် F-35 ကိုယ်ပျောက်တိုက်လေယာဉ်များအပါအဝင် ပဉ္စမမျိုးဆက်တိုက်လေယာဉ်များကို ကြားဖြတ်ဟန့်တား၊ ပစ်ချနိုင်သည့် ရုရှားထုတ် S-400လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကဲ့သို့ တိုက်စွမ်းရည်များပါရှိမည်ဖြစ်သည်။

Bavar-373 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သစ်သည် ရုရှားနိုင်ငံထုတ် S-300 လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်၏ နောက်ဆုံးထုတ်ဗားရှင်းနှင့်အပြိုင် အီရန်နိုင်ငံက တီထွင်ထုတ်လုပ်ထားသည့် ယာဉ်တင်၊ တာဝေးပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သည်။ ၂၀၁၉ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် အီရန်သမ္မတ Hassan Rouhani တက်ရောက်ခဲ့သည့် တပ်တော်ဝင်အခမ်းအနားတွင် ၎င်းလက်နက်စနစ်ကို တရားဝင်မိတ်ဆက်ခဲ့သည်။ Bavar-373 လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်သစ်၏ အဆင့်မြှင့်ဗားရှင်းကို ၂၀၂၂ ခုနှစ်တွင် ထုတ်ဖော်ပြသခဲ့သည်။ အီရန်နိုင်ငံကာကွယ်ရေးစက်မှုလုပ်ငန်းမှ အချက်အလက်များကိုကိုးကားပြီး Bavar-373 လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်သစ်သည် ရုရှားနိုင်ငံထုတ် S-400 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်နှင့် နှိုင်းယှဉ်နိုင်သည့် အဆင့်အတန်းမျိုးရှိသည်။ အမေရိကန်ထုတ် F-35 ကိုယ်ပျောက်တိုက်လေယာဉ်အပါအဝင် ပဉ္စမမျိုးဆက်တိုက်လေယာဉ်များကို ကြားဖြတ်ဟန့်တား၊ ပစ်ချနိုင်စွမ်းရှိသည်ဟုဆိုသည်။

Bavar-373 လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်သည် ဒုံးကျည်များ၊ ဒရုန်းများနှင့်လေယာဉ်များကို အကွာအဝေးနှင့်အမြင့်အမျိုးမျိုးတွင် ထောက်လှမ်းကြားဖြတ်၊ ပစ်ချနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ဖြစ်ပြီး အီရန်နိုင်ငံ၏ ပိုင်နက်နယ်မြေနှင့် လေကြောင်းနှင့်ဒုံးကျည်တိုက်ခိုက်မှုများမှ မဟာဗျူဟာမြောက်ပိုင်ဆိုင်မှုများကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ထားသည်။ လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်တွင် ရေဒါ၊ အလင်း(Optical) အာရုံခံကိရိယာများနှင့် ပစ်မှတ်များကို ထောက်လှမ်းရန်၊ ခြေရာခံထိန်းကျောင်းရန်နှင့် ကြားဖြတ်တိုက်ခိုက်ရန် အမိန့်ပေးကွပ်ကဲမှုဌာနချုပ်များအပါအဝင် အစိတ်အပိုင်းများစွာ ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

Bavar-373 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သစ်တွင် TEL (Transporter Erector Launcher) ကျည်ထိုး၊ ကျည်သယ်ယာဉ်များ၊ ယာဉ်တင် S-band အစောပိုင်း ကြိုတင်သတိပေးရေး 3D AESA (Active Electronically Scanned Array) Meraj-4 ရေဒါ၊ ပစ်မှတ်ရှာဖွေ ထောက်လှမ်းရေးရေဒါနှင့် ကွပ်ကဲမှုဌာနချုပ်အပါအဝင် ကွဲပြားခြားနားသော ပိုင်ဆိုင်မှုများနှင့် အစိတ်အပိုင်းများစွာ ပါဝင်သည်ဟုဆိုသည်။



Bavar-373 လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်သစ်တွင် ပစ်မှတ်များကို ထောက်လှမ်းခြင်းနှင့် ခြေရာခံခြင်းတို့ကို ပံ့ပိုးပေးသည့် အလင်းအာရုံခံကိရိယာများ၊ ကင်မရာများနှင့် ဒေတာချိတ်ဆက်မှုစနစ်များကဲ့သို့သော အခြားစနစ်များလည်း ပါဝင်နိုင်သည်။

Bavar-373 လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်သစ်သည် အီရန်နိုင်ငံထုတ် Sayyad-4 ဒုံးကျည်ကို အဆင့်မြှင့်တင်ထားသော Sayyad-4B ဒုံးကျည်ဖြစ်ပြီး အစိုင်အခဲလောင်စာသုံး၊ အဆင့်နှစ်ဆင့်ပါ ကြားဖြတ်ဒုံးကျည် အမျိုးအစားဖြစ်သည်။ Sayyad-4B ဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၃၀၀၊ အမြင့် ကီလိုမီတာ ၁၂၀ ထိ ပျံသန်းဝင်ရောက်လာသော ဝေဟင်ပစ်မှတ်များကို ကြားဖြတ်တိုက်ခိုက်ရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

Sayyad-4B ဒုံးကျည်တွင် အဆင့်မြှင့်အာရုံခံကိရိယာ၊လမ်းညွှန်ထိန်းကျောင်းမှုစနစ်အသစ်နှင့် ထိပ်ဖူးများတပ်ဆင်အသုံးပြုထားသည်။ ဤသို့ အဆင့်မြှင့်တင်ထားမှုများသည် ခရုဇ်ဒုံးကျည်များ၊ ဒရုန်းများနှင့် လေယာဉ်များအပါအဝင် ပစ်မှတ်များစွာကို ချေမှုန်းဖျက်ဆီးရာတွင် ဒုံးကျည်၏ အကွာအဝေး၊ တိကျမှုနှင့် ထိရောက်မှုတို့ကို တိုးမြှင့်ရန် ရည်ရွယ်ကြောင်း သိရသည်။

**Iran Unveils New Bavar-373 Air Defense Missile System Capable of Intercepting US F-35 Fighter Jets ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မြောင်းမြမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၁၄၉၅၀ စိုက်ပျိုးပြီးစီး



**မြောင်းမြ ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၁၄၉၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၃၁၁၅ ဧက စိုက်ပျိုးရန်လျာထားပြီး ဇန်နဝါရီလ ပထမပတ်က စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ဧက ၁၁၄၉၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ နွေစပါးများကို အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ စပါး ၁၁၃၁၁၅ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိလျာထားချက်ထက်ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နွေစပါးအပါအဝင် ဆောင်းသီးနှံတွေ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာပေးတာတွေကို စပါးမစိုက်မီ မြေပြင်ထိ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူပညာပေးလုပ်ငန်းတွေကိုလဲ စိုက်ပျိုးရေးဦးစီးဌာနက အဆက်မပြတ် လုပ်ဆောင်ပေးခဲ့ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အဆိုပါ စိုက်ပျိုးပြီး နွေစပါးများအတွက်နှုန်းကောင်းစေရန်၊ အထွက်နှုန်းညီစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ စနစ်တကျပြန်လည်ရိတ်သိမ်းနိုင်ရန် စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြင်းခြံမြို့နယ် ကူကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြင်းခြံ ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကူကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကူကျေးရွာ၌ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့် တွေ့ဆုံကာ



ဆောင်ရွက်ပြီး ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကူကျေးရွာ၌ အရှည် ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၆၆ သန်း စုစုပေါင်း ငွေကျပ် ၂၁ ဒသမ ၆၆ သန်း အသုံးပြုကာ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်ထံမှ သိရသည်။

**မောင်ခိုင်**

# မင်းလှမြို့နယ် လက်ခုတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ခုတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဧပြီ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက လက်ခုတ်ပင်ကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက လက်ခုတ်ပင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၄၈ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လက်ခုတ်ပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၉ ဦးကို ငွေကျပ် ၈၂ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၅ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၁၀ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၄ ဦးကို ငွေကျပ် ၉၈ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိုးလေး**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၁-၄-၂၀၂၄

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |

**ဓာတ်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၀၁၀ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လူရည်ချွန်စုရပ်စခန်း အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းတွင် ရောက်ရှိနေသည့် လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး

**မန္တလေး ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ လူရည်ချွန်စုရပ်စခန်း အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ရောက်ရှိနေသည့် လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထိုသို့ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး လူရည်ချွန်စခန်းတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ကြီးကြပ်ဆရာ၊ ဆရာမများက လူရည်ချွန်စုရပ်စခန်းသို့ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းမှ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများ ရောက်ရှိနေမှု၊ ဆက်လက်ရောက်ရှိလာမည့်အခြေအနေ၊ အိပ်ဆောင်များအတွင်း နေရာထိုင်ခင်းချထားပေးမှု၊ ကျန်းမာရေးကိစ္စများအပါအဝင် နေထိုင်စားသောက်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လူရည်ချွန်စုရပ်စခန်း၌ တည်းခိုနေထိုင်စဉ်အတွင်း လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများ၏ အစားအသောက်အပါအဝင် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် သောက်သုံးရေလုံလောက်မှုရှိစေရေးတို့ကို အထူးအလေးထားဂရုစိုက်ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ရောက်ရှိနေသည့် လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများကို နေရာချထားပေးသည့် အိပ်ဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# တပ်ကုန်းမြို့နယ် ပေတောကျေးရွာရှိ ပေတောဥစားကြက်မွေးမြူရေးခြံနှင့် ရွှေမြို့မွေးမြူရေးဇုန်များကို ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပေတောကျေးရွာရှိ ပေတောဥစားကြက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။



ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက လုပ်ကွက်ငယ်မွေးမြူရေးတောင်သူများကို အစာကျွေးမွေးမှု၊ အာဟာရပြည့်ဝစေမှုအပါအဝင် မွေးမြူမှုစနစ်များနှင့် ရောဂါထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများဆိုင်ရာ နည်းပညာပေးခြင်း၊ ပူးပေါင်းလက်တွဲ ဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်ပေးရန်၊ ဈေးကွက်ဖော်ဆောင်နိုင်စေရန်နှင့် ရှိပြီးဈေးကွက်ခိုင်မာရေးကို ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ပေတောကျေးရွာတွင် ဝန်ကြီးဌာန၊ C.P Co., Ltdနှင့် ကျေးရွာနေပြည်သူများ ပူးပေါင်း၍ မွေးမြူရေးလုပ်ငန်း အခြေခံအလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ပေးနိုင်ရေးနှင့် မိသားစု ဝင်ငွေတိုးပွားစေရေးအတွက် အလုံပိတ်အအေးပေးစနစ်မွေးမြူရေးခြံသုံးခြံတွင် ဥစားကြက်အကောင် ၇၅၀၀၀ မွေးမြူထားရှိပြီး တစ်နှစ်လျှင် ကြက်ဥ ၂၂ သန်းကျော် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကာ ခေတ်မီမွေးမြူရေးနည်းပညာများ အသုံးပြုဆောင်ရွက်လျက်ရှိ၍ ဇီဝလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မွေးမြူရေးသုတေသနဦးစီးဌာန သုတေသီများက သုတေသနပြုဆောင်ရွက်လျက်ရှိသည့် ဒေသနွားမျိုး ပြာစိမ်းကို အသားစားနွားမျိုးများဖြင့် မျိုးမြင့်သားစပ်သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သုတေသနမှတ်တမ်းများ စနစ်တကျထားရှိရေးနှင့် သုတေသနရလဒ်ကောင်းများ ဖော်ထုတ်နိုင်ရေးအတွက် ဘာသာရပ်အလိုက်ကျွမ်းကျင်သော သုတေသီများ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရွှေမြို့မွေးမြူရေးဇုန်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ဥဖောက်စက်၊ ဥဝပ်စက်များ တပ်ဆင်ပြီးစီးမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဥစားဘဲမွေးမြူရေး၊ ဆိတ်၊ နို့စားနွား၊ ဝက်မွေးမြူရေး၊ ဥစားကြက်၊ အသားစားကြက်နှင့် ဘဲမွေးမြူရေးလုပ်ငန်းများကို ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် (GAHP-ဂျီအေအိပ်ပီ)နှင့်အညီ မွေးမြူထုတ်လုပ်မှု အားကောင်းလာစေရန် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများ၏လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးနိုင်ရေး တိုးမြှင့်ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပျဉ်းမနားခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းဝေးခန်းမ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများ၊ မွေးမြူရေးလုပ်ငန်း စိတ်ဝင်စားသူများနှင့် တွေ့ဆုံ၍ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အားပေးကူညီထောက်ပံ့ပေးနေမှုနှင့် ဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းများ၊ ဖြည့်ဆည်းပေးသွားမည့်အခြေအနေနှင့် မွေးမြူရေးအခြေခံ အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးမှုအလားအလာများကို ဆွေးနွေးကြပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကိုရှင်းလင်းတင်ပြကာ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် မွေးမြူရေးတောင်သူများ၏မေးမြန်းမှုများကို ဖြေကြားဆွေးနွေးကြသည်။

ပျဉ်းမနားခရိုင်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် အဆိုပြုတင်ပြထားရှိသည့် နို့စားနွား၊ အသားတိုးနွား၊ သိုး၊ ဆိတ်နှင့် ဥစားကြက်မွေးမြူရေးလုပ်ငန်းများအတွက် စုစုပေါင်း ၁၅ ဒသမ ၂၅၅ ဘီလီယံကို သက်ဆိုင်ရာကြီးကြပ်မှုကော်မတီက စနစ်တကျစိစစ်၍ ယခုလအတွင်း စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄) ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H. E Mr. Iskander Azizov၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


**သဇင်(FM) အသံလွှင့်အစီအစဉ်**

**၂၂-၄-၂၀၂၄ (တနင်္လာနေ့)**

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈း၀၀ | ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့ | ၄။ | ၁၅း၃၀ | Fighting Music |
| | | | ၅။ | ၁၇း၀၀ | သွေးချင်းတို့ဌာနေ |
| ၂။ | ၁၀း၄၆ | Master Chef | ၆။ | ၁၉း၃၀ | International Song |
| ၃။ | ၁၃း၃၀ | Live For You | ၇။ | ၂၁း၄၀ | အသံလွှင့်ဇာတ်လမ်း |

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၀

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
  (၁) ၀၇၁- ၂၀၇၂၀၉၁၊ ၀၇၁- ၂၀၇၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
  (၁) ၀၅၉- ၂၀၂၄၀၇၇၊ ၀၅၉- ၂၀၂၄၀၇၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
  (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
  (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
  (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
  (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
  (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
  (၁) ၀၈၁- ၂၀၂၄၅၄၀၊ ၀၈၁- ၂၀၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
  (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည် အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့ပစစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

### လိုက်နာဆောင်ရွက်ရန်အချက်များ

➢ အရိပ်ရ၍အေးမြသောနေရာများတွင်သာ နေပါ၊
➢ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊
➢ နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊
➢ ရေများများသောက်ပါ။

### ရှောင်ကြဉ်ရန်အချက်များ

❖ နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
❖ ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
❖ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
❖ ပူပြင်းသောနေရောင်အောက်မှအလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှပူပြင်းသောနေရောင်ထဲသို့ချက်ချင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
❖ အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

❖ သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
❖ နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊စိတ်ကျန်းမာရေးချို့ယွင်းသူများ)
❖ ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
❖ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

(ဧပြီလ၊ ၂၀၂၄)

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

### (က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)

➢ ဂဏှာမငြိမ်ခြင်း၊
➢ ခေါင်းမူးနောက်ခြင်း၊ခေါင်းကိုက်ခြင်း၊
➢ တစ်ကိုယ်လုံး နုံးချည့်ပျော့ခွေခြင်းနှင့်ကြွက်တက်ခြင်း၊
➢ ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း၊
➢ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

### (ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)

➢ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊
➢ အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း၊
➢ ကယောင်ကတမ်းဖြစ်ခြင်း၊
➢ သတိလစ်ခြင်း၊ တက်ခြင်း။

### အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကိုအရေးပေါ်ရှေးဦးပြုစုခြင်း

❖ လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ၊
❖ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
❖ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
❖ လူနာ၏ အဝတ်အစားများကို ချွတ်ပါ၊
❖ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေပတ်တိုက်ပါ၊
❖ လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

အပူဒဏ်ကြောင့်သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများပေါ်ပေါက်ပါကအသက်အန္တရာယ်ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပို့ဆောင်ပါ။

(ဧပြီလ၊ ၂၀၂၄)

# အပူပြင်းသည့် နွေရာသီတွင် စားသုံးပေးသင့်သော အသီးများ

ကမ္ဘာကြီးမှာ ရာသီဥတုဖောက်ပြန်မှုတွေကြောင့် တစ်နှစ်ထက် တစ်နှစ်ပိုပူလာတာကို လူသားအားလုံးသိကြပြီးဖြစ်ပါတယ်။ အပူချိန်တွေ မြင့်တက်လာတာကြောင့် တစ်နှစ်ပတ်လုံး ပူပြင်းအိုက်စက်မှုဒဏ်ကို ခံစားနေကြရပြီး ဆောင်းရာသီရောက်တာတောင် ဆောင်းရာသီရဲ့အအေး ဓာတ်နဲ့ အငွေ့အသက်တွေကို အပြည့်အဝမရတော့တာကို လက်တွေ့ ခံစားနေကြရတာမို့ အထူးပြောစရာလိုမယ်မထင်ပါ။ တဖြည်းဖြည်းနဲ့ပူပြင်း လာတာဟာဆိုရင် ဒီနှစ်ရဲ့ နွေအပူက အဆိုးဆုံးဖြစ်ပေလိမ့်ပါမယ်။ ဒါကြောင့် ဒီနှစ်နွေကို အန်တုဖို့အတွက် အပူဒဏ်ခံနိုင်ရေးအပူဒဏ်လျှော့ ချရေးအတွက် ကြိုတင်ပြင်ဆင်မှုတွေဖြစ်တဲ့ အရိပ်ရသစ်ပင်တွေစိုက်တာ၊ သွပ်ခေါင်မိုးတွေပေါ်မှာ ရေပန်းတွေတပ်တာ၊ ခေါင်မိုးမှာ ဝါးကတ်၊ ဓနိ တို့လို အပူကို လျှော့ချပေးနိုင်တဲ့ အရာတွေကို မျက်နှာကြက်အဖြစ် တပ်တာ စတာတွေကြိုတင်လုပ်ထားသင့်သလို မိမိတို့ရဲ့ကိုယ်ခန္ဓာကိုလည်း အပူပြင်းလို့ ချွေးထွက်များတဲ့အခါ မူးမေ့တာတွေမဖြစ်အောင် ရေဓာတ် ပြည့်ဝနေဖို့လိုတဲ့အပြင် အရေပြားဆဲလ်တွေကို နေရောင်ခြည်ဒဏ်ကနေ ကာကွယ်ဖို့ ရေနဲ့ဓာတ်ဆားတို့အပြင် သဘာဝအသီးတွေကိုလည်း စားသုံး ပေးဖို့လိုပါတယ်။ ရေများများသောက်ကာ ဦးထုပ်၊ ထီးတို့လို နေပူဒဏ် ကာကွယ်တဲ့ အကာအကွယ်တွေကို နေပူထဲ သွားတိုင်း ဆောင်းသွားပေး ရမှာဖြစ်သလို ခန္ဓာကိုယ်တွင်းအတွက် အပူလျှော့ချပေးနိုင်တဲ့သစ်သီးတွေ လည်း စားသုံးပေးရမှာဖြစ်ပါတယ်။ နွေရာသီအပူဒဏ်ကို တိုက်ဖျက်ရာမှာ စားသုံးဖို့ အကောင်းဆုံးသစ်သီးတွေဟာ တစ်နှစ်ပတ်လုံးရနိုင်တဲ့အသီး တွေဖြစ်တဲ့အပြင် ပူပြင်းတဲ့နွေရာသီမှာ အပူဒဏ်ကို ကျော်ဖြတ်နိုင်ဖို့ ရေဓာတ်နဲ့ အာဟာရတွေကိုလည်း ပေးစွမ်းနိုင်မှာဖြစ်တဲ့အတွက် အပူ ပြင်းတဲ့နွေကာလမှာ စားသုံးပေးသင့်တဲ့အသီးတွေထဲက တချို့ကို ဖော်ပြ သွားပါ့မယ်။



**ဖရဲသီး**

နွေရာသီရောက်တာနဲ့ လှိုင်လှိုင်ပေါ်တဲ့ ဖရဲသီးဟာ နွေရာသီမှာ အစားကြဆုံးအသီးလို့တောင် ဆိုနိုင်ပါတယ်။ သူ့မှာ ရေဓာတ်အပြည့်အဝ ပါဝင်တဲ့အပြင် ချိုအေးနေတဲ့သူ့အရသာက အပူဒဏ်ကြောင့် ပင်ပန်းနွမ်း နယ်မှုကို စားလိုက်တာနဲ့ ပြေပျောက်စေပါတယ်။ ဖရဲသီးဟာ နွေရာသီမှာ အစားသင့်ဆုံးအသီးဖြစ်ရတာဟာ ဖရဲသီးမှာ ရေဓာတ် ၉၂ ရာခိုင်နှုန်း ပါတဲ့အတွက်ကြောင့်ဖြစ်ပြီး အဲဒီလိုရေဓာတ်ကြွယ်ဝတာဟာ ခန္ဓာကိုယ် အတွက် လိုအပ်တဲ့ရေဓာတ်ကို ပြန်ဖြည့်ဆည်းပေးနိုင်တဲ့အပြင် စားသုံး လိုက်တာနဲ့ ခန္ဓာကိုယ်ကို အေးမြသွားစေပါတယ်။ ဒါ့ပြင် ဖရဲသီးမှာ ဗီတာမင်၊ သတ္တုဓာတ်၊ ကယ်လ်စီယမ်၊ အမျှင်ဓာတ်တွေမြင့်မားကြွယ်ဝ စွာပါဝင်တာကြောင့် အရိုးနဲ့နှလုံးသွေးကြောကျန်းမာရေးအတွက်လည်း ကောင်းမွန်တဲ့အတွက် နွေအခါမှာ စားသုံးပေးသင့်တဲ့ အသီးဖြစ်နေရ ခြင်းဖြစ်ပါတယ်။




**နာနတ်သီး**

နာနတ်သီးမှာ ဗီတာမင်စီ၊ ဗီတာမင်ဒီတို့အပြင် သတ္တုဓာတ်တွေ၊ အာဟာရဓာတ်တွေ အများအပြားပါဝင်တဲ့အတွက် စားကို စားသုံးပေး သင့်တဲ့အသီးဖြစ်ပါတယ်။ နာနတ်သီးမှာ ရောင်ရမ်းမှုကို သက်သာစေ တာကြောင့် ပူပြင်းလွန်းတဲ့နေရောင်ခြည်ကြောင့်ဖြစ်လာတဲ့ နေလောင် ဒဏ်တွေကိုလည်း ပြန်လည်ကောင်းမွန်သက်သာလာစေနိုင်ပါတယ်။ နာနတ်သီးဟာ စားသုံးလိုက်ရင် ရင်ကိုအေးသွားစေတဲ့အတွက် နာနတ် သီးကို အချဉ်ပေါင်းသုပ်၊ လတ်ဆတ်တဲ့အသီးဖျော်ရည်အဖြစ် စားသုံးကြ သလို သစ်သီးအလုံးလိုက်ကို အစိတ်ငယ်တွေအဖြစ် လှီးပြီးလည်း စားသုံး ကြပါတယ်။



**သရက်သီး**

သရက်သီးဟာ နွေအခါမှာ သဘာဝအတိုင်းပဲဖြစ်ဖြစ် အအေးခံပြီးပဲ ဖြစ်ဖြစ် စားသုံးရင် အရသာအင်မတန်ရှိတဲ့ အသီးတွေထဲကတစ်ခုဖြစ်ပါ တယ်။ သရက်သီးမှာ ဗီတာမင်အေ၊ ဗီတာမင်စီ၊ဗီတာမင်ဒီ၊ကယ်လ်စီယမ်၊ ပိုတက်စီယမ်နဲ့ သံဓာတ်တို့ ကြွယ်ဝစွာပါဝင်တာကြောင့် နွေရာသီမှာ စားသုံးသင့်တဲ့ အကောင်းဆုံးအသီးဖြစ်တဲ့အပြင် အသီးမှာ သရက်လို့ ဆိုကြတဲ့အတွက် မြန်မာလူမျိုးများအကြိုက်ဆုံးသစ်သီးလို့လည်းဆိုနိုင်ပါ တယ်။ သရက်သီးဟာ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးနိုင်တဲ့အတွက် ဖျားနာခြင်းမှ ကာကွယ်ရာမှာလည်း လူသိများတဲ့အပြင် သရက်သီးမှာ ပါဝင်တဲ့သကြားဓာတ်ကြောင့် အရသာက ချိုမွှေးနေပေမယ့် ကိုလက် စထရောနဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို သဘာဝအတိုင်း ထိန်းညှိ ပေးနိုင်တာကြောင့် စားသုံးပေးသင့်ပါတယ်။ ဒါပေမဲ့လဲ တန်ဆေး လွန်ဘေးဖြစ်တတ်တာကြောင့် အလွန်အကျွံမစားသုံးမိဖို့တော့ သတိပြု ရပါမယ်။



**လိမ္မော်သီး**

လိမ္မော်သီးမှာ မြင့်မားတဲ့အာဟာရဓာတ်နဲ့ ဗီတာမင်ဓာတ်တွေပါဝင် တဲ့အပြင် ရေဓာတ်လည်း ၈၀ ရာခိုင်နှုန်းပါတာကြောင့် ရေဓာတ်ဖြည့်ဖို့ အတွက် ပြီးပြည့်စုံတဲ့အသီးဖြစ်ပါတယ်။ ဒါ့ပြင် လိမ္မော်သီးမှာ ချွေးထွက် များတာကို ပြန်လည်ရေဓာတ်ဖြည့်ဖို့အတွက် လုံလောက်တဲ့ ဆိုဒီယမ် ပါဝင်ပါတယ်။ ဒါ့ပြင် ဆိုဒီယမ်ဓာတ်ဟာ ကြွက်တက်ခြင်းနဲ့ အဆစ် အမျက်ကိုက်ခဲခြင်းတွေကို ပြေလျော့သက်သာစေတဲ့အတွက် ကိုယ်လက် လှုပ်ရှားမှုပြုလုပ်နေစဉ်နဲ့ ပြုလုပ်ပြီးချိန်မှာ စားသုံးပေးသင့်တဲ့ အကောင်း ဆုံးအသီးတစ်မျိုးဖြစ်ပါတယ်။



**ရက်စ်ဘယ်ရီသီး**

ရက်စ်ဘယ်ရီသီးဟာ နွေရာသီမှာ စားသုံးသင့်တဲ့ အကောင်းဆုံး အသီးတွေထဲကတစ်ခုဖြစ်ပြီး သူ့မှာ ရေဓာတ်ကြွယ်ဝစွာပါတဲ့အပြင် ချိုမြတဲ့အရသာက စားသုံးသူကို စိတ်ကျေနပ်မှုရစေမှာဖြစ်ပါတယ်။ ရက်စ်ဘယ်ရီသီးမှာ ဗီတာမင်စီကြွယ်ဝစွာပါဝင်တာကြောင့် အသားအရေ ကို နေလောင်ဒဏ်ကနေ ကာကွယ်ပေးတဲ့အပြင် အသားအရေကိုလည်း နုပျိုလှပစေနိုင်ကာ သူ့မှာပါတဲ့ အမျှင်ဓာတ်က အူလမ်းကြောင်းကို ကောင်းမွန်စေတာကြောင့် ကျန်းမာရေးကို အထောက်အကူဖြစ်စေတဲ့ အသီးဖြစ်လို့ စားသုံးပေးသင့်ပါတယ်။



**စတော်ဘယ်ရီသီး**

ဆောင်းအကုန် နွေအကူးမှာ ပေါ်တဲ့ရာသီစာ စတော်ဘယ်ရီသီးက ချိုချိုချဉ်ချဉ်အရသာရှိတာကြောင့် ပူတဲ့ရာသီဥတုနဲ့ကိုက်ညီတဲ့ အသီး ဖြစ်ပါတယ်။ စတော်ဘယ်ရီသီးမှာပါတဲ့ ရေဓာတ်က ခန္ဓာကိုယ်အပူချိန် ကိုလျှော့ချပေးနိုင်တဲ့အပြင် သူ့မှာပါတဲ့ ဖလာဗိုလ်နွိုက်ဓာတ်က အရေပြားအတွင်း သွေးစီးဆင်းမှုကို ကောင်းမွန်စေပြီး ဗီတာမင်စီ လည်း ကြွယ်ဝစွာပါတဲ့အသီးဖြစ်တဲ့အတွက် စတော်ဘယ်ရီသီးကို လတ်ဆတ်တဲ့ အသီးဖျော်ရည်၊ လတ်ဆတ်တဲ့အသီး၊ အသုပ်အနေနဲ့ စားသုံးကြပါတယ်။



**ခရမ်းချဉ်သီး**

ခရမ်းချဉ်သီးဟာ ဟင်းသီးဟင်းရွက်နွယ်ဝင်ဖြစ်ပေမဲ့ သူ့မှာပါတဲ့ စွမ်းအင်က နွေရာသီအပူဒဏ်ကို ငြိမ်းစေတဲ့အပြင် ရေဓာတ်ပါဝင်မှုလည်း မြင့်မားပါတယ်။ ဒါ့ပြင် ခရမ်းချဉ်သီးမှာ ဗီတာမင်စီနဲ့ ဓာတ်တိုးဆန့်ကျင် ပစ္စည်းတွေ ကြွယ်ဝစွာပါဝင်တာကြောင့် အသားအရေပျက်စီးမှုကို ကာကွယ်ပေးပြီး နေရောင်ခြည်နဲ့ ထိတွေ့မှုလွန်ကဲခြင်းမှလည်း ကာကွယ် ပေးပါတယ်။

နွေရာသီတစ်လျှောက်လုံး ကျန်းမာရေးကောင်းနေစေဖို့ ကျန်းမာရေး နဲ့ညီညွတ်တဲ့ အသီးနဲ့ ဟင်းသီးဟင်းရွက်တွေကို မျှတစွာ စားသုံးပေးဖို့ လိုအပ်ပါတယ်။အသီးအနှံစားခြင်းဟာ ခန္ဓာကိုယ်ရဲ့လိုအပ်ချက် အတော် များများကို ဖြည့်ဆည်းပေးနိုင်ပါတယ်။အသီးတွေက ရေဓာတ်ကိုဖြည့်ပေး နိုင်ပေမဲ့ရေဓာတ်ရရှိဖို့ အသီးတွေကိုပဲ မမှီခိုပါနဲ့။ တစ်နေ့တာလုံးမှာ လိုအပ်တဲ့ ရေဓာတ်ပြည့်ဝစေဖို့ ရေကိုလည်း သေချာသောက်ပေးရ ပါမယ်။ ရေနဲ့ အသီးတွေကို မျှတစွာစားသုံးပေးပြီး ယခုနွေရာသီမှာ အပူဒဏ်ကို အန်တုကာ အပူဒဏ်ဘေးအန္တရာယ်ကင်းစေရန် ရေးသား အပ်ပါသည်။

**ကိုးကား**

- **Fruits that eat in summer**
  **Benefits of Fruits**

**နိုင်ဇင်**

အိမ်ပြင်ပဦတ္ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၄-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၅၀ | ၂၈၉၅ | ၂၈၉၀ | ၂၈၅၅ | ၂၈၉၅ | ၂၉၂၀ | ၂၉၀၅ | ၂၈၀၀ | ၂၉၈၀ | ၂၉၉၅ | ၂၈၈၅ | ၂၈၉၅ | ၂၉၃၅ | ၂၉၃၅ | ၂၉၃၅ | ၃၀၆၅ | ၃၄၅၀ |
| 95 Ron | ၂၉၆၀ | ၃၀၀၀ | ၃၀၀၅ | ၂၉၇၀ | ၃၀၀၅ | ၃၀၃၀ | ၃၀၁၅ | ၂၉၉၀ | ၃၀၉၀ | ၃၀၀၅ | ၃၀၀၀ | ၃၀၁၅ | ၃၀၄၅ | ၃၀၄၅ | ၃၀၅၀ | ၃၂၇၅ | ၃၅၆၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၅၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၉ | ၂၈၀၇ |
| 95 Ron | ၂၈၂၇ | ၂၉၁၇ |
| HSD (500 ppm) | ၂၃၁၈ | ၂၃၉၄ |
| HSD (50 ppm) | ၂၃၆၂ | ၂၄၃၉ |
| HSD (10 ppm) | ၂၃၆၂ | ၂၄၃၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

☆ **ကျောဖုံးမှအဆက်**

အကြိတ်အနယ်ရှိခဲ့သလို ကြိုးဝိုင်းဒိုင်အတွက်လည်း ထိန်းသိမ်းရခက်သည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့သည်။ ကြိုးဝိုင်းဒိုင်အဖြစ် တာဝန်ယူခဲ့သော အက်စ်တီဗက်သည် လုံးထွေးနေသည့်ဂျင်မီနက်ဇ်နှင့် ရာမီရက်ဇ်တို့အားဖျန်ဖြေစဉ် အကျီနောက်ကျောပြဲသွားခဲ့ပြီး ပွဲရပ်နားကာ အကျီပြန်လဲခဲ့ရသည်။ ကြိုးဝိုင်းဒိုင်အတွက် ထိန်းသိမ်းရခက်သည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ကြောင်းကို အစီစဉ်တင်ဆက်သူအဖြစ် တာဝန်ယူဆောင်ရွက်သွားခဲ့သော ဂရစ်ရှ်ဟမ်က "ကြံ့ခိုင်မှုကောင်းတဲ့ လက်ဝှေ့သမားနှစ်ယောက်ရဲ့ စိန်ခေါ်ပွဲဖြစ်သလိုအကြိတ်အနယ်လည်းရှိတဲ့အတွက် ကြိုးဝိုင်းဒိုင်အနေနဲ့ ထိန်းသိမ်းရခက်ခဲ့တာကိုတွေ့ရတယ်။ ကြိုးဝိုင်းဒိုင်ဂရစ်ရှ်ဟမ်ရဲ့ အကျီနောက်ကျောတောင်ပြဲသွားတယ်။"ဟုပြောကြားသွားခဲ့သည်။

ဂျင်မီနက်ဇ်သည် လက်တင်အမေရိကန်ချန်ပီယံခါးပတ်များကို ဆွတ်ခူးရရှိခဲ့ဖူးသော်လည်း ကမ္ဘာ့ချန်ပီယံခါးပတ်များကို ဆွတ်ခူးနိုင်ခဲ့ဖူးခြင်းမရှိသေးဘဲ ယာယီကမ္ဘာ့ချန်ပီယံကို ပထမဦးဆုံးအကြိမ် ဆွတ်ခူးသွားနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ဂျင်မီနက်ဇ်နှင့် ရာမီရက်ဇ်တို့ပွဲစဉ်တွင် အမှတ်ပေးဒိုင်သုံးဦးရှိသည့်အနက် ဒိုင်နှစ်ဦးက(၁၁၇-၁၁၁) ရမှတ်ဖြင့်လည်းကောင်း၊ ကျန်အမှတ်ပေးဒိုင်တစ်ဦးက (၁၁၆-၁၁၂)ရမှတ်ဖြင့် ဂျင်မီနက်ဇ်ကို အနိုင်ပေးသွားခဲ့ခြင်းဖြစ်သည်။ ဂျင်မီနက်ဇ်က "ကျွန်တော်ဟာအလုပ်ကြိုးစားတဲ့ ကစားသမားတစ်ယောက်ဆိုတာ ကျွန်တော်နဲ့ ပတ်သက်ဖူးသူတိုင်းသိပါတယ်။ ကျွန်တော့်အနေနဲ့ ကစားသမားဘဝသက်တမ်းတစ်လျှောက် ယာယီကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ဒုတိယအကြိမ်မြောက် ထိုးသတ်ခဲ့ခြင်းဖြစ်ပါတယ်။ ပထမတစ်ကြိမ်တုန်းက ယာယီကမ္ဘာ့ချန်ပီယံခါးပတ်နဲ့ လွဲချော်ခဲ့ရတယ်။ ဒီတစ်ကြိမ်မှာတော့ ကျွန်တော်အောင်မြင်ခဲ့တယ်။ ကော်စတာရီကာ နိုင်ငံရဲ့လက်ဝှေ့လောကအတွက် ကြီးမားတဲ့ အောင်မြင်မှုတစ်ရပ်ဖြစ်ပါတယ်။ ပထမဦးဆုံးသော ယာယီကမ္ဘာ့ချန်ပီယံဘွဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်မန်နေဂျာနဲ့ Golden Boy Promotion ကုမ္ပဏီကိုလည်းကျေးဇူးတင်ပါတယ်။"ဟုပြောကြားသွားခဲ့သည်။

Ref: RT

Trs:AZL

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧပြီ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "သံလွင်ဖြူ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၅)ရပ်ကွက်နေ လဲ့လဲ့ဝင်းအား ည ၁၂ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Hsu Myat Htwe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီးတောင်ငူမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ဇင်မာထွေး (ခ)ဆုမြတ်သွယ်(ခ)မိဆုအား ဧပြီ ၂၀ ရက် ည ၁၁ နာရီခွဲတွင် လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်း၊ မော်တော်ယာဉ်နှင့်မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ









**နေပြည်တော် ဧပြီ ၂၁**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် လှည်းကူးမြို့နယ်၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၁၁၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၅၄၈၀ နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Super Custom မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ်၃၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၆၅၄၈၀ ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧပြီ ၂၀ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ ဝန်စည်တစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် DJI Air Drone (Used) တစ်စုံ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧပြီ၂၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် သုညဒသမ ၄၁၀ တန်၊ သစ်မာ ၅ ဒသမ ၉၅၆ တန်နှင့် အခြားသစ် ၁ ဒသမ ၈၄၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ်၄၆၂၂၅၁၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့တူ ဧပြီ၂၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကလေးမြို့ သဇင်ရပ်ကွက်၌ လိုင်စင်မဲ့ Kenbo 125 မော်တော်ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀ ကို လည်းကောင်း၊ တမူးမြို့ စော်ဘွား(၈)ရပ်ကွက်၌ လိုင်စင်မဲ့ Kenbo 125 မော်တော်ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ဧပြီ၂၀ ရက်နှင့် ၂၁ ရက် တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၈၇၉၉၈ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



**နေပြည်တော် ဧပြီ ၂၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၉ ရက် ညနေ ၃ နာရီတွင် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု ဝမ်ဆောက်ခုံ(အာခါ) ကျေးရွာရှိမနာဟဲ၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာစိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း၊ အလားတူ ညနေ ၅ နာရီတွင်ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု စခန်းသာကျေးရွာရှိ ဒါယေလှ၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း၊ ထို့ပြင်ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင်တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ မမီချေ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၀၀ ကိုလည်းကောင်း။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် လားရှိုးမြို့နယ် ခါးသို့ကျေးရွာအုပ်စု ခါးသို့ကျေးရွာအနီးတွင် ဂူပေါင်းချောက်(ခ)စိန်နိုင်ဝင်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကိုင်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကိုမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# နွေဦးလေပြေ

ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)

(၁)

ထမင်းဆိုင် အခန်းလေးက ကျဉ်းကျဉ်းလေးတောင် ဖောက်သည် များလွန်း၍ လူကျချိန်ဆို လုံးဝမနားရပေ။ နောက်ဖေးမီးဖိုချောင်ထဲတွင် ၁၃နှစ် အရွယ် ကောင်မကလေးက စုပုံနေသော ပန်းကန်များကို ဒိုင်ခံဆေးနေရသည်။ မိန်းမကြီး နှစ်ယောက်ကလည်း ထမင်းဟင်းများ ချက်ပြုတ်နေကြရ၍ ချွေးတလုံးလုံးနှင့် အနားမနေရပေ။ အလျားလိုက် တန်းစီထားသော ခုံတန်းရှည်ကြီးမှာတော့ ဧည့်သည်များက ပြည့်နေပြီ။ ၁၀နှစ်ကျော် စားပွဲထိုးလေး သုံးယောက်လည်း ထမင်းစားသူများကြောင့် နောက်ဖေးမီးဖိုချောင်ကို ဝင်ထွက်သွား လာနေတာ ခြေထောက်များပင် ညောင်းကိုက်နေကြသည်။ ခဏလေး ထိုင်ချင်တာတောင် ကောင်တာမှာထိုင်၍ မျက်စိဒေါက်ထောက်ကြည့်နေသော ပိုင်ရှင်ဘွားတော်ကြီးကို ကြောက်၍ ခဏလေးတောင် မနားရဲကြပေ။

"ဟဲ့ ဟိုမှာ ထမင်းလိုက်ပွဲတဲ့။ ရှေ့မှာ ခေါ်နေပြီ။ ဒီမှာ ရှင်းတော့မယ်တဲ့။ ငေးနေကြနော်။ မပြောလိုက်ချင်ဘူး။ နောက်ဖေးက ကောင်မကလေးကို ပန်းကန်တွေ အလျှော်မီအောင်ဆေးလို့ ပြောလိုက်စမ်း။တကတဲ"

နံနက် ၅ နာရီမှသည် ည ၆နာရီထိ မနားမနေ လုပ်ကြရသည်။ ဆိုင်ပိတ်ဖြီးတာတောင် နောက်နေ့အတွက် ကြိုတင်ပြင်ဆင်ရသည်မို့ ည၁၀နာရီမှ သူတို့ အတွက် နားချိန်ပင်ဖြစ်သည်။

"ကျွတ် ကျွတ်"

ခြေထောက် ကိုက်ခဲ၍ ညည်းညူနေသော မောင်လေး လေပြေကိုကြည့်၍ နွေဦးမေ စိတ်မကောင်းဖြစ်ကာ မျက်ရည်ကျနေမိသည်။ သူတို့အရွယ်လေးနှင့် ထမင်းသုံးနပ်စားရဖြီး လုံခြုံသည့် နားခိုစရာလေး ရှိတာကိုပင် ဆိုင်ရှင်ကို ကျေးဇူးတင်ရမည်ဖြစ်သည်။

(၂)

နွေဦးမေတို့ သည်ဆိုင်လေးကို ရောက်လာတာ ငါးလရှိပြီ ဖြစ်သည်။ မိဘနှစ်ပါးစလုံး မရှိတော့သည့် နွေဦးမေတို့ မောင်နှမနှစ်ယောက်ကို ဘေးအိမ်က ဒေါ်ကြီးလှက အသနားခံပြောပေး၍ ဆိုင်ရှင်ကသူ့ဆိုင်တွင် ခေါ်ထားသည်။ ရပ်ကွက်ထဲကလည်း အသာတကြည်ထည့်ပေးလိုက်ကြသည်။ ကျူးကျော်ရပ်ကွက်ကလေးမို့ ကလေးနှစ်ယောက်တာဝန်ကို ဘယ်သူမှ တာဝန်မယူနိုင်ကြပေ။ ခုနစ်တန်း၊ ငါးတန်းနှင့် အတန်းပညာဆုံးသွားခဲ့ပြီ။ ယခုတော့ သူတို့မောင်နှမ နှစ်ယောက်သည် ထမင်းဆိုင်လေးမှာ နေထိုင်စားသောက်ခွင့်ရတာ ကျေးဇူးတင်ရမည်ဖြစ်သည်။ ဖခင်ဖြစ်သူကားမောင်း တုန်းကတော့ သူတို့မိသားစုလေးက သာယာပျော်ရွှင်ရသည့် မိသားစုလေးဖြစ်သည်။ အဝေးပြေးကုန်ကားမောင်းသည့် ဖခင်ဖြစ်သူ ကံကြမ္မာဆိုးနှင့်ကြုံကာ ကားမှောက်၍ ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။ လင်ယောက်ျား၏ သတင်းကြားပြီး နှလုံးရောဂါအခံရှိသည့်အမေ အဖြစ်ဆိုးကြီးကြားပြီးကတည်းက မစားနိုင်၊ မသောက်နိုင်သောကပွားပြီး တစ်နှစ်လောက်အိပ်ရာထဲလဲပြီး လူ့လောကကြီးထဲက ထွက်ခွာသွားပြန်သည်။ အရွယ်ငယ်သေးသည့်သူတို့ မောင်နှမအတွက် အားကိုးစရာမရှိခဲ့ပေ။ ရှိသမျှ ပစ္စည်း၊ ငွေများကလည်း အမေ့ရောဂါကုရင်း ကုန်သွားခဲ့သည်။ ငှားနေသည့် အိမ်ရှင်ကလည်း အိမ်လခ မပေးနိုင်လျှင် မထားနိုင်ဘူးဟုပြောတော့ နွေဦးမေတို့ မောင်နှမ ပိုဒုက္ခရောက်ခဲ့ရသည်။ ယခုတော့ ဘေးအိမ်က ဒေါ်ကြီးလှ အဆက်အသွယ်နှင့် မောင်နှမနှစ်ယောက်စလုံး သည်ထမင်းဆိုင်လေး ရောက်ခဲ့၍ ထမင်းမငတ်၊ ဒုက္ခမရောက်ခဲ့ခြင်းဖြစ်သည်။ ထမင်းဆိုင်ရှေ့က ဖြတ်သွားသော သူတို့အရွယ်ကျောင်းသား၊ ကျောင်းသူများကို မြင်တိုင်း မောင်နှမနှစ်ယောက်စလုံး ဝမ်းနည်းစွာ မျက်ရည်ကျခဲ့ရသည်။ သည်ဆိုင်ကို ရောက်စတုန်းက မောင်နှမနှစ်ယောက်စလုံး ဆူငေါက်ဆဲဆိုသံများကြားရင် ကြောက်လန့်၍ ငိုခဲ့ရတာ နေ့တိုင်းပင်ဖြစ်သည်။ အချိန်ကြာလာသည်နှင့် အမျှ အရေထူလာပြီမို့ ခံနိုင်ရည်ရှိလာကြသည်။ မောင်နှမနှစ်ယောက်စလုံး တစ်နေရာတည်း အတူတူရှိနေရတာ ကျေနပ်နေရသည်။ တစ်ယောက် တစ်နေရာ စီဆို စိတ်ပူရတာနှင့် အလုပ်လုပ်ရတာ အဆင်ပြေမည်မဟုတ်။ ယခုတော့ မိမိမျက်စိရှေ့မှာမို့ ကျေနပ်မိသည်။

(၃)

"အမယ်လေးအေ သူတို့ မိဘတွေများ လူသာ ဆင်းရဲတယ်။ သားသမီးတွေများ နာမည်ပေးထားတာ အပုံစားတော့။ ဘာတဲ့ အကြီးမလေးက နွေဦးမေ။ ဟို အငယ်ကောင်ကလေးက လေပြေမောင်တဲ့။ ဘဝ တွေနဲ့ မလိုက်လိုက်တာအေ"

"ဟုတ်ပနော်"

ထမင်းချက်ရင်း အတင်းတုတ်နေကြသော မိန်းမကြီးနှစ်ယောက်ကို ကြည့်၍ နွေဦးမေ ပြုံးမိသည်။ ချဉ်ပေါင်ရွက်သင်နေရင်း သူတို့ မောင်နှမနှစ်ယောက် နာမည်လေး ရေရွတ်ရင်း ကျေနပ်နေမိသည်။ အဖေနှင့်အမေကိုလည်း နာမည်လှလှလေး ပေးထား၍ စိတ်ထဲက ကျေးဇူးတင်နေမိသည်။ ဆောင်းကုန်ခါစ နွေဦးရာသီမှာ မွေးဖွားလို့ သမီးဦးလေးကို နွေဦးမေဟု နာမည်ပေးထားပြီး။ မောင်လေးကိုတော့ ပူအိုက်လွန်းသည့်ရာသီမှာ လိုချင်တမ်းတသည့် လေပြည်လေး ရောက်လာပါစေဆိုသည့်သဘောနှင့် လေပြေမောင်လို့နာမည်ပေးခဲ့တာလို့ အမေပြောပြဖူးသည်။ နေ့ရက်တိုင်း မီးဖိုချောင်ထဲ အချိန်ကုန်နေသော်လည်း နွေဦး အလကား မနေခဲ့ပေ။ ဟင်းချက်ရာမှာ နောက်က ဝိုင်းကူပေးရင်း ဟင်းချက်ပြုတ်နည်းလေးများကို သင်ယူခဲ့တာ ယခုဆို တော်တော်လေး တတ်နေပြီဖြစ်သည်။ ယခု နွေဦးမေ အသက်လည်း မငယ်တော့ပေ။

သည်ကိုရောက်လာတာ ငါးနှစ်ပြည့်တော့မှာမို့ အသက်၁၈ နှစ်ကျော် လုံးကြီးပေါက်လှ မိန်းမချောလေးဖြစ်နေပြီ။ နေရိပ်ထဲမှာ မီးဖိုထဲမှာပဲ နေရ၍ အသားအရည်လေးက ဖြူဝင်းနုဖတ်နေကာ ဘာမှ မလိမ်းခြယ်ဘဲ အပြစ်ကင်းစွာလှပနေသည်။ မောင်လေး လေပြေတောင် ထမင်းဆိုင်နှင့်တွဲဖွင့်ထားသော အအေးမျိုးစုံကို လုပ်ကိုင်တတ်နေပြီမို့ လွဲထားလို့ ရနေပြီဖြစ်သည်။ ရွှေရင်အေး၊ ဖာလူဒါ၊ ဖျော်ရည်မျိုးစုံ အကုန်လုပ်တတ်နေပြီဖြစ်သည်။ အချို့အလုပ်သမားများက လခကို မက်မော၍ အလုပ်ကိုသာ ပြီးစလွယ်လုပ်ကြသော်လည်း နွေဦးမေတို့မောင်နှမက ကျိုးနွံစွာ၊ ရသမျှပညာကို အရယူသည်။ ဘယ်လောက်ဆဲဆဲဆိုဆို နာခံပြီး ပညာကိုရအောင်ယူခဲ့ကြ၍ သည်ဆိုင်တွင် မြဲနေခြင်းဖြစ်သည်။ အချို့အလုပ်သမားများကတစ်နှစ်ပင် မခံကြပေ။ မောင်နှမနှစ်ယောက် ရသမျှလခလေးများကိုလည်း မသုံးစွဲဘဲ ရသလောက် စုထားကြတာ တော်တော်ရနေပြီဖြစ်သည်။

(၄)

"နွေဦးမေရေ။ ဒီလကုန်ရင် ဆိုင်ပိုင်ရှင်က ထမင်းဆိုင် ပိတ်တော့မယ်တဲ့။ သူယောက်ျားရှိတဲ့ မူဆယ်ကို ပြောင်းတော့မှာတဲ့"

"ဒုက္ခပဲ ဒေါ်ကြီးလှရယ်။ ဘယ်လိုလုပ်ကြမလဲ"

"အေး ငါကတော့ ရှာပြန်မယ်ဟာ။ နင်တို့ မောင်နှမနှစ်ယောက်ကော"

အိမ်မရှိ၊ ဆွေမျိုးမရှိသည့် သူတို့မောင်နှမ နှစ်ယောက် ကြံရာမရဖြစ်ရလေပြီ။ ယခုချက်ချင်း အလုပ်ရှာရန်ကလည်း မဖြစ်နိုင်။

"နွေဦးမေတို့ ဘယ်ပြန်ရမလဲ ဒေါ်ကြီးလှရယ်။ ဒုက္ခပါပဲ"

"နေအုံး။ ဒေါ်ကြီးလှ အသိတစ်ယောက်က ပြောတယ် ဆိုင်ခန်းလေးငှားဖို့ရှိတယ်တဲ့။ သူတို့ဈေးရောင်း မကောင်းလို့ ပိတ်ထားတာ။ နင်တို့နေချင်ရင်ငှားနေပေါ့။ နေစရာမရှိရင် တစ်လချင်းပေးလို့ရအောင် ဒေါ်ကြီးလှ ပြောပေးမယ်လေ"

"ကျေးဇူးပဲ ဒေါ်ကြီးလှရယ်"

ဒေါ်ကြီးလှ အကူအညီဖြင့် ဆိုင်ခန်းလေးငှားနေရင်း မောင်နှမနှစ်ယောက် ရှေ့ဆက် ရပ်တည်ရန်အတွက် တိုင်ပင်ရတော့သည်။ ဆိုင်ရှင်ကလည်း ရှိသမျှ အိုးခွက်ကအစ သူတစ်ပါးကို အကုန်ရောင်းချထားပြီးသားဖြစ်သည်။ ရှိသမျှငွေလေးနှင့်ငှားနေသည့် အခန်းလေးမှာ စားပွဲလေးခင်း၍ ထမင်း၊ဟင်းလေး ရောင်းကြည့်သည်။ လက်ရာကောင်းသော်လည်း နေရာက အတွင်းထဲ ကျနေ၍ ရောင်းမကောင်းသည့် ရက်ကများလာသည်။ ထမင်းကျန်၊ ဟင်းကျန် များလာခဲ့၍ သိပ်မကြာခင် ဆိုင်ပိတ်လိုက်ရပြန်သည်။

" ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ အစ်မရေ "

"အေးဟာ နေရာကောင်းဆိုလဲ လခအများကြီး ပေးရမှာဟ။ နောက်ပြီး တစ်နှစ် စာချုပ်ချုပ်ရတာ၊ လခတွေက"

"အမှန်ပဲဗျာ"

"အခုချိန် ငါတော့ သူတစ်ပါး အလုပ်သမားလဲ မလုပ်ချင်တော့ဘူးဟာ။ ကိုယ်ပိုင်လုပ်ငန်းပဲ လုပ်ချင်တော့တယ်"

"အမှန်ပဲ။ ကျွန်တော်လဲ ကိုယ်ပိုင်ပဲ လုပ်ချင်တော့တယ်"

ထမင်းရောင်းရန်အဆင်မပြေသေးချိန် မောင်လေး လေပြေက တွန်းလှည်းလေးနှင့် ရွှေရင်အေး၊ ဖာလူဒါ၊ အအေးမျိုးစုံလိုက်ရောင်းသည်။ သူလည်း နောက်က လိုက်ကူရင်း မောင်နှမနှစ်ယောက်ဝမ်းရေးကို ဖြေရှင်းရင်း စီးပွားရေးလုပ်ငန်း ဘာလုပ်ရမလဲ စဉ်းစားကြသည်။ တွန်းလှည်းကလည်း သူများအသုံးလို၍ လာရောင်းတာဖြစ်၍ ခိုင်ခံ့ရန် တော်တော်ပြင်ရသေးသည်။ ဈေးပေါပေါနှင့်ရ၍သာ ဝယ်လိုက်ခြင်းဖြစ်သည်။ မောင်နှမနှစ်ယောက် တစ်လမ်းဝင်၊ တစ်လမ်းထွက် တွန်းလှည်းတွန်း၍ ရောင်းရသဖြင့် မသက်သာလှပေ။ ထမင်းဆိုင်မှာ အချိန်ပြည့်နီးပါး ချက်ပြုတ်နေရ၍ နွေဦးမေ ထမင်းဟင်းသာချက်ပြုတ်ချင်မိသည်။

(၅)

"ဟဲ့ နွေဦးမေ။ လမ်းထိပ်က တရုတ်ခေါက်ဆွဲကြော်ဆိုင် ပိတ်တော့မှာတဲ့။ တရုတ်က ပြည်မကို ပြန်တော့မှာတဲ့"

ရပ်ကွက်ထဲက အသိတစ်ယောက်က နွေဦးမေကို လာပြောတော့ နွေဦးမေ စိတ်ဝင်စားသွားသည်။ မျက်လုံးများလည်း အရောင်တောက်လာသလို ဘာလုပ်ရမလဲ တွေးရင်း စိတ်လှုပ်ရှားနေမိသည်။

"ဟုတ်လား ဒေါ်မြ။ နွေဦးမေ လိုချင်လိုက်တာ။ အဲဒီ ဆိုင်ခန်းလေးက လမ်းမလဲ ကျတယ်။ အလုပ်ဆိုက်တွေနဲ့လဲ နီးတယ်။ ကားဂိတ်နဲ့လဲနီး၊ အဆောင်တွေနဲ့လဲ နီးတယ်"

"သူက လခများတယ်။ တစ်နှစ်စာချုပ်နော်။ နင့်မှာ ငှားဖို့ ပိုက်ဆံရှိလို့လား"

"စုထားတာတော့ ရှိပါတယ်။ ဒါပေမဲ့ ငှားဖို့ ရှိတာ။ ရင်းဖို့ မရှိတော့ဘူး"

"ဟဲ့နေအုံး။ စီးပွားရေးလုပ်ချင်သူတွေကို ငွေချေးပေးတဲ့ ကုမ္ပဏီတွေ ငါတို့ ရပ်ကွက်ထဲလာနေတာ။ နင်က ဆိုင်ပြလိုက်ရင် ချေးလို့ရတယ်။ ငါ အာမခံပေးမယ်ဟယ်။ နင် စိတ်အားထက်သန်ရင်လုပ်ပေါ့"

"လုပ်မယ် ဒေါ်မြရယ်။ ရဲရင် မင်းဖြစ်မှာပဲ။ နွေဦးလုပ်မယ်"

စာမျက်နှာ ၂၅သို့ ➤

# ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၁၂၃၈၈ ဧက ရိတ်သိမ်းပြီးစီး



**ခင်ဦး ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၁၂၃၈၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၂၃၈၈ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၄ ဒသမ ၆၂ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

" ခင်ဦးမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ နှမ်း ၁၂၃၈၈ ဧက စိုက်ပျိုးထားတယ်။ လက်ရှိအချိန်မှာတော့ နှမ်းစိုက်ခင်းဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ အထွက်နှုန်းလဲ ကောင်းမွန်ပါတယ်။ နှမ်းကိုဆောင်းမှာပဲ စိုက်ပျိုးကြတာဖြစ်ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်း စနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့် နည်းစနစ်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

GAPစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

---

➤ စာမျက်နှာ ၂၄ မှအဆက်

ဒေါ်မြအကူအညီဖြင့် အခန်းငှားတာရော၊ ငွေချေးတာရောလုပ်ပြီး ထမင်းဆိုင်လေးကို နွေဦးမေတို့မောင်နှမ အကောင်အထည်ဖော်နိုင်ခဲ့သည်။ လက်ရာကောင်းမွန်ခြင်း၊ စေတနာပြည့်ဝခြင်းတို့ကြောင့် နွေဦးမေတို့ရဲ့ဆိုင်လေး တစ်နှစ်အတွင်း အရောင်းအဝယ်ကောင်းလာခဲ့သည်။ ထမင်းချက်ရန် ဒေါ်မြကိုသာ ခေါ်နိုင်ပြီ။ ကျန်သည့်ကိစ္စများကို မောင်နှမနှစ်ယောက် အပင်ပန်းခံသည်။ ဟင်းချက်တာ၊ စားပွဲထိုး၊ ဈေးသွား၊ ဈေးဝယ် မောင်နှမနှစ်ယောက် အပင်ပန်းခံလုပ်ခဲ့သည်။ အကြွေးကိုလည်း လတိုင်းဆပ်နိုင်သလို ပိုက်ဆံကိုလည်း ချွေတာစုဆောင်းသည်။ မောင်လေး လေပြေကလည်း ဆိုင်ရှေ့မှာ အအေးဆိုင်ပါ တွဲဖွင့်သည်။ လုံးဝမနိုင်တော့၍ စားပွဲထိုးကောင်ကလေး နှစ်ယောက်နှင့် ပန်းကန်ဆေးရန် လူငှားတစ်ယောက်ငှားလိုက်ရသည်။

"အစ်မရေ အကျိုးပေးတုန်း ကြိုးစားကြရအောင်ဗျာ"

"အမှန်ပဲ မောင်လေးရေ။ နင်းပြားဘဝကနေ ရုန်းခဲ့တာပဲ။ စိတ်ချသည်ထက် တိုးချဲ့နိုင်အောင် ကြိုးစားမယ်"

ရည်မှန်းချက်ကြီးမားသည့် စိတ်တူကိုယ်တူ မောင်နှမနှစ်ယောက်မို့ ရိုးသားစွာနှင့် တိုးတက်ကြီးပွားရန် ခေါင်းထဲအမြဲထည့်ထားကြသူများမို့ ဘာထပ်လုပ်မလဲဆိုတာကို အမြဲတမ်းတွေးနေကြသူများဖြစ်သည်။ ဖောက်သည်လည်း များလာသလို အလှူပွဲ၊ မင်္ဂလာဆောင်၊ ဆွမ်းကျွေးများပင် ထမင်း၊ ဟင်းအော်ဒါများရနေပြီမို့ သူတို့မောင်နှမ ထမင်းဆိုင်လေးသည် တော်တော်လေး နာမည်ကြီးလာခဲ့သည်။

(၆)

"နွေဦးမေရေ စိတ်မကောင်းဘူးဟယ်။ အိမ်ပိုင်ရှင်က သူ့အိမ် သုံးထပ်တိုက်ဆောက်တော့မှာမို့ ဒီလကုန် ပြောင်းပေးပါတဲ့ နင်တို့ဆိုင်ကို"

"ဒုက္ခပဲ ဒေါ်မြရယ်။ အခုမှ ဖောက်သည်တွေနဲ့ စိုစိုပြည်ပြည် ဖြစ်မလို့ရှိသေးတယ်။ နွေဦးမေတို့ ဘယ်မှာသွားရှာရမလဲနော်"

"ဟုတ်ပအေ။ ဒေါ်မြလဲ မတတ်နိုင်ဘူးလေ။ သူတို့က ပြောင်းခိုင်းတော့လဲ"

စိတ်ညစ်နေလို့လည်း ဘာမှမထူးတာမို့ နီးစပ်ရာမှာ အိမ်လေးတစ်လုံးငှားလိုက်သည်။ ဖောက်သည်များရှိနေ၍ ပါဆယ်၊ ချိုင့်ဆွဲ စနစ်နဲ့ လိုက်ပို့ပေးသည်။ အလုပ်ဆိုက်များ၊ အဆောင်နေ အလုပ်သမား၊ ကျောင်းသားများအတွက် လချင်း ထမင်းဟင်းချက်ပြုတ်ပေးနိုင်ခဲ့သည်။ အခန်းလွတ်နေရာလေးများ လိုက်စုံစမ်းသည်။ အဆင်မပြေသေးလည်း အော်ဒါများနေခဲ့၍ ငွေကြေးတော်တော်စုမိလာခဲ့သည်။ ရှိသမျှငွေလေးနှင့် ဘဏ်တိုးလေးယူကာ နေရာကောင်းတစ်ခုမှာ ဆိုင်ခန်းလေးကို အပိုင်ဝယ်နိုင်ခဲ့သည်။ အငှားဆိုသည့်ဘဝကြီးကို နွေဦးမေတို့ စိတ်ကုန်မိသည်။ မတည်မြဲဘဲ အမြဲတမ်းပြောင်းနေရသည်မို့ ယခုတော့ စိတ်ချမ်းသာစွာနှင့် စီးပွားရှာနေပြီဖြစ်သည်။ လေးငါးနှစ်အတွင်းမှာ သူတို့ဆိုင်လေးက လူတိုင်း ပါးစပ်ဖျား ရေပန်းစားလာခဲ့သည်။ အလုပ်သမား လေးငါးယောက်မှသည် ယခုတော့ ၁၀ယောက်ကျော်ပင်ငှားထားရပြီဖြစ်သည်။ မောင်လေး လေပြေ၏ အအေးဆိုင်ပင် သီးသန့်ဖွင့်ထားရသည်။ အမျိုးအစားစုံလင်စွာရ၍ လည်း ပိုပြီးရောင်းအားကောင်းလာခဲ့သည်။

ယခုတော့ နွေဦးမေပင် အသက်၃၀ကျော်ပြီဖြစ်သည်။ မောင်လေး လေပြေလည်း အိမ်ထောင်ကျလို့ ကလေးနှစ်ယောက်ပင် ရနေပြီ။ သူ့စီးပွားရေးနှင့် သူ အဆင်ပြေနေပြီမို့ နွေဦးမေစိတ်ချမ်းသာရသည်။

"အစ်မရေ ဒီအတိုင်းပဲနေတော့မှာလား။ အိမ်ထောင်မပြုတော့ဘူးလား။ စီးပွားရေးတွေ အဲလောက်ကောင်းတာ။ အပျိုကြီး ဝိုင်းဝိုင်းလည်နေတာ ရွေးရခက်နေတာလား"

"ဒေါင်ဒေါင်မြည်တွေချည်းပဲ လာတောင်းတာ။ လက်မခံဘူးအေ"

သူ့ကိုယ်တိုင်လည်း အိမ်ထောင်ရေးကို စိတ်မဝင်စားသလို စီးပွားရေးသာ ဦးစားပေးနေသူမို့ အချိန်မပေးနိုင်ခဲ့ပေ။ တစ်ဆိုင်မှသည် ယခုဆို ဆိုင်ခွဲနှစ်ခု ဖွင့်နိုင်ပြီမို့ ယုံကြည်စိတ်ချရသူနှင့်သာလွှဲထားရသည်။ မောင်လေး လေပြေလည်း သူ့အိုး၊ သူ့အိမ်၊ သူ့မိသားစုနှင့် အဆင်ပြေနေပြီမို့ နွေဦးမေကျေနပ်မိသည်။

(၇)

ရာသီပြောင်းချိန် ဆောင်းအကုန်နွေအကူးသည် ဟိုလိုလို သည်လိုလိုနှင့် မတည်မြဲသည့် အခြေအနေနှင့် ပြောပြရန်ခက်လှသည်။ တိုက်ခတ်လာသောလေပြေသည်လည်း ကြမ်းသွားနိုင်သလို နူးညံ့သည့် လေပြေလေးလည်း ဖြစ်သွားတတ်သည်။ နွေဦးမေနှင့် လေပြေတို့မောင်နှမနှစ်ယောက်သည်လည်း ဟိုလိုလို သည်လိုလိုနှင့် ဖြတ်သန်းလာရင်း လောကကြီးမှာ ဒုက္ခအမျိုးမျိုး ခံစားခဲ့ရသည်။ လေပြေလာမှာလိုလိုနှင့် ကြမ်းတမ်းသည့် လေပွေနှင့် တွေ့သည်။ သို့သော် ကြံ့ကြံ့ခံသည့် စိတ်၊ မလျှော့သော ဇွဲ၊ ခံနိုင်ရည်ရှိသည့် သတ္တိတို့က အရာအားလုံးကို အနိုင်ယူနိုင်ခဲ့ပြီမို့ ရည်ရွယ်ချက်မရှိ၊ စိတ်ဓာတ်မမာခဲ့လျှင် နွေဦးမေတို့ဘဝ သည်လိုမျိုး ဖြစ်လာစရာအကြောင်းမရှိပေ။ လာဟဲ့ လောကဓံလို့ ခေါင်းမော့ရင်ကော့ရင်း နေထိုင်ခဲ့တာမို့ ယခုတော့ အရာအားလုံးအဆင်ပြေချောမွေ့ခဲ့ပြီ။ ကြမ်းတမ်းသည့်မုန်တိုင်း လာပါစေ ခံနိုင်ရည်ရှိနေပြီမို့ အပြုံး နှင့်သာ ဆီးကြိုတော့မည်ဖြစ်သည်။ ပြောပြရအုံးမည် ဖြစ်သည်။

---

## လုံ့လရှေ့ဆောင် ကြံတိုင်းအောင်

\- လုံ့လကို ရှေ့ဆောင်ထားလို့
ကြိုးစားစို့ မင်းသူငါ၊
ပန်းတိုင်သည် လက်တစ်ကမ်း
တက်လှမ်းရမှာ၊
ပျင်းရိစိတ် ရှောင်ဖယ်ကာ
ရှေ့ကိုသာ ခရီးဆက်၊
ရည်မှန်းရာ အရောက်သွားကွယ်
လှုပ်ရှားသွက်လက်။

\- စွမ်းဆောင်ရည် နှစ်ဆတက်လို့
ဘဝအတွက် ရှင်သန်မည်၊
အချိန်တွေကို တန်ဖိုးထား
နိုးကြားသင့်သည်၊
အောင်မြင်မှု ပန်းတိုင်ဆီ
လှမ်းနိုင်အတည် ဘယ်မဝေး၊
ယုံကြည်ရာ ဘဝတက်လမ်းကို
လှမ်းလျှောက်မယ်လေး။

\- ကောင်းရာကို ကြံစည်တွေးလို့
ဘဝအရေး လှစေတကယ်၊
တကယ်ဖြစ်ချင် တကယ်လုပ်
အဟုတ်ဖြစ်မယ်၊
တန်ဖိုးရှိ လူသားသဖွယ်
လှဘဝဝယ် နေထိုင်ရင်း၊
ကိုယ့်ဂုဏ်ရှိန် တန်ခိုးထက်လို့
တိုးတက်စေမင်း။ ။

**ရဲသွေးနီ(တက်ဝန်)**

---

## မင်းလှမြို့နယ် ပဒေသာကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မင်းလှ ဧပြီ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းပင်ကုန်းကျေးရွာအုပ်စု ပဒေသာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများဖြင့် ဆောင်ရွက်ထားသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဧပြီ ၂၀ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများသည် ပဒေသာကုန်းကျေးရွာလမ်းကော်မတီဝင်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ လမ်းအရှည်ပေ ၁၇၀၀၊အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ရေသန့်စင်စက်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားသည်။

ပဒေသာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ကျေးရွာတွင်း ဂဝံမြေခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တည်ဆောက်ခြင်းလုပ်ငန်းများကို စီမံကိန်း အတိုးရ ငွေကျပ် ၂၂ ဒသမ ၂၈၅၂၆ သန်းမှ ငွေကျပ် ၈ ဒသမ ၇သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်မတ် ၂၉ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းထံမှ သိရသည်။

**သန်းသန်းမိုး**

# စီးပွားရေးနှင့်ကုန်သွယ်မှုဆက်ဆံရေးတိုးတက်လျက်ရှိသော တရုတ်-ဥရောပသမဂ္ဂ

အနောက်တိုင်းမီဒီယာများက အပျက်သဘော ဆောင်သော ဝေဖန်ရေးသားမှုများရှိနေသည့်တိုင် အောင်၂၀၂၃ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ၂၄ကြိမ်မြောက် တရုတ်-ဥရောပ သမဂ္ဂထိပ်သီးဆွေးနွေးပွဲ ကျင်းပနိုင်ခဲ့သည်။ ထိုသို့ ကျင်းပနိုင်ခြင်းသည် နှစ်ဖက်စလုံးအနေဖြင့် အပြန်အလှန်ဆက်ဆံရေး၏ အရေးပါမှုအပြင် ရလဒ်ကောင်းများ ပိုမိုထွက်ပေါ်စေမည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားနိုင်ရေး ရည်မှန်းထားရှိကြောင်းကို လည်းပြသလျက်ရှိသည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် ၂၀၂၃ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ဥရောပကောင်စီဥက္ကဋ္ဌ ချားလ်မီခေးလ်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ ယူဆူလာဗန်ဒါလင်းတို့နှင့် တွေ့ဆုံဆွေးနွေးစဉ် တရုတ်နှင့် ဥရောပသမဂ္ဂတို့သည် နိုင်ငံပေါင်းစုံဝါဒကို မြှင့်တင်သည့် အဓိကအင်အားစုများ ဖြစ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာအထောက်အပံ့ပြုရာတွင် အဓိကဈေးကွက်ကြီးနှင့် မတူကွဲပြားမှုများကို ပေါင်းစပ်ပေးသည့် အဓိကအင်အားစုကြီးဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။ နိုင်ငံတကာအခြေအနေများ မတည်မငြိမ်ဖြစ်နေသည့်အချိန်တွင် တရုတ် - ဥရောပသမဂ္ဂဆက်ဆံရေးသည် ကမ္ဘာလုံးဆိုင်ရာအေးချမ်းမှု၊ တည်ငြိမ်မှုနှင့် သာယာဝပြောမှုတို့အတွက်မဟာဗျူဟာမြောက်ထူးခြားမှုနှင့် ဆက်နွယ်မှုတို့ကို ဆောင်ကြဉ်းလျက်ရှိကြောင်း ထပ်လောင်းပြောကြားသွားခဲ့သည်။

တရုတ်ဝန်ကြီးချုပ် လီချင်း၊ ဥရောပကောင်စီဥက္ကဋ္ဌ ချားလ်မီခေးလ်နှင့် ဥရောပကော်မရှင် ဥက္ကဋ္ဌ ယူဆူလာဗန်ဒါလင်းတို့ ပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်သည့် တရုတ်-ဥရောပသမဂ္ဂထိပ်သီးဆွေးနွေးပွဲသည် ပွင့်လင်းနက်ရှိုင်းပြီး အောင်မြင်ဖြစ်ထွန်းမှုများရရှိခဲ့ကြောင်း တရားဝင်ထုတ်ပြန်သည့် အစီရင်ခံစာများတွင် ဖော်ပြထားသည်။ ၎င်းထိပ်သီးဆွေးနွေးပွဲသည် တရုတ်-ဥရောပသမဂ္ဂဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုလားရာကို ရှင်းရှင်းလင်းလင်းဖော်ပြခဲ့ပြီး အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များကို အတိအကျဖော်ထုတ်နိုင်ခဲ့သည်။ အဆိုပါထိပ်သီးဆွေးနွေးပွဲသည် အပြုသဘောဆောင်ပြီး တည်ငြိမ်မှုရှိသည့် အပြန်အလှန်ဆက်ဆံရေးဆက်လက်တည်ဆောက်ရန် နှစ်ဖက်စလုံး၏ ကြိုးပမ်းမှုများကို ဆက်လက်လုပ်ဆောင်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှု အားသစ်လောင်းခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို အတူတကွဖြေရှင်းခြင်းတို့ကို အကောင်အထည်ဖော်နိုင်ခဲ့သည်။

ဥရောပကော်မရှင်ဥက္ကဋ္ဌ ယူဆူလာဗန်ဒါလင်းက ထိပ်သီးဆွေးနွေးပွဲကို ပွင့်လင်းပြီးနက်ရှိုင်းမှုရှိသော အစည်းအဝေးဖြစ်သည်ဟု ပြောဆိုခဲ့ပြီး မိမိတို့၏ ကုန်သွယ်မှုဆက်ဆံရေးနှင့် သဘောထားကွဲလွဲမှုများကို ဖြေရှင်းရာတွင် ဟန်ချက်ထိန်းညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်ကုန်သွယ်မှုဆက်ဆံရေးပိုမိုအောင်မြင်ဖြစ်ထွန်းရေးဖော်ဆောင်ရာတွင် ပူးတွဲတာဝန်ယူသွားကြရမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

**မတူကွဲပြားမှုများထက် သာလွန်သော ဘုံအကျိုးစီးပွားများ**

၂၀၂၃ခုနှစ်သည် တရုတ်-ဥရောပသမဂ္ဂ ပြီးပြည့်စုံသော မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး ထူထောင်မှု နှစ်၂၀ပြည့် နှစ်ပတ်လည်ပင်ဖြစ်သည်။ တရုတ်သမ္မတရှီကျင့်ဖျင်က နှစ်ဖက်စလုံးသည် လက်ရှိအချိန်တွင် ရိုးရာသမိုင်းကြောင်းကို ဆက်လက် ထိန်းသိမ်းသွားရန်၊ ကမ္ဘာ့အလားအလာကို လေ့လာသွားရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးကို ပြီးပြည့်စုံသောမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအဖြစ် ထိန်းသိမ်းသွားရန်လိုအပ်ကြောင်း ပြောကြားသွားခဲ့သည်။ ထို့ပြင် တရုတ်သမ္မတရှီကျင့်ဖျင်က တစ်ဦးအပေါ် တစ်ဦးမှန်ကန်သော အမြင်သဘောတရားရှိရန်၊ အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတို့ကိုမြှင့်တင်သွားရန်လည်း တိုက်တွန်းပြောကြားသွားခဲ့သည်။ မိမိတို့အနေဖြင့် မတူကွဲပြားမှုများရှိနေသဖြင့် ပြိုင်ဆိုင်မှုနှင့်ထိပ်တိုက်ရင်ဆိုင်မှုများလည်းရှိနိုင်ကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားသွားခဲ့သည်။

တရုတ်-ဥရောပသမဂ္ဂဆက်ဆံရေးအရေးပါမှုကို ပြသသောအားဖြင့် ၂၀၂၂ခုနှစ် နိုဝင်ဘာလကတည်းက ဥရောပကောင်စီဥက္ကဋ္ဌ ချားလ်မီခေးလ်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ ယူဆူလာဗန်ဒါလင်းတို့အပြင် ဂျာမနီဝန်ကြီးချုပ် အိုလက်ရှောလက်၊ စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်၊ ပြင်သစ်သမ္မတ အင်မြူရယ်မက်



ခရွန်နှင့် ဂရိဝန်ကြီးချုပ် ကိုင်ရီယာကိုစ်တို့သည် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်များလာရောက်ခဲ့သည်။ အလားတူ တရုတ်ခေါင်းဆောင်များဖြစ်သည့်ဝန်ကြီးချုပ် လီချင်း၊ ဒုတိယသမ္မတ ဟန်ရှိအန်းနှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့အနေဖြင့်လည်း ဥရောပနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့သည်။ ထိုသို့ နှစ်ဖက်ခေါင်းဆောင်များကြား နီးကပ်သော ထိတွေ့ဆက်ဆံမှုနှင့် အပြန်အလှန်သွားရောက်လည်ပတ်မှုများသည်တရုတ်နှင့်ဥရောပသမဂ္ဂတို့ကြား ပူးပေါင်းဆောင်ရွက်မှုသည် ပြိုင်ဆိုင်မှုထက် ပိုမိုသာလွန်ကြောင်းနှင့် ဘုံအကျိုးစီးပွားများသည် မတူကွဲပြားမှုများထက် ပိုမိုအလေးသာကြောင်းတို့ကို ဖော်ပြလျက်ရှိပေသည်။

၁၉၉၈ခုနှစ်တွင် စတင်ကျင်းပခဲ့သော တရုတ်-ဥရောပသမဂ္ဂထိပ်သီးဆွေးနွေးပွဲကို တရုတ်နှင့်ဥရောပတို့က အိမ်ရှင်အဖြစ်တစ်လှည့်စီလက်ခံကာ နှစ်စဉ်ကျင်းပလျက်ရှိသည်။ ၎င်းထိပ်သီးဆွေးနွေးပွဲသည် တရုတ်-ဥရောပသမဂ္ဂဆက်ဆံရေးနက်ရှိုင်းအောင်ဆောင်ရွက်ခြင်းနှင့် အပြန်အလှန်ဆွေးနွေးပွဲများမြှင့်တင်ခြင်းတို့တွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် အရေးပါသော ဆက်ဆံရေးကို မဟာဗျူဟာမြောက်လမ်းညွှန်လျက်ရှိသည်။ အဆိုပါ ထိပ်သီးဆွေးနွေးပွဲမကျင်းပမီ တရုတ်-ဥရောပသမဂ္ဂစီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၏ ဆွေးနွေးပွဲကို ပြုလုပ်ခဲ့သည်။

မကြာသေးမီကပြုလုပ်ခဲ့သည့် ထိပ်သီးဆွေးနွေးပွဲ၌ နှစ်ဖက်စလုံးသည်ပွင့်လင်းမြင်သာမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းမှုကို ဆက်လက်ထိန်းသိမ်းထားရှိရန်၊ ကုမ္ပဏီများအတွက် မျှတသောစီးပွားရေးလုပ်ငန်းဝန်းကျင်ဖန်တီးပေးသွားရန်နှင့် မတူကွဲပြားမှုများကို ဆွေးနွေးညှိနှိုင်းအဖြေရှာသည့် နည်းလမ်းများဖြင့် ဖြေရှင်းသွားရန် သဘောတူညီခဲ့ကြသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝင်ဘင်းကနှစ်ဖက်စလုံးသည် အပြန်အလှန်နားလည်မှုမြှင့်တင်ပြီး မဟာဗျူဟာမြောက်ဆက်သွယ်မှုကို နက်ရှိုင်းစွာဆောင်ရွက်လျက်ရှိကြောင်းနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် ဘုံသဘောတူညီချက်တည်ဆောက်လျက်ရှိကြောင်း၊ မတူကွဲပြားမှုများကို ကျိုးကြောင်းဆီလျော်စွာ ဖြေရှင်းသွားရန်နှင့်တရုတ်-ဥရောပသမဂ္ဂဆက်ဆံရေးများကို ပိုမိုတည်ငြိမ်ပြီး အကျိုးဖြစ်ထွန်းအောင်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြောင်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသွားခဲ့သည်။

**စီးပွားရေးနှင့်ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆက်ဆံရေးမြှင့်တင်ခြင်း**

လွန်ခဲ့သောနှစ်၂၀ကျော်ကာလအတွင်း တရုတ်-ဥရောပသမဂ္ဂ စီးပွားရေးနှင့်ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုသည် တစ်ဟုန်ထိုးတိုးတက်လာလျက်ရှိသည်။ တရုတ်နိုင်ငံတွင် ဥရောပသမဂ္ဂ၏ FDI တန်ဖိုးသည် ၂၀၀၂ခုနှစ် နှောင်းပိုင်းတွင် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၁ ဘီလီယံသာရှိခဲ့ရာမှ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၂ ဘီလီယံထိ တိုးတက်လာခဲ့သည်။ အလားတူ ၂၀၀၃ -၂၀၂၂ခုနှစ် ကာလအတွင်း ဥရောပသမဂ္ဂတွင် တရုတ်၏ FDI တန်ဖိုးသည် အမေရိကန်ဒေါ်လာ သန်း ၄၀၀ မှ ၁၀၁ ဒသမ ၂ ဘီလီယံထိ တိုးတက်လာခဲ့သည်။

တရုတ်နှင့် ဥရောပသမဂ္ဂတို့သည် အဓိက ကုန်သွယ်ဖက်နိုင်ငံများဖြစ်ကြပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ကျဆင်းမှုများရှိခဲ့သည့်တိုင်အောင် ၂၀၂၂ ခုနှစ်အတွင်းတရုတ်နှင့်ဥရောပသမဂ္ဂတို့ ကြား ကုန်သွယ်မှုတန်ဖိုးသည် စံချိန်တင်မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၄၇ ဒသမ ၃ ဘီလီယံထိရှိခဲ့သည်။ ၂၀၂၂ခုနှစ်တွင် တရုတ်နိုင်ငံသည်အမေရိကန်ပြီးလျှင် ဥရောပသမဂ္ဂ၏ ဒုတိယအကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

နှစ်ဖက်စလုံး၏ စီးပွားရေးဆိုင်ရာလုပ်ငန်းများသည်ဆက်စပ်နယ်ပယ်များတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကို မြင့်တက်စေလျက်ရှိသည်။ တရုတ်နိုင်ငံ၏ ပွင့်လင်းမြင်သာမှုနှင့် အရည်အသွေးကို အခြေခံသည့်ဖွံ့ဖြိုးတိုးတက်မှုသည် ဥရောပသမဂ္ဂနှင့်ကမ္ဘာကြီးကို စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများကမ်းလှမ်းပေးလျက်ရှိသည်။ အလားတူ လူဦးရေသန်း ၄၅၀ နှင့်အတူကြီးမားသောဈေးကွက်နှင့်ဖွံ့ဖြိုးပြီးစီးပွားရေးလုပ်ငန်းကြီးဖြစ်သည့် ဥရောပသမဂ္ဂအနေဖြင့်လည်း တရုတ်နိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အပြုသဘောဆောင်သော သက်ရောက်မှုများရှိနေသည်။

တရုတ်နိုင်ငံသည် ဥရောပသမဂ္ဂကို စီးပွားရေးနှင့်ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှုတွင် အဓိကမိတ်ဖက်အဖြစ်လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုအတွက် ရွေးချယ်သွားသင့်သောမိတ်ဖက်အဖြစ်လည်းကောင်း၊ စက်မှုလုပ်ငန်းနှင့်အရောင်းကွင်းဆက်ပူးပေါင်းဆောင်ရွက်မှုအတွက် ယုံကြည်ထိုက်သော မိတ်ဖက်အဖြစ်လည်းကောင်း ရှုမြင်ထားရှိကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ထိပ်သီးဆွေးနွေးပွဲ၌ ဥရောပသမဂ္ဂခေါင်းဆောင်များကိုပြောကြားသွားခဲ့သည်။

မကြာသေးမီကပြုလုပ်ခဲ့သည့် ပထမဆုံးတရုတ်နိုင်ငံ၏ နိုင်ငံတကာအရောင်းကွင်းဆက်ပြပွဲ (CISCE)သည် ကမ္ဘာတစ်ဝန်းမှကုမ္ပဏီ ၅၁၅ခုကို ဆွဲဆောင်နိုင်ခဲ့သည်။ အနောက်တိုင်းနိုင်ငံရေးသမားများက တရုတ်နိုင်ငံနှင့် ဆက်ဆံရေးလျှော့ချဖြတ်တောက်ရန် တောင်းဆိုမှုများရှိနေသည့်တိုင်အောင်အမေရိကန်နှင့် ဥရောပသမဂ္ဂကုမ္ပဏီ ၃၆ ရာခိုင်နှုန်းခန့်သည် အဆိုပါပြပွဲ၌ ပါဝင်ပြသခဲ့ကြပြီး တရုတ်မိတ်ဖက်ကုမ္ပဏီများနှင့် ပူးပေါင်းကာ အရောင်းကွင်းဆက်မြှင့်တင်သွားရန် ရည်ရွယ်ထားရှိကြသည်။

မကြာသေးမီကပြုလုပ်ခဲ့သည့် ထိပ်သီးဆွေးနွေးပွဲ၌ တရုတ်သမ္မတရှီကျင့်ဖျင်သည် ဥရောပကောင်စီဥက္ကဋ္ဌ ချားလ်မီခေးလ်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ ယူဆူလာဗန်ဒါလင်းတို့ကို လက်ရှိအချိန်တွင် နှစ်ဖက်စလုံးအနေဖြင့် သမားရိုးကျစက်မှုလုပ်ငန်းများမြှင့်တင်ရန်နှင့် အသစ်အသစ်သောလုပ်ငန်းများ ခိုင်မာအားကောင်းလာစေရန်၊ ပူးပေါင်းဆောင်ရွက်မှုပုံစံသစ်များလုပ်ဆောင်သွားရန်၊ ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်သစ်များပိုမိုအားကောင်းလာစေရန်နှင့်စက်မှုလုပ်ငန်းနှင့် အရောင်းကွင်းဆက်များ ပူးတွဲမြှင့်တင်သွားနိုင်ရန် အလို့ငှာဈေးကွက်၊ အရင်းအနှီးနှင့်နည်းပညာများနှင့် စပ်လျဉ်း၍ ခိုင်မာအားကောင်းသော ပေါင်းစည်းမှုများကို အင်အားတစ်ရပ်အဖြစ် အသုံးချသွားသင့်ကြောင်းတိုက်တွန်းပြောကြားသွားခဲ့သည်။

တရုတ်ဝန်ကြီးချုပ်လီချင်းသည် ထိပ်သီးဆွေးနွေးပွဲ၌ တရုတ်လျှပ်စစ်သုံးယာဉ်များ(EV)အပေါ် ရန်ပုံငွေထုတ်ပေးမှုကို စုံစမ်းစစ်ဆေးခြင်းအပါအဝင် ဥရောပသမဂ္ဂ၏စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာမူဝါဒများ ကန့်သတ်ဆောင်ရွက်လာမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဥရောပသမဂ္ဂဘက်ကလည်း ကုန်သွယ်မှု ဟန်ချက်မညီမျှမှုနှင့် ကုန်သွယ်မှုလိုငွေပြနေမှုတို့နှင့်စပ်လျဉ်း၍ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ထိပ်သီးဆွေးနွေးပွဲ၌ ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ်သမ္မတရှီကျင့်ဖျင်ကမူ တရုတ်-ဥရောပသမဂ္ဂ ပြီးပြည့်စုံသော မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးသည် နှစ်၂၀ကျော်ကာလသို့ ကျော်လွန်လာပြီဖြစ်ကြောင်း၊ နှစ်ဖက်စလုံးအနေဖြင့် ကမ္ဘာကြီးတည်ငြိမ်အေးချမ်းမှု ဖော်ဆောင်ရေးအတွက် အထောက်အကူ ဖြစ်စေရန်နှင့်ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ခိုင်မာအားကောင်းသော သွင်းအားစုများ ပံ့ပိုးပေးသွားရန်တာဝန်ရှိကြောင်း တိုက်တွန်းပြောကြားသွားခဲ့သည်။ ထို့ကြောင့် စီးပွားရေးနှင့် ကုန်သွယ်မှုနယ်ပယ်တို့၌ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းလာသည့် တရုတ် - ဥရောပသမဂ္ဂ ဆက်ဆံရေးသည် နှစ်ဖက်စလုံးအပြင် ကမ္ဘာကြီးတည်ငြိမ်အေးချမ်းမှုနှင့် သာယာဝပြောမှုတို့ကိုလည်း အထိုက်အလျောက် အကျိုးဖြစ်ထွန်းစေလျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပေသည်။

**ကိုးကား**

- **China-EU Ties Gather Pace amid Rumblings of De-risking and De-coupling By CHINA TODAY.**

**မောင်စိန်အိ(နဘဲမြေ)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံ ပဲမျိုးစုံ ၄၄၇၃၃ ဧက ရိတ်သိမ်းပြီးစီး



**မင်းကင်း ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲမျိုးစုံ ၄၄၇၃၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲမျိုးစုံသီးနှံစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၄၄၇၃၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပဲမျိုးစုံ ၄၄၇၃၃ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ ပဲမျိုးစုံနှံစိုက်ခင်းတွေ အားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာမှာ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းတဲ့ မျိုးတွေ ပြောင်းလဲ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးခဲ့တယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ပဲမျိုးစုံ သီးနှံအလိုက် ရိတ်သိမ်းပြီးစီးမှုအနေဖြင့် မတ်ပဲ ၃၀၀၇ ဧက တစ်ဧကလျှင် ၁၉ တင်း၊ ပဲတီစိမ်း ၅၆၄၈ ဧက တစ်ဧကလျှင် ၁၄ ဒသမ ၈၅ တင်း၊ ထောပတ်ပဲ ၉၅၉ ဧက တစ်ဧကလျှင် ၁၉ ဒသမ ၁၆ တင်း၊ စွန်တာနီ ၁၀၈၈ ဧက တစ်ဧကလျှင် ၁၈ ဒသမ ၅၀ တင်း၊ စွန်တာပြာ ဧက ၃၃၁၀ တစ်ဧကလျှင် ၁၄ ဒသမ ၂၈ တင်း၊ ပဲပုပ် ၂၀၄၅ ဧက တစ်ဧကလျှင် ၁၅ ဒသမ ၄၁ တင်း၊ ကုလားပဲ ၁၁၅၈ ဧက တစ်ဧကလျှင် ၁၇ ဒသမ ၂၄ တင်း၊ ပဲလွန်း ၃၈၇၉ ဧက တစ်ဧကလျှင် ၁၀ ဒသမ ၂၇ တင်း၊ ပဲယဉ်း ၅၉၄ ဧက တစ်ဧကလျှင် ၁၁ ဒသမ ၃၁ တင်း၊ ပဲဖြူလေး ၁၀၅၇ ဧက တစ်ဧကလျှင် ၁၅ ဒသမ ၉၃ တင်း၊ ပဲကြီး ၆၁၆၇ ဧက တစ်ဧကလျှင် ၃၁ ဒသမ ၀၅ တင်း၊ ပဲကျား ဧက ၉၈၀ တစ်ဧကလျှင် ၁၇ ဒသမ ၂၆ တင်း၊ စားတော်ပဲ ၈၆၉၉ ဧက တစ်ဧကလျှင် ၁၉ ဒသမ ၅၄ တင်း၊ ပဲနောက် ၆၃၂ ဧက တစ်ဧကလျှင် ၁၂ ဒသမ ၆၆ တင်း၊ မြေထောက်ပဲ ၄၇၅ ဧက တစ်ဧကလျှင် ၁၇ ဒသမ ၃၃ တင်း၊ အခြားပဲ ၅၀၃၅ ဧက တစ်ဧကလျှင် ၁၇ ဒသမ ၅၁ တင်းတို့ဖြစ်ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် ပဲမျိုးစုံ စိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကျရောက်မှုအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ငါးခေါင်းပွ ပိဿာချိန် ၇၅၀၀၀ ထိရောင်းချခဲ့ရ

**ဘိုကလေး ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ငါးခေါင်းပွ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလက ငါးခေါင်းပွ ပိဿာချိန် ၅၉၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်တွင် ငါးခေါင်းပွ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းများသည် ငါးခေါင်းပွများအပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဘိုကလေးဘက်ကနေ ငါးခေါင်းပွတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့မတ်လက ငါးခေါင်းပွတွေတင်ပို့အား ထပ်ကောင်းလာတာပါ။ ပြည်တွင်းမှာကို ငါးခေါင်းပွက ဝယ်ယူမှုများနေတာပါ"ဟု ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့်အခြားဒေသများသို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးခေါင်းပွများ နေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# လိမ္မာယဉ်ကျေးသွန်သင်ပေးသော ဆုံးမစာများ

ကိုယဉ်ချစ်(မန္တလေး)

လိမ္မာတယ်ဆိုတာ အနေအထိုင်၊ အပြောအဆိုတွေ ယဉ်ကျေးသိမ်မွေ့တာဖြစ်ပြီး ယဉ်ကျေးတယ်ဆိုတာကတော့ သိမ်မွေ့သော အမူအရာရှိသော၊ ပြေပြစ်သော၊ နှစ်သက်စဖွယ်ဖြစ်သော၊ တိုးတက်သော လူမှုအဆင့်အတန်းရောက်သောလို့ မြန်မာအဘိဓာန်မှာ ဖော်ပြထားပါတယ်။

မြန်မာလူမျိုးတွေဟာ စိတ်ပိုင်းဆိုင်ရာ၊ နှုတ်အမူအရာ၊ ကိုယ်အမူအရာတွေ ယဉ်ကျေးလိမ္မာစေဖို့အတွက် ရှေးနှစ်ပေါင်းများစွာကတည်းက ပုံဆောင်ကိုးကား အထောက်အထားတွေနဲ့ ရေးသားညွှန်ပြသွန်သင်ဆုံးမမှုတွေကို စာပေကျမ်းဂန်တွေမှာလေ့လာမှတ်သားနိုင်ပါတယ်။ ဒါကြောင့် အလိမ္မာစာမှာရှိလို့ဆိုခဲ့တာဖြစ်ပါတယ်။

ကျမ်းဂန်ဆိုတာ တစ်စောင်တစ်ဖွဲ့ဖြစ်အောင် ရေးသားထားသော ဂန္ထဝင်မြောက်စာပေ၊ ဗုဒ္ဓဘာသာဆိုင်ရာစာပေလို့ မြန်မာအဘိဓာန်မှာ ဖွင့်ဆိုထားပါတယ်။ **ပညာရှိတို့သည် ကျမ်းဂန်မှကင်း၍ စကားမဆိုကောင်း** ဆိုစကားအတိုင်း ကျမ်းဂန်တွေမှာပါရှိတဲ့ ဩဝါဒကထာတွေကို အထောက်အထား အမှားအယွင်းမရှိကြရလေအောင် ဝေဖန်စိစစ်ပြီး နီတိကျမ်းတွေ၊ ရာဇဝင်တွေ၊ မဟာဝင်တွေကို ပြုစုခဲ့ကြပါတယ်။ ပြုစုခဲ့ကြတဲ့ ရည်ရွယ်ချက်စေတနာကတော့ နောင်လာနောက်သား လူငယ်တွေအနေနဲ့ မမှားသင့်တာမမှားအောင်၊ မှားပြီးမှနောင်တရပြီး ပူပင်ကြောင့်ကြတွေမဖြစ်ရအောင် နားလည်လွယ်၊ သိလွယ်တဲ့ စာသား၊ စကားလုံးတွေအသုံးပြုပြီး ဆုံးမစာတွေကို ရေးသားခဲ့ကြပါတယ်။

ရှင်မဟာသီလဝံသရဲ့ တိလောကဟုဆုံးမစာ၊ ရှင်မဟာရဋ္ဌသာရရဲ့ လက်သစ်တောင်တာဆုံးမစာ၊ ဂမ္ဘီသာရဆုံးမစာ၊ သုစိပုဘာဆုံးမစာ၊ ကန်တော်မင်းကျောင်းဆရာတော်ရဲ့ လောကသာရဆုံးမစာနဲ့ ဩဝါဒမေတ္တာစာ၊ တောင်ဖီလာဆရာတော်ရဲ့ ဖျက်စု - ခက်စု - ခဲစု - မမြဲစု၊ စိန္တကျော်သူဦးဩရဲ့ဩဝါဒထူးပျို့ဆုံးမစာ၊ တွင်းသင်းမင်းကြီးရဲ့ နဝရတ်ကိုးသွယ်လင်္ကာ၊ အတုလဆရာတော် ခင်ကြီးဖျော်ရဲ့ ပုတ္တောဝါဒဆုံးမစာ၊ ရွှေကျောင်းဆရာတော်ဦးပညာရဲ့ မာတောဝါဒဆုံးမစာ၊ မုံရွေးဆရာတော်ရဲ့ ဩဝါဒမေတ္တာစာ၊ ကျည်းကန်ရှင်ကြီးရဲ့ စကားပုံဆုံးမစာ၊ ပေါက်တံမောင်ချိုရဲ့စကားပုံ၊ စဥ့်ပါဆရာတော်ရဲ့ ဓမ္မနီတိဆုံးမစာ၊ စာတော်ပြင်ဆရာကြီးဦးပညာရဲ့ သားရွှေဥဆုံးမစာ၊ ကိုရင်ကြီးတစ်ပါးရဲ့ သားရွှေခဲဆုံးမစာ၊ သားရွှေတောင်ဆုံးမစာ၊ မောင်စံထိန်ရဲ့သားရွှေကြူဆုံးမစာ၊ ဆရာတော်ဦးဗုဓ်ရဲ့ ဂိဟိဝိနယဆုံးမစာ၊ ထွဋ်ခေါင်ဆရာတော်ရဲ့ ကမ္ဘဋ္ဌာန်းသံပေါက်၊ သင်္ဂဇာဆရာတော်ရဲ့သိင်္ဂါလောဝါဒဆုံးမစာ၊ ကျီးသဲလေးထပ်ဆရာတော်ရဲ့ ပူရာဏ် - ဓမ္မဂန် ဖတ်စာ၊ လုံးတော်ဆရာတော် ရဲ့ဩဝါဒကထာ စာတမ်း၊ ညောင်ပင်သာဦးပုညရဲ့ သုတရတနာဆုံးမစာ၊ နားခံတော်ဦးရွှေနီရဲ့ အတ္တောဝါဒဆုံးမစာ၊ အမှာတော်ရေးဦးရှင်ကလေးရဲ့ သုတပဥ္စုဆုံးမစာနဲ့ လောကနီတိပျို့၊ ဆီးပန်းနီဆရာတော်ရဲ့ ခတ္တောဝါဒ၊ ဥပါသကောဝါဒနဲ့ အရည်ကောဝါဒတွေဟာ ထင်ရှားခဲ့ပါတယ်။

လူသားတွေမှာ အသိပညာနုနယ်ငယ်ရွယ်သေးတဲ့ ကလေးသူငယ်တွေဟာ ပုံသွင်းပြုပြင်လို့အကောင်းဆုံးအရွယ်ဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက အလိုလိုက်မပြုပြင်ဘဲထားပါက အရွယ်ရောက်လာချိန်မှာ ပြုပြင်ရခက်ခဲသွားပြီဖြစ်ပါတယ်။ လူ့သဘောသဘာဝအရ လူ့စိတ်ဆိုတာ အစဉ်မကောင်းမှုမှာသာ မွေ့လျော်တတ်ကြတာမို့ အခြေခံကျတဲ့စိတ်ဆင်ရိုင်းကို ပညာဆိုတဲ့ချွန်းနဲ့ ထိန်းချုပ်ပေးကြဖို့လိုပါတယ်။ စိတ်ဟာ ဆုံးမစာတွေနဲ့နီးစပ်ရင်းနှီးနေသမျှ ယဉ်ကျေးလိမ္မာတဲ့ လူတော်လူကောင်းတွေ ဖြစ်လာမှာဖြစ်ပါတယ်။

ဆုံးမစာတွေဟာ ကလေးသူငယ်တွေအတွက်သာ မဟုတ်ပါဘူး။ အမှားနဲ့မကင်းနိုင်တဲ့ ပုထုဇဉ်တွေဖြစ်တာကြောင့် အသက်အရွယ်ကြီးရင့်သည်ဖြစ်စေ၊ ပညာတတ်သည်ဖြစ်စေ၊ ဥစ္စာနေပြည့်စုံသည်ဖြစ်စေ၊ အမိန့်အာဏာရှိသည်ဖြစ်စေ လိုက်နာကျင့်ကြံနိုင်အောင် ရေးသားဆုံးမခဲ့ကြတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် လူငယ်တွေအတွက်သာမဟုတ်ဘဲ လူကြီးလူငယ်တွေအားလုံးအတွက် ဆုံးမခဲ့ကြတာဖြစ်ပါတယ်။

ဆုံးမစာတွေမှာ လူငယ်လူရွယ်တွေအတွက် အမိက သားကိုဆုံးမစာ၊ အဖက သားကိုဆုံးမစာ၊ ဆရာက တပည့်ကိုဆုံးမစာတွေအပြင် အမျိုးလေးပါးကို ဆုံးမစာ၊ မင်းသားကိုဆုံးမစာ၊ ဘုရင်မင်းကိုဆုံးမစာ၊ ရဟန်းပုဏ္ဏားကိုဆုံးမစာနဲ့ မင်းခစားဆုံးမစာဆိုပြီးရှိပါတယ်။ ဆုံးမစာတွေမှာ ရှေးပညာရှိတွေက ရှေးကရေးနည်းအတိုင်း ပျို့၊ ကဗျာ၊ လင်္ကာတွေနဲ့ ဖွဲ့ဆိုရေးသားခဲ့ကြပါတယ်။ လေ့လာမှတ်သားလိုက်နာနိုင်ကြဖို့အတွက် ဆုံးမစာတွေကို ဥပမာအမျိုးမျိုး၊ အယူအဆအမျိုးမျိုး၊ သဘောအမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုးကနေ လောက လူသားတွေကောင်းကျိုးကို တွေးခေါ်ရှုမျှော်ပြီး ရေးသားခဲ့ကြတာဖြစ်ပါတယ်။

အချို့ဆုံးမစာတွေဟာ ဆုံးမစာလို့အမည်တပ်ထားပေမဲ့ ဆုံးမစာသက်သက်အပြင် မေတ္တာစာလို့အမည်တပ်ထားတာကိုလဲ လေ့လာတွေ့ရှိနိုင်ပါတယ်။ ဓမ္မနီတိ၊ စာဏကျနီတိ၊ လောကနီတိတွေဟာလဲ မှတ်သားလိုက်နာသင့်တဲ့ အဖိုးတန်ဆုံးမစာတွေဖြစ်ပါတယ်။ တချို့ကတော့ စကားပုံတွေနဲ့ ဆုံးမထားပါတယ်။ စကားပုံဆိုတာ လူအများဆင်ခြင်မှတ်သားဖွယ်ဖြစ်အောင် စံပြုပုံခိုင်းပြောဆိုလေ့ရှိသော ထိရောက်ကျစ်လျစ်ပြေပြစ်သည့်စကားလို့ အဓိပ္ပာယ်ရပါတယ်။ လောကမှာ သိသင့်သိထိုက် မှတ်သားသင့်တဲ့ မှတ်စရာတွေကို မှတ်သားရလွယ်အောင် စကားပုံတွေအဖြစ် သီကုံးခြယ်လှယ်ထားတဲ့ ဆုံးမစာတွေဖြစ်ပါတယ်။

ရှေးမြန်မာပညာရှိတွေရဲ့ ဆုံးမစာတွေအများကြီးရှိပေမဲ့ တချို့ကိုဖော်ပြလိုပါတယ်။ ရှင်မဟာသီလဝံသရဲ့ တိလောကဟုဆုံးမစာမှာ ကျောင်းသားသူငယ်တွေရဲ့ အနာဂတ်အရေးကို မြော်မြင်တွေးခေါ်ပြီး အသက်ငယ်ရွယ်စဉ်ဘဝကတည်းက လိမ္မာရေးခြားရှိအောင် ဘယ်လိုနေထိုင်ပြောဆိုဆက်ဆံရမယ်ဆိုတာ ဆုံးမထားတာဖြစ်ပါတယ်။

တိလောကဟုဆုံးမစာမှာ မိဦးဘဦး၊ ဆရာ့ဦးကို၊ ဦးချ၍ အလျင်မစားနှင့်။ မိဘဆရာ၊ ထားသည့်ဟာကို၊ မျက်နှာကွယ်လျှင်၊ မယူငင်နှင့်၊ လိုချင်သောအား၊ စားချင်ငြားက၊ ဝတ်တွားခယ၊ တောင်းပါကြ။

ကျောင်းတွင်အိမ်တွင်၊ မသန့်စင်၍၊ မြင်သည်ရှိသော်၊ ယူငင်သိမ်းဆည်း၊ အထဲသို့ငြား၊ ကောင်းကောင်းထား စသဖြင့်လိုက်နာကျင့်ကြံရမဲ့အချက်တွေကို ဆုံးမထားပါတယ်။

ရှင်မဟာရဋ္ဌသာရရဲ့ လက်သစ်တောင်တာ ဆုံးမစာထဲက တချို့ကိုဖော်ပြရရင် -

လက်သစ်တောင်တာ၊ ယူဇနာပေါင်း၊ တာပြန်လောင်းသော်၊ ရှစ်သောင်းလေးထောင်၊ အမြင့်ဆောင်သား၊ တောင်မြင်းမိုရ်ရှိ၊ ဂုဏ်ကြီးဘိသည်၊ မွေးမိဘခင်၊ ကျေးဇူးရှင်နှင့်၊ ထိုပြင်တခြား၊ ဘိုးနှင့်ဘွားကို၊ ဘုရားတဆူ၊ ဂုတလုံးသွင်၊ စိတ်ကထင်လျက်၊ ဦးတင်လက်ထား၊ အစားအဝတ်၊ မလွတ်ရစေ၊ ရေပူရေအေး၊ လိုရာပေး၍၊ မွေးကျွေးကြပေ၊ တထွေမှတ်သား၊ အခါးအချို၊ သူတို့ဆိုလည်း၊ ဘိုးဘွားမိဘ၊ ဆရာစသည်၊ ပြသဆိုထွေ၊ မျိုးတတ်စေ ဆိုတဲ့ မိဘ၊ ဆရာ၊ အဘိုး၊ အဘွားတွေကို လုပ်ကျွေးပြုစုရန်ဆုံးမစာ။

သေတူရှင်ဖက်၊ ဆောင်ရွက်မကင်း၊ အချင်းချင်းတွင်၊ အခင်းကြီးငယ်၊ ရှိခါဝယ်လည်း၊ မဖယ်မသွေ၊ ညီညာကုန်း၍၊ ရုန်းကြလေဆိုတဲ့ စုပေါင်းဆောင်ရွက်ကြဖို့ ဆုံးမစာ။

တယောက်စကား၊ တယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့၊ ချိုလှစေဆိုတဲ့ပြောဆိုမှုဆိုင်ရာဆုံးမစာ။

❖ လူသားတွေမှာ အသိပညာနုနယ်ငယ်ရွယ်သေးတဲ့ ကလေးသူငယ်တွေဟာ ပုံသွင်းပြုပြင်လို့ အကောင်းဆုံးအရွယ်ဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက အလိုလိုက်မပြုပြင်ဘဲထားပါက အရွယ်ရောက်လာချိန်မှာ ပြုပြင်ရခက်ခဲသွားပြီဖြစ်ပါတယ်။ လူ့သဘောသဘာဝအရ လူ့စိတ်ဆိုတာ အစဉ်မကောင်းမှုမှာသာ မွေ့လျော်တတ်ကြတာမို့ အခြေခံကျတဲ့ စိတ်ဆင်ရိုင်းကို ပညာဆိုတဲ့ ဆုံးမစာချွန်းနဲ့ ထိန်းချုပ်ပေးကြဖို့လိုပါတယ်။ စိတ်ဟာ ဆုံးမစာတွေနဲ့နီးစပ်ရင်းနှီးနေသမျှ ယဉ်ကျေးလိမ္မာတဲ့ လူတော်လူကောင်းတွေဖြစ်လာမှာဖြစ်ပါတယ်။ ❖

ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောထွေ၊ မှန်လှစေ ဆိုတဲ့သူတော်ကောင်းအကျင့် ကျင့်ကြံရန် လမ်းပြသည့် ဆုံးမစာတွေ ရေးသားခဲ့ပါတယ်။

သုစိပုဘာဆုံးမစာမှာ သု - စိ - ပု -ဘာ၊ ဝိ - လိ - သိ - ဓာ၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့ဟုလည်းကောင်း ရေးသားဆုံးမခဲ့ပါတယ်။

ကန်တော်မင်းကျောင်းဆရာတော်ရဲ့ လောကသာရဆုံးမစာမှာ အသက်ရှည်စွာ၊ အနာမဲ့ကြောင်း၊ ကောင်းလှစေချင်၊ ပဲ့ပြင်နိစ္စ၊ ကွပ်ဆုံးမသား၊ မိဘဆရာ၊ စကားနာ၍၊ ကျမ်းစာသိမြင်၊ တတ်အောင်သင်လော့၊ ပေါ်လွင်မပြု၊ ကောင်းရာတုလျက်၊ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်စေမင်းဟုလည်းကောင်း။ တောင်ဖီလာဆရာတော်က ဖျက်စု -၂၀၊ ခက်စု -၂၄၊ ခဲစု - ၁၀၊ မမြဲစု- ၆ ဖြင့်လည်းကောင်း။ တွင်းသင်းမင်းကြီးမဟာစည်သူက မျက်ကွယ်မျက်မြင်၊ မဆင်ခြင်၊ လူရှင်သိမည်ကြောက်၊ မေတ္တာကုန်ခန်း၊ စိတ်မချမ်း၊ ညိုးနွမ်းမည်ကိုကြောက်၊ ကိုယ်နှင့်မတန်၊ စကားလွန်၊ မင်းဒဏ်သင့်မည်ကြောက်၊ သစ္စာမမြဲ၊ အကျင့်လွဲ၊ ပါယ်ထဲရောက်မည်ကြောက်၊ လွန်ကျူးသမျှ၊ နောက်နောင်တ၊ ရှိရမည်ကိုကြောက်၊ သေနှင့်အရက်၊ လူကိုဖျက်၊ အရှက်ရမည်ကြောက်၊ မင်း၏ဥစ္စာ၊ အနည်းသာ၊ ပြစ်ဆာရောက်မည်ကြောက်၊ မဟုတ်မလျား၊ သူလှည့်ဖြား၊ မှောက်မှားမည်ကိုကြောက်၊ ရန်သူငါးချက်၊ အခင်းဖျက်၊ သေပျက်မည်ကိုကြောက် ဟူသည့် ကြောက်ကြီး ၉ လုံး ဆုံးမစာကို မှတ်သားရပါတယ်။

အလောင်းမင်းတရားကြီးလက်ထက်မှာ စိန္တကျော်သူဦးဩဟာ မင်းတို့ကျင့်စရာဆုံးမစာတွေကိုရေးသားခဲ့တဲ့အပြင် မင်းခစားမင်းမှုထမ်းတွေ၊ မင်းညီမင်းသားတွေအတွက် ဩဝါဒထူးပျို့ကို ရေးသားဆုံးမခဲ့ပါတယ်။ မကြီးရာသည်ဆယ်ပါး၊ မငယ်ရာသည်ဆယ်ပါး၊ မယုံရာသည်ဆယ်ပါး၊ ချစ်ကြည်ရာသည်ဆယ်ပါး၊ မရှိမသေမထေလေးစား၊ စော်ကားသမှုမပြုရာသည်ဆယ်ပါး၊ မလွှားရာသည်ဆယ်ပါး၊ ရန်မပြုရာသည်ဆယ်ပါး၊ မမေ့မလျော့ရာဆယ်ပါး၊ မပြုအပ်ရာဆယ်ပါး၊ အချင်းသိရာဆယ်ပါး၊ သိအောင်ပြုရာ ဆယ်ပါး၊ တစ်ဆယ့်လေးဖြာဆင်တန်ဆာ၊ ပျက်စီးလေရာဆယ့်သုံးဖြာ၊ မကောင်းရောက်ရာဆယ့်သုံးဖြာ၊ အလိုလိုက်စေရာ ဆယ့်သုံးဖြာ၊ တစ်ဆယ့်နှစ်ဖြာအားမည်ရာ၊ ကဲ့ရဲ့ဖွယ်ရာ ဆယ့်တစ်ဖြာ စတဲ့လောကမှာ သိသင့်သိထိုက် မှတ်သားသင့် မှတ်သားထိုက်သော ဆုံးမစာတွေကို ရေးသားခဲ့ပါတယ်။

မုံရွေးဇေတဝန်ဆရာတော်က မောင်တုတ်ကြီးပေးစာဆုံးမစာတွင် အမြင့်မှာနေလိုလျှင် လေတိုက်၍ကြွေတတ်သည်။ အနိမ့်မှာနေလိုလျှင် မြွေကိုက်၍သေတတ်သည်။ စကားနှစ်တည်ကို၊ ကြံစည်၍ယူလျှင်၊ လူတို့ခွင်မှာ၊ နိမ့်လျှင်လည်းမတော်လွန်း၊ မြင့်လျှင်လည်းမလျော်လွန်း၊ ကြီးလွန်းလျှင်လည်းအလွန်ဝ၊ ငယ်လွန်းလျှင်လည်း အလွန်လျ၊ ဝလွန်းလျှင်လည်း မတင့်တယ်၊ လှလွန်းလျှင်လည်း မသပ္ပါယ်၊ မငယ်မကြီး၊ မနီးမဝေး၊ မနှေးမလျင်၊ တံငါလုလင်၊ မျှားကြိုးငင်သို့၊ ဆင်ခြင်စည်းစောင့်၊ ဝမ်းထဲဖြောင့်လော့ဟု သွန်သင်ခဲ့ပါတယ်။

ဆရာတော်ဦးဗုဓ်ကလဲ လူ့ကျင့်ဝတ်၊ လူ့ဝိနည်းဖြစ်တဲ့ ဂိဟိဝိနယဆုံးမစာမှာ ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား၊ ဤခြောက်ပါးကား၊ သောက်စားသေစာ အပြစ်တည်းဆိုတဲ့ သေရည်သောက်စားခြင်းအပြစ်၊ အချမ်းပြည့်ဝှန်း၊ အလွန်ပူနိုး၊ မိုးချုပ်လှမော၊ စောလွန်းလှယောင်၊ ဆာလောင်ပြင်းလှ၊ ဝမ်းဝလွန်ထွေ၊ ဓနဥစ္စာ၊ မဖြစ်ရာသည်၊ ခြောက်ဖြာပျင်းသူ အပြစ်တည်းဆိုတဲ့ ပျင်းရိခြင်းအပြစ်တွေကို အကောင်းအဆိုး၊ အကြောင်းအကျိုးနှင့်အပြစ်ကို ဖော်ပြပြီး ဆုံးမခဲ့ပါတယ်။

ကျီးသဲလေးထပ်ဆရာတော်က သန်လျက်ဖြစ်ငြား၊ မသွေးထားသော်၊ ချင့်ဓားလိုခါ မတုံးလား၊ ဓမ္မသတ်တရား၊ မသင်ကြားသော်၊ စကားဆိုခါ၊ မရှုံးလား၊ ငယ်ကပျော်လွန်း၊ ကျမ်းဂန်တရား၊ မသင်ငြားသော်၊ မင်းပါးစိုးခွင်၊ မဝင်နိုင်ဘဲ၊ ဆင်းရဲပန်းတောင်း၊ မကောင်းသက်မွေး၊ မယဉ်ကျေးသည်၊ လူရေးလူစမတုံးလားလို့ လူတိုင်းခပ်ပေါ့ပေါ့ မနေသင့်ကြောင်း ကျင့်ဆုံးမခဲ့သည်။ သင်္ဂဇာဆရာတော်ကလည်း သားသမီးကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ လင်ကျင့်ဝတ်၊ မယားကျင့်ဝတ်၊ မိတ်ဆွေကျင့်ဝတ်၊ အရှင်ကျင့်ဝတ်၊ ကျွန်ကျင့်ဝတ်၊ ဒါယကာကျင့်ဝတ်၊ ရဟန်းကျင့်ဝတ်တွေကို သံပေါက်ကဗျာတွေနဲ့ ဆုံးမထားတာ မှတ်သားနိုင်ပါတယ်။

ရှေးခေတ်မြန်မာပညာရှိတွေ၊ ပညာရှိရဟန်းတော်တွေဟာ လူသားတွေ လိမ္မာယဉ်ကျေးမှုရှိအောင် ဆုံးမသွန်သင်ခဲ့ကြသလို လူတွေကလဲ ဆုံးမစာတွေကို လိုက်နာကျင့်ကြံခဲ့ကြတဲ့အတွက် မြန်မာလူမျိုးတွေဟာ လိမ္မာယဉ်ကျေးတဲ့လူမျိုးတွေအဖြစ် ရပ်တည်နိုင်ခဲ့ကြပါတယ်။ ပြောင်းလဲလာတဲ့ မျက်မှောက်ကာလမှာ အထူးသဖြင့် လူငယ်လူရွယ်တချို့ဟာ လိမ္မာယဉ်ကျေးမှု လျော့ပါးလာကြတယ်ဆိုတာ ငြင်းလို့မရပါ။ အမှန်နဲ့အမှား၊ လုပ်သင့်တဲ့အလုပ်နဲ့ မလုပ်သင့်တဲ့အလုပ်ကို မခွဲခြားနိုင်ဘဲဖြစ်လာကြပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့အနာဂတ်လူငယ်လူရွယ်တွေ လိမ္မာယဉ်ကျေးစေဖို့အတွက် ယဉ်ကျေးလိမ္မာသင်တန်းတွေ၊ ကျောင်းသင်ခန်းစာတွေမှာ အလျဉ်းသင့်သလို ထည့်သွင်းသင်ကြားပေးပါက လိမ္မာယဉ်ကျေးတဲ့နိုင်ငံ့သားကောင်းရတနာတွေအဖြစ် နိုင်ငံ့အကျိုးကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ရှေးခေတ်ပညာရှင်ကြီးတွေရဲ့ ဆုံးမစာတွေကို သင်ယူလေ့လာကြဖို့ ရေးသားလိုက်ပါတယ်။

**ကိုးကား**

- **ဟံသာဝတီဆုံးမစာပေါင်းချုပ် (၁၉၆၀ ပြည့်နှစ်)**
- **ဦးပေမောင်တင်၏ မြန်မာစာပေသမိုင်း**

# နွေဂိမ်မှာနှမ်မှာ အလှမပျက်စေဖို့ နေလောင်ကာခရင်(မ်)သုံးစွဲစို့

**ပေါက်ပေါက်**



နေရောင်ထဲမှာပါလာတဲ့ ခရမ်းလွန်ရောင်ခြည်ဟာ အရေပြားရဲ့အနက်ရှိုင်းဆုံးထိ ထိုးဖောက်ဝင်ရောက်ပြီး အရေပြားဆဲလ်တွေကို တိုက်ခိုက်ပါတော့တယ်။ ဒါကြောင့် တစ်နေ့တခြား သိသိသာသာပူနွေးလာတဲ့ ကမ္ဘာကြီးအတွက် သင့်အသားအရေကို ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကနေ ကာကွယ်ထားဖို့ လိုပါပြီ။

**UV rays ဆိုသည်မှာ**

ခရမ်းလွန်ရောင်ခြည်လို့ခေါ်နေတဲ့ Ultraviolet (UV) မှာ UVA နဲ့ UVB ဆိုပြီး နှစ်မျိုးရှိပါတယ်။ UVA က အိုမင်းရင့်ရော်တာကိုဖြစ်စေတဲ့အပြင် အရေပြားအောက်ခြေရှိ Collagen ကို ပျက်စီးစေပြီး အသားအရေအဖတ်လန်တာ၊ ခြောက်သွေ့တာနဲ့ အရွယ်မတိုင်မီ အရေပြားအိုမင်းတာကိုဖြစ်စေပါတယ်။ UVB က နေလောင်တာကိုဖြစ်စေတာကြောင့် ဖြစ်နိုင်ရင် မနက် ၁၀ နာရီကနေ ညနေ ၄ နာရီအတွင်း နေပူဒဏ်မခံရင် အကောင်းဆုံးပါပဲ။

ခရမ်းလွန်ရောင်ခြည်ဒဏ်သက်သာစေဖို့ နေပူထဲထွက်တဲ့အခါမှာ ချည်သားအဝတ်အထည် ချောင်ချောင်ပွပွတွေကိုပဲ ဝတ်ဆင်ပါ။ အရောင်ဖျော့ဖျော့လေးတွေ ရွေးဝတ်ပါ။ ဦးထုပ်၊ ထီးဆောင်းပါ (UV ကာကွယ်တဲ့ ရောင်ပြန်ထီးတွေက လုံခြုံမှုကို ပေးပါတယ်)။ မျက်စိအမြင်အာရုံတစ်ခုလုံးကိုဖုံးအုပ်ပေးနိုင်တဲ့ နေကာမျက်မှန်ကြီးကြီးတပ်ပါ။ နေပူခံခရင်(မ်)တွေလိမ်းပေးပါ။ ရော်ဘာဖိနပ်တွေမစီးပါနဲ့။

**Sunscreen ဆိုသည်မှာ**

Sunscreen ဆိုတာ နေလောင်ဒဏ်ကာကွယ်ပေးတဲ့ ခရင်(မ်)တစ်မျိုးပါ။ တကယ်လို့ Sunscreen ကို ကြိုတင်လိမ်းထားရင် အဲဒီခရင်(မ်)က ခရမ်းလွန်ရောင်ခြည်တွေ အရေပြားထဲကို ဝင်မလာအောင် ဆီးကြိုစုပ်ယူပြီးတော့ ပြင်ပကိုပြန်ကန်တိုက်ထုတ်ပေးတဲ့အတွက် အသားအရေပေါ် မလိုလားအပ်တဲ့ အမည်းစက်ပြောက်တွေ၊ အရေပြားတွန့်တာတွေဖြစ်မလာစေတော့ပါဘူး။ Sunscreen ကို မိတ်ကပ်အောက်ခံအဖြစ် သုံးနိုင်ပါတယ်။ ဒါပေမဲ့ အလှကုန်ဈေးကွက်ထဲမှာရောင်းနေတဲ့ Sunscreen အများစုဟာ UVB ကိုကာကွယ်ဖို့အတွက်ပဲ အဓိကထားထုတ်လုပ်လေ့ရှိတာကြောင့် ပစ္စည်းဝယ်တဲ့အခါ ဘူးခွံပေါ်မှာ ' PA + ' စာတန်းပါတဲ့အမျိုးအစားကို ရွေးဝယ်ခြင်းဖြင့် UVA နဲ့UVB နှစ်မျိုးစလုံးကို ကာကွယ်ပေးပါလိမ့်မယ်။

**SPF နံပါတ်ဆိုသည်မှာ**

UVB ကြောင့် အသားအရေပျက်စီးတာကို ကာကွယ်ပေးနိုင်တဲ့ နေလောင်ကာခရင်(မ်)ရဲ့ စွမ်းဆောင်နိုင်မှုအဆင့်အတန်းကို Sun Protection Factor(SPF) နံပါတ်တွေနဲ့ စံညွှန်းထားသတ်မှတ်လေ့ရှိပါတယ်။ ဥပမာအားဖြင့် SPF 50 ကိုလိမ်းထားတဲ့သူက နေလောင်ကာခရင်(မ်) လုံးဝမလိမ်းတဲ့သူထက် ခရမ်းလွန်ရောင်ခြည်ဒဏ်ကို အဆ ၅၀ ကာကွယ်ရာရောက်တယ်လို့ အဓိပ္ပာယ်ပါတယ်။ ဒါကြောင့် SPF ပမာဏများတဲ့ နေလောင်ကာခရင်(မ်) လိမ်းထားနိုင်လေ အသားအရေကို ပိုမိုကာကွယ်နိုင်လေပါပဲ။

**UVA ပါဝင်မှုဆိုသည်မှာ**

အလှကုန်ပစ္စည်းတွေအတွက် UVA ကို PA လို့ နာမ်စားသုံးစွဲခေါ်ဝေါ်လေ့ရှိပါတယ်။ UVA အကာအကွယ်ပါဝင်နှုန်း အနည်း၊ အများပမာဏကိုတော့ ခရင်(မ်)ဘူးခွံတွေပေါ်မှာ PA+ ဒါမှမဟုတ် PA++ ဒါမှမဟုတ် PA+ + + စသဖြင့်ဖော်ပြလေ့ရှိပါတယ်။ “ + ” ပါဝင်မှုများလေ နေရောင်ခြည်ကြောင့် အသားအရေပျက်စီးမှုကို ပိုမိုကာကွယ်နိုင်လေပါပဲ။

**နေလောင်ကာကရင်မ်ရွေးချယ်နည်း**

နေလောင်ကာခရင်(မ်)တွေကို အိမ်ပြင်ကိုမထွက်ခင် အနည်းဆုံးမိနစ် ၂၀ လောက် ကြိုလိမ်းထားပေးရပါမယ်။

**(က) မွေးရာပါအသားမည်းသူများအတွက်**

အသားမည်းသူတွေမှာ သဘာဝတရားကြီးရဲ့လက်ဆောင်အဖြစ် အသားအရောင်ဖျော့သူတွေထက် အသားအရေဖွဲ့စည်းကြံ့ခိုင်မှုသိပ်သည်းဆ ပိုရှိနေကြပါတယ်။ ဒါကြောင့် SPF 10 PA+ ဒါမှမဟုတ် SPF 15 PA+ လောက်ပဲသုံးပေးနိုင်ပါတယ်။

**(ခ) ရုံးတက်၊ ကျောင်းတက်သူများအတွက်**

အများအားဖြင့် ရုံးတက်၊ ကျောင်းတက်သူတွေဟာ နေပူထဲတစ်နေကုန်မထွက်ကြရပါဘူး။ ရုံးသွား၊ ကျောင်းပြန်အချိန်လောက်ပဲ နေပူထဲထွက်ရပြီး ကျန်တဲ့အချိန်တွေမှာ နေရိပ်ထဲ ဒါမှမဟုတ် Aircon ခန်းထဲနေရသူတွေဖြစ်တာကြောင့် ခရမ်းလွန်ရောင်ခြည်ဒဏ်ကို ရာနှုန်းပြည့်မခံရလို့ SPF 24 PA++ ဒါမှမဟုတ် SPF 30 PA+ အမျိုးအစားခရင်(မ်)ကို နေ့စဉ်လိမ်းပေးရုံနဲ့ လုံလောက်ပါပြီ။

**(ဂ) နေ့စဉ်နေပူထဲ မကြာခဏထွက်နေရသူများအတွက်**

ခရမ်းလွန်ရောင်ခြည်သင့်ခံရသူဖြစ်တာကြောင့် မျက်နှာအစ ခြေဖျားအဆုံး နေလောင်ကာခရင်(မ်) လိမ်းပေးထားသင့်ပါတယ်။ အဲဒီသူတွေအတွက် အသင့်တော်ဆုံးခရင်(မ်)တွေက SPF 30 PA++ ဒါမှမဟုတ် SPF 50 PA+++ တို့ဖြစ်ပါတယ်။

**(ဃ) အလည်အပတ် ဈေးဝယ်ထွက်သူများအတွက်**

အလည်အပတ်ဈေးဝယ်ထွက်သူတွေ၊ ဘုရားသွားကျောင်းတက်သူတွေက နေရိပ်ထဲဝင်လိုက် နေပူပူအောက်ရောက်လိုက်ဖြစ်တာကြောင့် ခရမ်းလွန်ရောင်ခြည်ဒဏ်ကို ရာနှုန်းပြည့်မခံရပေမဲ့ နေလောင်ဒဏ်ကြောင့် အသားအရေပျက်စီးနိုင်တာမို့ မပေါ့ဆသင့်ပါဘူး။ အိမ်ပြင်မထွက်ခင်ကတည်းက SPF 30 PA++ ကို ကြိုလိမ်းသွားပါ။

**(င) အားကစားလိုက်စားသူများအတွက်**

ဥပမာ နေပူပူအောက်စက်ဘီးစီးသူတွေ၊ တာဝေးအပြေးသမားတွေ၊ တောင်တက်သူတွေဟာ ခရမ်းလွန်ရောင်ခြည်ကို အပြည့်အဝခံစားရတဲ့အပြင် ချွေးထွက်လွန်သူတွေဖြစ်တာကြောင့် မိမိအသားအရေကို ကောင်းစွာ မစောင့်ရှောက်နိုင်ရင် အရေပြားပျက်စီးတတ်တဲ့အပြင် အရေပြားကင်ဆာထိဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် နေလောင်ကာခရင်(မ်)ကို လိမ်းလေ့လိမ်းထမရှိတဲ့ နားရွက်နောက်ဘက်ကိုလဲ ချန်မထားသင့်ပါဘူး။ နေရောင်ခြည်နဲ့ထိတွေ့မှု အများဆုံးနေရာဖြစ်တဲ့ နှာခေါင်းနဲ့ လက်မောင်းအပေါ်ဘက်ပိုင်းတွေကို ခရင်(မ်)ပိုလိမ်းပါ။

အိမ်ကနေမထွက်ခင် SPF 50 PA+++ ကို တစ်ကိုယ်လုံးလိမ်းပေးရုံသာမက ခရင်(မ်)ဘူးကို မိမိနဲ့အတူ တစ်ပါတည်းယူဆောင်သွားပြီး နေပူထဲထွက်ရှိမှုကြာချိန်ပေါ် မူတည်ပြီး ၂ နာရီ၊ ၃ နာရီခြား တစ်ကြိမ် ခရင်(မ်)ထပ်မံလိမ်းပေးပါ (လှေလှော်ရွက်တိုက်သူတွေ၊ ရေကူးသူတွေက Water Proof Sunscreen SPF 50 PA+++ ကိုရွေးချယ်သုံးစွဲပါ)။

**(စ) အပန်းဖြေကမ်းခြေ ထွက်လည်သူများအတွက်**

နေလောင်ဒဏ်အပြင် ရေလောင်ဒဏ်ပါခံစားရတာကြောင့် ရေစိုခံနေရောင်ခြည်ကာ ခရင်(မ်)အမျိုးအစားဖြစ်တဲ့ (Water Proof Sunscreen) ကိုပဲ ရွေးချယ်ပေးပါ။ SPF 50 PA+++ ကိုသုံးပါ။ အဲဒီထက် ပမာဏများတဲ့နေလောင်ကာခရင်(မ်)ကိုသုံးနိုင်ရင် အကောင်းဆုံးဖြစ်ပါတယ်။

အဲဒီ ရေစိုခံနေရောင်ခြည်ကာခရင်(မ်)အမျိုးအစားဖြစ်တဲ့ (Water Proof Sunscreen) က ယောကျ်ားလေး၊ မိန်းကလေး အားလုံးသုံးစွဲသင့်တဲ့ နေလောင်ကာအမျိုးအစားဖြစ်ပါတယ်။

**❖ ဥပမာ နေပူပူအောက် စက်ဘီးစီးသူတွေ၊ တာဝေးအပြေးသမားတွေ၊ တောင်တက်သူတွေဟာ ခရမ်းလွန်ရောင်ခြည်ကို အပြည့်အဝခံစားရတဲ့အပြင် ချွေးထွက်လွန်သူတွေဖြစ်တာကြောင့် မိမိအသားအရေကို ကောင်းစွာမစောင့်ရှောက်နိုင်ရင် အရေပြားပျက်စီးတတ်တဲ့အပြင် အရေပြားကင်ဆာထိ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် နေလောင်ကာခရင်(မ်)ကို လိမ်းလေ့လိမ်းထမရှိတဲ့ နားရွက်နောက်ဘက်ကိုလဲ ချန်မထားသင့်ပါဘူး။ နေရောင်ခြည်နဲ့ထိတွေ့မှု အများဆုံးနေရာဖြစ်တဲ့ နှာခေါင်းနဲ့ လက်မောင်းအပေါ်ဘက်ပိုင်းတွေကို ခရင်(မ်)ပိုလိမ်းပါ။ ❖**

**နေလောင်ကွက်များသက်သာပျောက်ကင်းနည်း**

သကြၤန်ရေကစားပြီးနောက်ဖြစ်လာတဲ့ နေလောင်ကွက်တွေကို ညတွင်းချင်း သက်သာပျောက်ကင်းစေတဲ့ နည်းလမ်းကောင်းလေးတွေရှိပါတယ်။ သန့်ရှင်းတဲ့ ချည်သားအဝတ်စ၊ ပန်းသီးရှလကာရည်နဲ့ အမွှေးရနံ့မပါတဲ့ သဘာဝအုန်းဆီစစ်စစ် စတာတွေ လိုအပ်ပါတယ်။

ရှေးဦးစွာ ချည်သားအဝတ်စကို စိုစွတ်သွားအောင် ရေဇလုံတစ်ခုထဲနှစ်စိမ်ပြီး အဲဒီရေတွေကုန်စင်အောင်ညှစ်ပါ။ ပြီးရင် အဝတ်စကို ပန်းသီးရှလကာရည်ပက်ဖျန်းပြီးတော့ အဲဒီအဝတ်စနဲ့ နေလောင်ကွက်ပေါ် အသာအယာဖိပြီး ကြပ်ထုပ်ထိုးပေးပါ။ ချက်ချင်းဆိုသလို နာကျင်မှုဝေဒနာတွေ သက်သာသွားပါလိမ့်မယ်။ ကြပ်ထုပ်ထိုးပြီးနောက် အရေပြားခြောက်သွေ့သွားအောင် ၁၀ မိနစ်လောက်စောင့်ပြီး အုန်းဆီနဲ့ နေလောင်ကွက်ပေါ် ခပ်သာသာဖိ၍ အသားထဲစိမ့်ဝင်သွားအောင်လိမ်းပေးပါ။

နံနက်အိပ်ရာထတဲ့အခါ နေလောင်ကွက်တွေ သိသိသာသာလျော့ပါးသွားတာကို မြင်တွေ့ရပါလိမ့်မယ်။ နောက်နေ့တွေမှာလဲ အုန်းဆီဆက်လက်လူးပေးခြင်းဖြင့် နေလောင်အရေပြားတွေ အလွှာလိုက်ကွာကျသွားစေပါတယ်။

နေလောင်ကွက်တွေကို သက်သာစေတဲ့ တခြားအိမ်တွင်းကုထုံးလေးတွေကတော့-

- ကွေကာအုတ်အခြောက်ကို ချည်သားအဝတ်အိတ်သန့်သန့်ထဲထည့်ပြီး ရေဇလုံတစ်ခုထဲ နှစ်စိမ်ပါ။ ကွေကာအုတ်အရည်ရစေဖို့ အဝတ်အိတ်ကို အဲဒီဇလုံထဲမှာပင် ညှစ်ယူပါ။ ရလာတဲ့ ကွေကာအုတ်အရည်နဲ့ နေလောင်ကွက်တွေပေါ် နှစ်နာရီခြား တစ်ခါလိမ်းပေးပါ။
- အဆီထုတ်ထားတဲ့ နွားနို့တစ်ခွက်ကို ရေလေးခွက်ရောပြီး ရေခဲတုံးအနည်းငယ်ထည့်ပါ။ အဲဒီနို့ရည်အေးအေးနဲ့ နေလောင်ကွက်တွေပေါ် ၁၅ မိနစ် တစ်ကြိမ်စီလိမ်းပေးပါ။
- ပြောင်းဖူးကော်မှုန့် ခေါ် Cornstarch ကို ရေနည်းနည်းနဲ့ ပျစ်အောင်လုပ်ပြီး နေလောင်ကွက်ပေါ် လိမ်းပေးနိုင်ပါတယ်။
- ဆလတ်ရွက်ကိုပြုတ်ပြီး ရလာတဲ့အရည်နဲ့ နေလောင်ကွက်တွေပေါ်လိမ်းပေးပါ။ (ပိုလျှံတဲ့ ဆလတ်ရွက်ပြုတ်ရည်တွေကို ရေခဲသေတ္တာထဲ သိမ်းထားပြီး နောက်နေ့ဆက်သုံးနိုင်ပါတယ်)။
- နေလောင်ကွက်တွေပေါ် ဒိန်ချဉ်လိမ်းပေးပြီးနောက် ရေအေးနဲ့ရေချိုးပါ။
- တစ်ခါသောက် လက်ဖက်ခြောက်ထုပ်တွေကို ရေနွေးစိမ်သောက်ပြီးနောက် စွန့်မပစ်ပါနဲ့။ လက်ဖက်ခြောက်ထဲမှာပါရှိတဲ့ Tannic အက်စစ်ဓာတ်တွေက မျက်ခွံမို့ရောင်ကိုင်းတာနဲ့ နေလောင်ကွက်တွေကို ပျောက်ကင်းစေနိုင်လို့ပါပဲ။ အဲဒီလက်ဖက်ခြောက်ထုပ်တွေကို အအေးခံပြီး သုံးပေးနိုင်ပါတယ်။
-သနပ်ခါးအနှစ်တုံးလေးကို ကျောက်ပျဉ်ပေါ် သွေးပြီး ညအိပ်ရာဝင်ခါနီး လိမ်းအိပ်ပါ။

အလှအပမြတ်နိုးသူတိုင်း လှသည်ထက်ပိုပြီး လှနိုင်ကြပါစေ။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း စေတီဘုရား ၁၀ ဆူတွင် ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန်(Pagoda Digital Directory)များ တပ်ဆင်ပေးသွားမည်



**ရန်ကုန် ဧပြီ ၂၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း စေတီဘုရား ၁၀ ဆူတွင် ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန် (Pagoda Digital Directory) များ တပ်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သတင်းများအရ သိရသည်။

အဆိုပါ Pagoda Digital Directoryများ တပ်ဆင်ဆောင်ရွက်ပေးသွားမည့် စေတီဘုရားများမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗိုလ်တထောင်စေတီတော်၊ ဆူးလေစေတီတော်၊ လောကချမ်းသာအဘယလာဘမုနိကျောက်တော်ကြီးဘုရား၊ မယ်လမုဘုရား၊ ကျိုက်ကလော့စေတီတော်၊ ကျိုက္ကဆံစေတီ၊ ကမ္ဘာအေးစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ သန်လျင်ကျိုက်ခေါက်စေတီတော်၊ တွံတေးမြို့ရှိ ရွှေဆံတော်စေတီတော်တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ စေတီဘုရားများကို Pagoda Digital Directory များ တပ်ဆင်ဆောင်ရွက်ပေးခြင်းသည် အဆိုပါစေတီဘုရားများ၏ သမိုင်းအချက်အလက်များ၊ စေတီဘုရားများနှင့် ပတ်သက်သည့် အကြောင်းအရာများကိုတစ်နေရာတည်းတွင် တစ်စုတစ်ဝေးတည်း လေ့လာကြည့်ရှုနိုင်စေရန်၊ ဘုရားဖူးလာရောက်မှု တိုးမြင့်လာစေရန်၊ နိုင်ငံတကာဘုရားဖူးခရီးသွားများကို ဆွဲဆောင်နိုင်စေရန်နှင့် နိုင်ငံတကာအဆင့်မီဖြစ်လာစေရန် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

Pagoda Digital Directory အတွက်စက်ကိရိယာများကို တရုတ်နိုင်ငံ နည်းပညာစက်ကိရိယာများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ လုပ်ငန်းအစီအမံများကို ဧပြီလမှ စတင်ကာ သုံးလအတွင်း ပြီးစီးရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ တန်ခိုးကြီးစေတီဘုရား အဆူ ၃၀ ခန့်ရှိရာ အဆိုပါ စေတီဘုရားများအနက် စေတီဘုရား ၁၀ ဆူတွင် Pagoda Digital Directory အစီအစဉ်များဆောင်ရွက်ပြီးပါက ကျန်စေတီဘုရားများတွင် Pagoda Digital Directoryများ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ အဆိုပါ Pagoda Digital Directoryကို သက်ဆိုင်ရာစေတီဘုရားများနှင့် ပတ်သက်သည့်လမ်းညွှန်ချက်များ၊ သက်ဆိုင်ရာ စေတီဘုရားများနှင့် ပတ်သက်သည့် အကြောင်းအရာအချက်အလက်များကို စွယ်စုံကျမ်းစာအုပ်တစ်အုပ် ဖတ်နေရသကဲ့သို့ ဗဟုသုတရအောင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ သတင်းများအရ သိရသည်။

(၃၃၆)

# ကျွန်းလှမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးထားသော ပြောင်းဖူးစား ၁၂၁၅ ဧက ရိတ်သိမ်းပြီးစီး



**ကျွန်းလှ ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပြောင်းဖူးစား ၁၂၁၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပြောင်းဖူးစားများကို ယခုနှစ်ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၂၁၅ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီက ကျွန်းလှမြို့နယ်မှာ ပြောင်းဖူးစား ၁၂၁၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ ဖူးစားပြောင်းတွေကို ရိတ်သိမ်းရာမှာ ဒီနေ့ထိ စိုက်ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေအောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ပြောင်းသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၂၀၆)







# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

## မိသားစုဘဝ လုံခြုံစိတ်ချဖို့

## ကျန်းမာရေးအာမခံ

## ထားကြစို့!











We Protect The Family

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## လူငယ်များနှင့် စိတ်ကြွမှုးယစ်ဆေးများအန္တရာယ်

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဝန်ကြီးဌာန

- ယာဘာ၊ ရာမ၊ မြင်းဆေး၊ အိုက်စ် (ice)စတဲ့ စိတ်ကြွမှုးယစ်ဆေးပြားများသည် မက်သမ်ဖီတမင်း (methamphetamine) နှင့် ကဖင်း (caffeine) တို့ ပေါင်းစပ်ထားပြီး စပျစ်သီး/ လိမ္မော်သီး/ ချောကလက်နံ့တို့ကဲ့သို့ **လူငယ်များကိုဆွဲဆောင်နိုင်မည့်** ရနံ့တစ်မျိုးမျိုး ထည့်သွင်းထားပါတယ်။
- ဒီဆေးတွေက ဗဟိုအာရုံကြောစနစ်အတွင်းရှိ Dopamine ကဲ့သို့သော အာရုံကြောဆက်သွယ်ဓါတုပစ္စည်း (neurotransmitter) များအား **သဘာဝကိုဆန့်ကျင်၍** များပြားစေကာ စိတ်ခံစားကြွမှုဖြစ်စေနိုင်ပါတယ်။ သို့သော်လည်း ဒီလိုစိတ်ခံစားတက်ကြွနေစေရန် ဆေးချိန်ကိုတိုးသည် ထက်တိုး၍ သုံးစွဲလာရပြီး **ရေရှည်မှာဦးနှောက်နှင့်ဗဟိုအာရုံကြောစနစ်ကို လုံးဝပျက်စီးစေပါတယ်။**
- ဒီဆေးတွေကြောင့် ကိုယ်အပူချိန်တိုးခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ အော့အန်ခြင်းနှင့် ရုတ်တရက်သေဆုံးခြင်းတို့ ဖြစ်ပွားနိုင်တယ်။ ဆေးကိုပုံမှန်မသုံးစွဲရပါက အိပ်မပျော်ခြင်း၊ စိုးရိမ်စိတ်လွန်ခြင်း၊ သံသယစိတ်များခြင်းမှ မိမိကိုယ်ကိုသတ်သေသည်အထိ စိတ်ခံစားကျခြင်းတို့ ဖြစ်ပွားနိုင်ပါတယ်။



WY ဆေးပြားများ



ICE စိတ်ကြွမှုးယစ်ဆေးတစ်မျိုး

- ရေရှည်သုံးစွဲခြင်းကြောင့် သွားများပျက်စီးခြင်း၊ နှာခေါင်းအတွင်းသားများ ပျက်စီးခြင်း၊ နှလုံး/ အသည်း/ ကျောက်ကပ်/ အဆုတ်ရောဂါများ ဖြစ်ပွားခြင်း၊ သွေးတိုးခြင်း၊ လေဖြတ်ခြင်း၊ ကိုယ်ခံအားကျဆင်း၍ ရောဂါပိုးအမျိုးမျိုး အလွယ်တကူဝင်ရောက်ခြင်း၊ မှတ်ဉာဏ်ဆုံးရှုံးခြင်းနှင့် ရူးသွပ်ခြင်းတို့ ဖြစ်ပွား၍ **သက်တမ်းစေ့မနေရဘဲ စောစီးစွာသေဆုံးစေပါတယ်။**
- ဒါ့အပြင် **ပညာရေး/ လူမှုရေး/ စီးပွားရေးနိမ့်ကျခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း**၊ တရားဥပဒေအရ ပြစ်မှုမြောက်ခြင်းကြောင့် **အကျဉ်းထောင်ကျ၍ပြစ်ဒဏ်ခံရခြင်းတို့ကို** ဖြစ်ပွားစေပါတယ်။



မူးယစ်ဆေးသုံးစွဲခြင်းကြောင့် မျက်စိသွေးကြောများရောင်ရမ်းနေပုံ



မူးယစ်ဆေးသုံးစွဲခြင်းကြောင့် သွားများပျက်စီးနေပုံ

**လူငယ်သဘာဝ အသစ်အဆန်းကိုမြင်လျှင် စမ်းသပ်ရူ စမ်းလိုစိတ်အား ရောင်းချသူများမှ အခွင့်ကောင်းယူကာ နည်းလမ်းပေါင်းစုံသုံး၍ ဖြားယောင်းတတ်သည်ကို အထူးဂရုပြု၍ စိတ်ကြွမှုးယစ်ဆေးပါးများအား လုံးဝရှောင်ကြဉ်ပါ**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

